
International Foundation
for Electoral Systems

# ဘေးကင်းလုံခြုံစွာ ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ရွေးကောက်ပွဲများ



# ဘေးကင်းလုံခြုံစွာ ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် ရွေးကောက်ပွဲများ


ရေးသားသူများ

Fernanda Buril, Ph.D.

Senior Research Officer, IFES

Staffan Darnolf, Ph.D.

Senior Global Electoral Operations and Administration Advisor, IFES

Muluken Aseresa, M.D.

Senior Technical Advisor, Management Sciences for Health

ဦးဆောင်တည်းဖြတ်သူ

Erica Shein

Director of the Center for Applied Research and Learning, IFES

တည်းဖြတ်သူများ

Chad Vickery

Vice President of Global Strategy and Technical Leadership, IFES

Angela Canterbury

Director of Strategic Communication and Advocacy, IFES

IFES COVID-19 ရှင်းလင်းချက်စာတွဲများ – လုံခြုံဘေးကင်းစွာ ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ရွေးကောက်ပွဲများ

မူပိုင်ခွင့် @ 2020 International Foundation for Electoral Systems. All rights reserved.

ခွင့်ပြုမှုကြေညာချက် – ဤစာတမ်း၏မည်သည့်အစိတ်အပိုင်းကိုမျှ မည်သည့် ပုံစံ သို့မဟုတ် မိတ္တူကူးခြင်း၊ အသံသွင်းခြင်း အပါအဝင် မည်သည့် လျှပ်စစ်အခြေပြုနှင့် စက်ကိရိယာအခြေပြု နည်းလမ်းများဖြင့်လည်းကောင်း၊ မည်သည့် သတင်းအချက်အလက်သိမ်းဆည်းထားသိုမှုနှင့်ပြန်လည်ရယူမှုစနစ်အားဖြင့်လည်းကောင်း IFESထံမှစာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရှိပဲ ပြန်လည်ထုတ်ဝေခြင်းမပြုရ။

ခွင့်ပြုချက်တောင်းခံရာတွင်အောက်ပါသတင်းအချက်အလက်များပါဝင်သင့်သည်။

- မိတ္တူကူးခွင့်ပြုရန်အလိုရှိသည့် ဝတ္ထုပစ္စည်းအကြောင်းဖော်ပြချက်
- မိတ္တူကူးလိုက်သောပစ္စည်းအား မည်သည်အတွက်အသုံးပြုမည်နှင့် မည်သို့အသုံးပြုမည်
- သင်၏အမည်၊ ရာထူး၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအမည်၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ် နှင့် လိပ်မူလိပ်စာ။ ခွင့်ပြုချက်တောင်းခံစာများအားလုံးကို

International Foundation for Electoral Systems
2011 Crystal Drive, Floor 10
Arlington, VA 22202
Email : editor@ifes.org
Phone: 202.350.6701

# မာတိကာ

ဥပဒေသျာဇဉ် .............................................................................. ၁
ကျေးဇူးတင်လွှာ .............................................................................. ၂
အနှစ်ချုပ်ဖော်ပြချက် .............................................................................. ၃
မိတ်ဆက် .............................................................................. ၉
  အများပြည်သူလူထုကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ရွေးကောက်ပွဲများ .............................................................................. ၉
  COVID-19 ဆိုသည်မှာ အဘယ်နည်း။ .............................................................................. ၁၁
  စာတမ်း၏ ရည်ရွယ်ချက်နှင့် ပုံစံ .............................................................................. ၁၄
အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ .............................................................................. ၁၅
  COVID-19 ကပ်ရောဂါကာလအတွင်း အများပြည်သူကျန်းမာရေးထိခိုက်နိုင်မှုအန္တရာယ်များအား
  လျှော့ချရေးအတွက် အထွေထွေစဉ်းစားချက်များ .............................................................................. ၁၅
  ကျန်းမာရေးဆိုင်ရာ အာဏာပိုင်များနှင့် အခြားသက်ဆိုင်ရာအသင်းအဖွဲ့ဌာနများနှင့်
  ပူးပေါင်းညှိ နှိုင်းဆောင်ရွက်ခြင်း .............................................................................. ၁၇
  အဆင့် ၁ – ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်များ .............................................................................. ၁၈
  အဆင့် ၂ – ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲနောင်းပိုင်း လုပ်ငန်းစဉ်များ.............................................................................. ၃၅
  လေ့လာစောင့်ကြည့်ခြင်းနှင့် အရည်အသွေးစိစစ်ကွပ်ကဲခြင်း.............................................................................. ၄၃

# ဥယျောဇဉ်

COVID-19 (ကိုဗစ်ကမ္ဘာ့ကပ်ရောဂါ) သည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အသက်ရှင်သန်မှုဘဝများ၊ စီးပွားရေးနှင့် ကျန်းမာရေးစနစ်များအပေါ် ဆိုးရွားစွာပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းသည် ဒီမိုကရေစီအတွက်လည်း ခက်ခဲမှုရှိသောကာလတစ်ခုသို့ ရောက်ရှိလာစေပါသည်။ ဆယ်စုနှစ် နှစ်စုခန့်မျှကြာမြင့်ခဲ့ပြီးပထမဆုံးအကြိမ်အနေဖြင့် နိုင်ငံအများစု - V-Dem 2020 ဒီမိုကရေးစီအစီရင်ခံစာ[၁]အရ ၉၂ နိုင်ငံ - တို့သည် အာဏာရှင်စ နစ်ဖြင့်အုပ်ချုပ်သည့် နိုင်ငံများအဖြစ်စာရင်းရှိလာသည်။ "အာဏာရှင်စနစ်ဖော်ဆောင်မှုတတိယမြောက်လှိုင်း" သည်ဒီမိုကရေစီခိုင်မာသည်ဟု ယူဆရသော ဒေသများ၌ပင် လွှမ်းမိုးသက်ရောက်ခံခဲ့ရသည်။ ယခုအခါ COVID-19 (ကိုဗစ်ကမ္ဘာ့ကပ်ရောဂါ) အကျပ်အတည်းသည် အာဏာရှင်ဖြစ်မည့်သူများအား အစိုးရဖွဲ့စည်းပုံများအပေါ် အမိအရကိုင်တွယ်နိုင်ရန်နှင့် လူ့အခွင့်အရေးအကာအကွယ်ပေးခြင်းများကို ချစားတိုက်ဖျက်ရန် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ သည်။

ဤသို့စိန်ခေါ်မှုများသောကာလများတွင် အများပြည်သူအာဏာပိုင်များ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ ပူးပေါင်းပြီး နိုင်ငံသားများ၏ကျန်းမာရေးနှင့် ၎င်းတို့၏ ဒီမိုကရေစီစနစ်တို့ကို အကာအကွယ်ပေးရန် လွန်စွာအရေးကြီးပါသည်။ ယင်းသို့လုပ်ဆောင်ရန်အတွက် ရွေးကောက်ပွဲများသည် ဒီမိုကရက်တစ်အသင်းအဖွဲ့များနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ကျဉ်းပေးသဖြင့် မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းဖြစ်ပါသည်။ ယင်းသို့ အကျပ်အတည်းကာလများတွင် ရွေး ကောက်ပွဲများအား တလွဲကိုင်တွယ်ခြင်းသို့မဟုတ် လှည့်ဖြားခြင်းတို့သည် အခြေခံလွတ်လပ်ခွင့်များ ဆွေ့မြေ့ပျက် သုဉ်းခြင်း၊ အာဏာပါဝါနှင့် အကျင့်ပျက်ချစားခြင်းများ အမြစ်တွယ်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ဤအကျပ်အတည်းကိုဖြေရှင်းနေသည့် ရွေးကောက်ပွဲဆိုင်ရာဦးဆောင်သူများအနေဖြင့် နောင်ဖြစ်လာမည့်အရာများကို ကြိုတင်ပြင်ဆင်ရင်း ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားနှင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရမည်ဖြစ်သည်။ တုံ့နှေးနေပါက ဆိုင်းငံ့ထားရသော သို့မဟုတ် အားနည်းစွာပြင်ဆင်ကျင်းပရသော ရွေးကောက်ပွဲများကြောင့် အများပြည်သူ ကျန်းမာရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ အပေါ် ထိခိုက်မှုများရှိခြင်းကို တားဆီးရန်အခါလင့်သွားနိုင်ပါသည်။ ၎င်းတို့၏ ဘေးကင်းလုံခြုံပြီး ယုံကြည်ကိုးစားနိုင်မှု ရှိသောရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးဖြစ်ပေါ်ရန်ရည်ရွယ်ချက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများအားလမ်းညွှန်ပြသပေးနိုင်ရန်အတွက် ကမ္ဘာတစ်ဝှမ်း ရွေးကောက်ပွဲဆိုင်ရာစီမံ ခန့်ခွဲမှုအဖွဲ့များ၏ ယုံကြည်စိတ်ချရသောမိတ်ဖက်အဖွဲ့ဖြစ်သည့် International Foundation for Electoral System (IFES) အနေဖြင့် တိကျသောသတင်းအချက်အလက်များနှင့် ကောင်းမွန်သော နည်းပညာအကြံပြုမှုများ ပေးအပ်ရန် အင်တိုက်အားတိုက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ အများပြည်သူကျန်းမာရေး ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းပြီး ထုတ်လုပ်ထားသည့် ဤစာတမ်းသည် စိန်ခေါ်မှုအသစ်များအား လက်ခံလုပ်ဆောင်ရန်နှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အတွေ့အကြုံများမှ သင်ယူရင်းပိုမိုတိုးတက်ကောင်းမွန်မှုများဖြစ် ပေါ်လာစေရန် ကျွန်ုပ်တို့၏ ဆက်လက်ကြိုးပမ်းမှုများထဲမှ ရလဒ်တစ်ခု ဖြစ်သည်။ အစဉ်အမြဲလိုပင် မိမိတို့အ နေဖြင့် အခက်အခဲအတားအဆီးများကို အတူတကွဖြတ်ကျော်ပြီး အားလုံးအတွက် ဒီမိုကရေစီကိုဆောက်တည် သွားကြပါမည်ဟု ယုံကြည်ပါသည်။

Antony N.Banbury

IFES ဥက္ကဋ္ဌနှင့် CEO

---

၁ Anna Luhrmann, Seraphine F.Maerz, Sandra grahn, Nazifa Alizada, Lisa Gaastaldi, Sebastin Hellmeier, Garry Hindle and Staffan I.Lindberg. 2020. အာဏာရှင်စနစ်ပြုရေး များပြားမြင့်တက်လာမှုများ - ခုခံမှုကြီးထွားလာခြင်း။ ဒီမိုကရေစီ အစီရင်ခံစာ ၂၀၂၀။ Varieties of Democracy Institute (V-Dem)/ https://www.v-dem.net/media/filer_public/f0/5d/f05d46d8-626f-4b20-8e4e-53d4b134bf-cb/democra cy_report_2020_low.pdf မှ ရယူထားသည်။

# ကျေးဇူးတင်လွှာ

စာရေးသူများအနေဖြင့် Management Sciences for Health Senior Director for Population Health Dr. Elke konings, M.D.၊ IFES ၏ Senior Country Director for Myanmar OBE ဖြစ်သူ Paul Guerin၊ IFES Program adviser for Ukraine ဖြစ်သူ Meredith Applegate၊ IFES Senior Global Inclusion Advisor ဖြစ်သူ Virginia Atkinson၊ Senior gender Program Officer ဖြစ်သူ Gina Chirillo၊ IFES Graphic Designer Officer ဖြစ်သူ Keaton Van Beveren နှင့် IFES Communications Officer ဖြစ်သူ Janine Duffy တို့အား ၎င်းတို့၏ စာတမ်းဖတ်ရှုသုံးသပ်မှုများနှင့် အဖိုးမပြတ်နိုင်သော ပါဝင်လုပ်ဆောင်ပေးမှု တို့အပေါ် အမှန်တကယ်ကျေးဇူးတင်ရှိပါသည်။

---

*စာရေးသူများထံမှ အမှာစကား*

IFES သည် ဤလမ်းညွှန်ချက်အား ဘက်စုံအခြုံငုံနိုင်ဆုံးဖြစ်အောင် ပြင်ဆင်ချိန်တွင် စာတမ်းအား မတူကွဲပြား သော ရွေးကောက်ပွဲစနစ်များတွင် လက်တွေ့အသုံးပြုနိုင်မှုနှင့် အသုံးဝင်မှုရှိအောင်လည်း ပြုစုပြင်ဆင်ခဲ့ပါ သည်။ အချို့သော အကြံပြုချက်များအားအကောင်အထည်ဖော်နိုင်မှုမှာမူ နိုင်ငံတစ်ခုချင်းစီ၏ ဥပဒေမူ ဘောင်၏ အတိုင်းအဆအပေါ် များစွာမူတည်ပါသည်။ နိဗယ်ကိုရိုနာဗိုင်းရပ်စ်အသစ် မည်သို့ပြုမူသည်နှင့် လူ့ကျန်းမာရေးအပေါ်၎င်း၏သက်ရောက်မှု ဆိုင်ရာ တွေ့ရှိချက်အသစ်များလည်း နေ့စဉ်ထွက်ပေါ်လျက်ရှိသည်ကို သတိပြုမှတ်သားရန်လည်းအရေးကြီးပါသည်။ ဤတွင်ဖော်ပြထားသောလမ်းညွှန်ချက်များသည် ဤစာတမ်းရေးသားထုတ်ဝေချိန်တွင် သိရှိထားသော ကိုရိုနာဗိုင်းရပ်စ် အကြောင်းအသိပညာဗဟုသုတများ အပေါ်တွင်အခြေခံထားခြင်းဖြစ်ပါသည်။

ဤအကြံပြုချက်များသည် အများပြည်သူလူထုကျန်းမာရေး ထိခိုက်နိုင်မှုအန္တရာယ်ကိုလျှော့ချပြီး မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ၏ ရွေးကောက်ပွဲတွင် ပါဝင်လုပ်ဆောင်နိုင်မှုယုံကြည်ချက် ပိုမိုတိုးပွားလာစေရန် ရည်ရွယ်သော်လည်း မတူကွဲပြားသောနောက်ခံအခြေအနေအမျိုးမျိုးတို့တွင် မတူညီသောအန္တရာယ်ခြိမ်းခြောက်မှု အဆင့်အမျိုးမျိုးရှိနိုင်ပါသည်။ လူကိုယ်တိုင်ပါဝင်လုပ်ဆောင်ရသည့် ရွေးကောက်ပွဲများကျင်းပခြင်းသည် အကောင်းဆုံး ရွေးချယ်မှုအမြဲတမ်းမဖြစ်နိုင်ပါ။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ကျင်းပမည် သို့မဟုတ် မည်သည့်ပုံစံဖြင့်ကျင်းပမည် စသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ယုံကြည်ကိုးစားရသောနှင့် ကျွမ်းကျင်သော ဒေသတွင်းကျန်းမာရေးအာဏာပိုင် များနှင့် ပူးပေါင်းလုပ်ဆောင်ထားသည့် ဘက်စုံခြုံငုံသောအန္တရာယ်ဆန်းစစ်ချက်မှ ရရှိလာသည့် သတင်းအချက်အလက် များဖြင့် ချမှတ်ရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲများသည် မူလနိုင်ငံရေးဖြစ်စဉ်များဖြစ်သဖြင့် လူထုကျန်းမာရေး အကြပ်အတည်းကာလအတွင်း မဲရုံများသို့ လူအများသွားရောက်စေရန် နိုင်ငံတစ်ခု၏ဆွေးနွေးချက်သည် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းပါဝင်မှုရှိလျှင်နှင့် ဆက်နွယ်နေသော အန္တရာယ်များအားလုံး အား ဘုံနား လည်သဘောပေါက်မှုအပေါ်အခြေခံပါက ပိုမိုအောင်မြင်နိုင်ချေရှိပါသည်။

# အနှစ်ချုပ်ဖော်ပြချက်

## မိတ်ဆက်

ရွေးကောက်ပွဲများတွင် သာမန်အားဖြင့် ရွေးကောက်ပွဲနေ့တွင်သာမကပဲ ဥပမာ – မဲဆွယ်စည်းရုံးရေး လှည့်လည်မှုများနှင့် မဲဆန္ဒရှင်စာရင်း ကြည့်ရှုရန်တိုက်တွန်းနိုးဆော်ခြင်းစသည့် လုပ်ငန်းစဉ်များတွင် ကြီးမားကျယ်ပြန့်စွာနှင့် နိုင်ငံတစ်ဝှမ်း ဖြစ်သောစုဝေးခြင်းများ ပါဝင်လေ့ရှိသည်။ ယင်းဖြစ်စဉ်များသည် လူသားချင်းထိတွေ့မှုကိုပိုမိုတိုးပွားစေပြီး တိုက်ရိုက်နှင့် သွယ်ဝိုက် ရောဂါကူးစက်မှုအန္တရာယ်များ ပိုမိုမြင့်မားစေသည်။ လိုအပ်သော ညှိနှိုင်းပြင်ဆင်မှုများပြုလုပ်ရန်နှင့် ပြည်သူလူထုကျန်းမာရေးအကျပ်အတည်း ရုတ်တရက်မြင့်မားလာသည့်အချိန်တွင် ရွေးကောက်ပွဲများကိုဘေးကင်းစွာ ကျင်းပရန် အချိန်၊ အရင်းအမြစ်နှင့် သတင်းအချက်အလက် လုံလောက်မှုမရှိဖြစ်စေသော ကျယ်ပြန့်စွာရောဂါကူးစက် ပျံ့ပွားနေမှုများအကြား ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအသင်းအဖွဲ့ (EMB) အနည်းငယ်တို့ကသာ ယင်းလုပ်ဆောင်ချက်များ ကို စီမံခန့်ခွဲရန် ဘက်စုံချိုင့်သော အစီအစဉ်ရှိသည်။ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်သော COVID-19 ကပ်ရောဂါသည်လည်း ယနေ့အထိရရှိသောသတင်းများအရ နိုင်ငံနှင့် နယ်မြေပေါင်း ၆၀ နီးပါးတို့တွင် နိုင်ငံလုံးဆိုင်ရာနှင့် တိုင်းနှင့်ပြည်နယ်ရွေးကောက်ပွဲများကို ဆိုင်းငံ့ရန်ဖိအားပေးခဲ့သည်။[၂] အကျပ်အတည်းအကြား ရွေးကောက်ပွဲများကို ဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့သော EMB အချို့တို့သည် ကျန်းမာရေးဆိုင်ရာအများပြည်သူစိုးရိမ်မှု[၃]ကို ဖြေရှင်း ဆောင်ရွက်ရန်များစွာပျက်ကွက်သောကြောင့် မဲဆန္ဒရှင်မဲလာထည့်မှုများလျော့ကျခြင်း၊ မှန်ကန်ယုံကြည်ရမှု မရှိသည့် ပြဿနာများ၊မဲရုံဝန်ထမ်းများ နုတ်ထွက်မှုများနှင့် ရွေးကောက်ပွဲဆိုင်ရာအရာရှိအချို့တို့ကို ရောဂါကူးစက်စေမှုများ[၄] စသည်တို့ကို ဖြစ်ပေါ်စေခဲ့သည်။

ကမ္ဘာတစ်ဝှမ်းရှိ EMB များအား ယင်းသို့ရှုပ်ထွေးသောပတ်ဝန်းကျင်များတွင် ကောင်းမွန်စွာလမ်းကျောင်းနိုင်ရန် International Foundation for Electoral Systems (IFES) သည် ကျန်းမာရေးအ တွက်စီမံခန့်ခွဲမှုသိပ္ပံ (ManagementSciencesforHealth – MSH)နှင့်ပူးပေါင်းပြီးအဓိကရွေးကောက်ပွဲလုပ်ငန်းစဉ်များအားလုံးအတွက် အများပြည်သူလူထုကျန်းမာရေးအပေါ်စဉ်းစားပေးမှုများနှင့်COVID-19ရောဂါကူးစက်ပျံ့ပွားမှုအန္တရာယ်များလျော့ချရန် အကြံပြုချက်များကို အထူး အသားပေးသည့် ဤစာတမ်းကို ပြုစုခဲ့သည်။ ဤမူဝါဒဆိုင်ရာစည်းရုံးလှုံ့ဆော်သည့် စာတမ်းပါ အကြံပြုချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အမေရိကန်ပြည်ထောင်စု ရောဂါဘယများထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC) စသည့် ကျန်းမာရေးဆိုင်ရာအာဏာပိုင်များထံမှ အထွေထွေလမ်းညွှန်ချက်များ၊ မကြာသေးခင်မှတွေ့ရှိထားသည့် တွေ့ရှိချက်များနှင့် စာတမ်းထုတ်ဝေချိန်တွင် ပြုလုပ်ထားသော သိပ္ပံနည်းကျ လေ့လာချက်များနှင့်၊ အလားတူနောက်ခံအနေအထားများတွင် EMB များမှအကောင်အထည်ဖော်ခဲ့သည့် အောင်မြင်သောအရေးယူဆောင်ရွက်ချက်များစသည့် သတင်းအချက်အလက်များဖြင့် ပြုစုဖော်ပြပေးထားခြင်း ဖြစ်သည်။

## ပြဿနာကို ရှာဖွေသတ်မှတ်ခြင်း

EMB များသည် ထောက်ပံ့ပစ္စည်းများရယူရန်နှင့် ၎င်းတို့၏လုပ်ငန်းစဉ်များတွင် လုပ်ထုံးလုပ်နည်းအသစ်များ ပေါင်းစပ်ထည့်သွင်းရန် အချိန်နှင့်အရင်းအမြစ်အကန့်အသတ်များရှိသဖြင့် အန္တရာယ်လျှော့ချရေးကြိုးပမ်းဆောင်ရွက်ချက်များသည် အရင်းအမြစ်များအထိရောက်ဆုံးဖြစ်အောင်အသုံးချနိုင်ကြောင်းနှင့် COVID-19 အနေအထားအလိုက် ပြုလုပ်ထားသောအန္တရာယ်အကဲဖြတ်ဆန်းစစ်ချက်မှသတင်းအချက်အလက်များဖြင့်ပြင်ဆင်ထားကြောင်းသေချာသည့် အလုံးစုံလွှမ်းခြုံသောမဟာဗျူဟာ၏အစိတ်အပိုင်းတစ်ခုဖြစ်ရမည်။သေချာစွာလုပ်ဆောင်ပါက ယင်းစီစဉ်ဆောင်ရွက်ချက်များသည် ဗိုင်းရပ်စ်ပိုးပျံ့ပွားမှုအန္တရာယ်ကို ထိရောက်စွာလျှော့ချနိုင်ပြီး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ရောဂါကူးစက်ခံရနိုင်ကြောင်း အများပြည်သူလူထု၏ စိုးရိမ်ထိတ်လန့်မှုတို့ကို အတိုင်းအတာ အလျောက်အထိ လျှော့ချပေးနိုင်ပါသည်။ သို့မဟုတ်ပါက မဲဆန္ဒရှင်များမဲလာထည့်ဝင်မှုများကို လျော့နည်းစေပြီး ရလဒ်များ၏ ခိုင်လုံမှုကို

အားနည်းစေမည်ဖြစ်ပါသည်။

ဤစာတမ်းတွင် ပေးထားသောအကြံပြုချက်များသည် အများပြည်သူကျန်းမာရေးအန္တရာယ်များကို လျှော့နည်းစေပြီး မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲအရာရှိများ၏ယုံကြည်ချက်ကိုတိုးပွားစေမည်ဖြစ်သော်လည်း မတူကွဲပြားသော နောက်ခံအနေအထားများတွင်မတူကွဲပြားသောအန္တရာယ်ခြိမ်းခြောက်မှုအဆင့်အမျိုးမျိုးရှိကြောင်းနှင့်လူကိုယ်တိုင်ပါဝင် လုပ်ဆောင်သည့် ရွေးကောက်ပွဲများသည် အကောင်းဆုံးနည်းလမ်းလည်းအမြဲမဖြစ်နိုင်ကြောင်းကို သတိပြုရန် လိုအပ်ပါသည်။ အမျိုးမျိုးသော ရွေးကောက်ပွဲဆိုင်ရာလုပ်ဆောင်ချက်များကို ကျင်းပခြင်းနှင့် မည်သို့ကျင်းပမည်စသည့် ဆုံးဖြတ် ချက်များသည် အောက်ပါတို့ဖြစ်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါသည်။

- ကျွမ်းကျင်သော အများပြည်သူလူထုကျန်းမာရေးအာဏာပိုင်များနှင့် ပူးပေါင်းဖော်ဆောင်ထားသည့် ဘက်စုံခြုံငုံသော အန္တရာယ်အကဲဖြတ်ဆန်းစစ်ချက်မှ သတင်းအချက်အလက် များဖြင့် စီစဉ်ထားသည်
- နိုင်ငံအတွင်း မဲဆန္ဒနယ်များရှိ မတူကွဲပြားမှု အလွှာအမျိုးမျိုးကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရှုထောင့်အမြင်များကို ပြည့်ပြည့်စုံစုံ လက်ခံ ထည့်သွင်းထားသည်
- အကျပ်အတည်းကာလအတွင်း ရွေးကောက်ပွဲများကျင်းပခြင်းနှင့် စပ်လျဉ်းသည့် အန္တရာယ် များအားလုံးကို အားလုံး၏ဘုံသဘောပေါက်နားလည်မှုများအပေါ်တွင် အခြေခံထားသည်

## အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ

WHO [5] နှင့် CDC [6] တို့ထံမှ ရရှိနိုင်သောတွေ့ရှိချက်များအရ COVID-19 ဗိုင်းရပ်စ်ရောဂါပိုးအဓိက ကူးစက်ပျံ့ပွားပုံမှာ ရောဂါပိုးမွှားပါဝင်သောအမှုန်အမွှားများမှတဆင့် တစ်ဦးမှတစ်ဦးသို့ ကူးစက်ခြင်းဖြစ်သော်လည်း၊ ပိုးရှိနေသည့် တစ်ဆင့် ကူးစက်နိုင်သောအရာဝတ္ထုများ သို့မဟုတ် မျက်နှာပြင်များအား ထိတွေ့မိမှုစသည့် သွယ်ဝိုက်သောနည်းဖြင့်လည်း ကူးစက်နိုင်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ နေရာပေါင်း ၄၀ ကျော်တို့တွင် လူထုစုဝေးခြင်း သို့မဟုတ် အရာဝတ္ထုပစ္စည်းများလွှဲ ပြောင်းသယ်ဆောင်ခြင်းစသည့်လုပ်ငန်းများပါဝင်သဖြင့် ကြိုတင်ကာကွယ်ပြင်ဆင်မှုများ မပြုလုပ်ပါက ရောဂါပိုးကူးစက်နိုင်ချေအန္တရာယ်မြင့်မားပါသည်။ ယင်းသို့သော ထိတွေ့ဆက်ဆံမှုများကို ရွေး ကောက်ပွဲ နေ့တွင် သာမကပဲ ရွေးကောက်ပွဲသံသရာစက်ဝန်း၏အဆင့်တိုင်းတွင် ဆောင်ရွက်ရမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သည် ယင်းသို့ထူးခြားစွာကူးစက်ပုံရှိသည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်း စဉ်အားလုံးအတွက် အောက်ပါအကြံပြုချက်များကို လိုက်နာဆောင်ရွက်သင့်သည်။

- အန္တရာယ်ကျရောက်နိုင်ချေအကဲဖြတ်ဆန်းစစ်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အစီစဉ်ရေးဆွဲခြင်းနှင့် အန္တရာယ် လျှော့ချရေးမဟာဗျူဟာများအား ထိရောက်စွာအကောင်အထည်ဖော်ခြင်းတို့တွင် ကျွမ်းကျင်သော ကျန်းမာရေး အာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် ဆက်သွယ် ချိတ်ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ခြင်း
- လူတစ်ဦးနှင့်တစ်ဦးထိတွေ့ဆက်ဆံခြင်းကို ကာကွယ် သို့မဟုတ် လျှော့ချခြင်း။ ဘေးကင်း စိတ်ချရသော ရုပ်ပိုင်းဆိုင်ရာအကွာအဝေးထားရှိခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှု၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံပစ္စည်းများ (PPE) များထားရှိ သုံးစွဲစေခြင်းနှင့် ဖြစ်နိုင်ပါက လူအားမလိုအပ်သော လုံခြုံစိတ်ချရသည့် အဝေးမှပြုလုပ် သော ကိရိယာများနှင့် ယန္တရားစနစ်များအား ပြောင်းလဲကျင့်သုံးခြင်း။
- ဘုံအသုံးပြုသည့် မျက်နှာပြင်များနှင့် အရာဝတ္ထုများ ရောဂါပိုးမွှားမကပ်တွယ်အောင် ကာကွယ်ခြင်း သို့မဟုတ် ကပ်တွယ်နိုင်ချေလျှော့ချခြင်း ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ် ရေးဝတ်စုံပစ္စည်းများ (PPE) များဖြစ်သည့် နှာခေါင်းစည်းမျက်နှာဖုံးများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ သန့်ရှင်းရေးပစ္စည်းများအသုံးပြုစေခြင်း၊ လိုအပ်ပါက ထိတွေ့မှုကင်းမဲ့ သော ယန္တရားစနစ်များကို ပြောင်းလဲကျင့်သုံးခြင်း။
- ရောဂါပိုးမွှားကပ်တွယ်နေနိုင်သည့်မျက်နှာပြင်များ သို့မဟုတ် အရာဝတ္ထုများကို လူပုဂ္ဂိုလ်များမှ ထိတွေ့မှုအား ကာကွယ်ခြင်း သို့မဟုတ် လျှော့ချခြင်း ၊ လက်အား ဆပ်ပြာနှင့် ရေ သို့မဟုတ် ပိုးသေစေသည့်အယ်လ်ကိုဟော (alcohol-based) ဖြင့်ပြုလုပ်ထားသည့်အရည် များ စသည်တို့ဖြင့် လက်ကိုစင်ကြယ်အောင် ဆေးကြောခြင်း၊ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးတို့အား ကိုင်တွယ်မထိတွေ့ရန်ရှောင်ရှားခြင်း၊ လူအများအသုံးပြုသော မျက်နှာပြင်များ နှင့် အရာဝတ္ထုတို့ကို မကြာခဏ ပိုးမွှားကင်းစင်အောင်သန့်စင်ခြင်း၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး

ဝတ်စုံပစ္စည်းများ (PPE) များအသုံးပြုခြင်း စသည်တို့ကိုလုပ်ဆောင်စေပြီး ဖြစ်နိုင်ပါက ထိတွေ့မှုကင်းသော ယန္တရားများကို ပြောင်းလဲကျင့်သုံးခြင်း။

ယင်းအရေးကြီးသော အလုံးစုံချုံငုံသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များအပြင် EMB များ သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုစီအတွက် အောက်ပါအကြံပြုချက်များအား လိုက်နာခြင်းအားဖြင့်လည်း အကျိုးရှိနိုင်ပါသည်။

*ပုံ ၁ – ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် စဉ်းစားခြင်း*

| ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ် | ထပ်လောင်းဖြည့်စွက်စဉ်းစားချက်များ |
|---|---|
| **ရွေးကောက်ပွဲနှင့် အရင်းအမြစ် အစီအစဉ်ရေးဆွဲခြင်း** | ရွေးကောက်ပွဲများကိုရွှေ့ဆိုင်းရာတွင် တရားဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာကြောင်းသေချာအောင်ဆောင်ရွက်ခြင်း။ ရွေးကောက်ပွဲများကို စောစီးနိုင် သမျှစောစီးစွာကျင်းပနိုင်ရန် ဖြစ်စဉ်ရပ်အလိုက် အစီအစဉ် ရေးဆွဲခြင်း (Scenario planning) ကိုလုပ်ဆောင်ခြင်း၊ လုပ်ငန်းလည်ပတ် ရေးဆိုင်ရာပြက္ခဒိန်အချိန်သတ်မှတ်ချက်နှင့် ဘတ်ဂျက်ငွေတို့အပေါ် လိုအပ် သည့် ညှိနှိုင်းပြင်ဆင်မှုများပြုလုပ်ခြင်း နှင့် အများပြည်သူများအား နောက်ဆုံး အခြေအနေရပ်များကို အချိန်နှင့်တပြေးညီ အသိပေးထုတ်ပြန်ခြင်း |
| | ရွေးကောက်ပွဲကျင်းပမည့်အချိန်ဇယားရေးဆွဲရာတွင် ရောဂါပျံ့နှံ့မှု၊ ကူးစက် ပျံ့ပွားမှု အဆင့်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့်ပုံစံတို့၏ ဝန်ဆောင်မှု ပေးနိုင်စွမ်းအ တိုင်းအတာ၊ ဥတု/ရာသီ စသည်တို့ကို ထည့်သွင်းစဉ်းစားခြင်း |
| | ကူးစက်နိုင်ချေအန္တရာယ်များကို လျှော့ချရန် လုပ်ငန်းစဉ်များနှင့် လုပ်ထုံး လုပ်နည်းများအား ချိန်ညှိပြင်ဆင်ခြင်း၊ တမူထူးခြားလိုအပ်သော သို့မဟုတ် ဖြည့်စွက်ပစ္စည်းများ၊ ကိရိယာများနှင့် အထောက်အကူပစ္စည်းများကို ရှာဖွေ ဖော်ထုတ်ခြင်းနှင့် ဝယ်ယူခြင်း၊ တမူထူးခြားလိုအပ်သော သို့မဟုတ် ဖြည့်စွက် ဝန်ထမ်းများငှားရမ်းခန့်အပ်ခြင်း၊ ထောက်ပံ့ပစ္စည်းကွင်းဆက် (Supply chain) ပြတ်တောက်နိုင်ချေကို စောင့်ကြည့်ခြင်း |
| | ထပ်လောင်းဖြည့်စွက်ရမည့် ပစ္စည်းများ၊ ကိရိယာများ၊ လူ့အင်အားများနှင့် လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေများရှာဖွေခြင်း။ လိုအပ်ချက်များကိုဦးစားပေး ဆောင် ရွက်ခြင်းနှင့် အရင်းအမြစ်များကို အန္တရာယ်လျှော့ချမှုအမြင့်ဆုံးပုံစံဖြင့် ထိရောက် စွာ အသုံးချခြင်း |
| **ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေး** | နိုင်ငံရေးပါတီများ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်သူများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် သတင်းမီဒီယာများအား COVID-19 ဆိုင်ရာအမှာစကားများ နှင့် လမ်းညွှန်ချက်များကို ထုတ်လွှင့်ခြင်း။ လိုက်နာရန်ကျင့်ဝတ်များ ဖော်ဆော်ခြင်း သို့မဟုတ် ရှိပြီးသား ကျင့်ဝတ်များတွင် COVID-19 နှင့် ကိုက်ညီသည့်ကျင့်ဝတ်များပေါင်းစပ် ထည့်သွင်းဖော်ဆောင်ခြင်း |
| | COVID-19 သတင်းအမှားအယွင်းများကို နိုင်ငံရေးဆိုင်ရာအမြတ်ထုတ်မှု အတွက် အသုံးပြုခြင်းအား ရှာဖွေထောက်လှမ်းပြီး တားမြစ်ပိတ်ပင်ခြင်း |
| | အများပြည်သူစီတန်းလှည့်လည်မှုများ၊ ဆွေးနွေးပွဲများနှင့် အခြားစုဝေးပွဲများအ တွက် ကျန်းမာရေးကြိုတင်ကာကွယ်မှုဆိုင်ရာလမ်းညွှန်ချက်များ ပေးခြင်း |

| | |
|---|---|
| | သတင်းမီဒီယာများအား မျှတစွာရယူလက်လှမ်းမှီနိုင်မှု နှင့် လူအင်အား မပါဝင်သော အဝေးမှမဲဆွယ်စည်းရုံးရေးတို့ကို ပြောင်းလဲကျင့်သုံးခြင်းနှင့် ပိုမိုချဲ့ထွင်ခြင်း |
| **မဲဆန္ဒရှင် အသိပညာပေးခြင်း** | COVID-19 နှင့် ၎င်း၏ ကူးစက်ပျံ့ပွားသည့်ပုံစံ၊ ကာကွယ်တိုက်ဖျက်နိုင်သည့် နည်းလမ်းစသည့်အကြောင်းအရာသတင်းအချက်အလက်များကို ရှင်းလင်းစွာ ဖော်ပြပေးပြီး၊ လက်လှမ်းမှီလွယ်စွာ ရရှိနိုင်ရန်နှင့် မကြာခဏပေးခြင်း၊ ကျန်းမာရေးအသိသညာ (စကားသံ၊ ရင်းနှီးသောစကားလုံးများနှင့် ယဉ်ကျေးမှု ဆိုင်ရာအရစီလျော်မှန်ကန်မှုရှိသော ရုပ်ပြများဖြင့် ပြောကြားထားသည့် တိုတောင်းသော သတင်းစကားများ) အရ အကောင်း ဆုံးအလေ့အကျင့်များကို လိုက်နာလုပ်ဆောင်ခြင်း |
| | ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းအသစ်များအကြောင်းနှင့် ၎င်းတို့ကို မည်သို့ လိုက်နာဆောင်ရွက်ရမည့်အကြောင်းများကို ပြည်သူလူထုအား ရှင်းလင်းစွာ ပြောကြားခြင်းနှင့်၊ လက်လှမ်းမှီလွယ်စွာနှင့် မကြာခဏ သတင်း အချက်အလက်များပေးခြင်း |
| | ရောဂါနှင့်ဆိုင်သည့် မှားယွင်းသောသတင်းအချက်အလက်များနှင့် အန္တရာယ် ကျရောက်လွယ်သော သို့မဟုတ် မေ့လျော့ခံလူနည်းစုများအပေါ် အမုန်းစကား များ သက်ရောက်စေခြင်းစသည်တို့ကို ကိုင်တွယ်ဖြေရှင်းခြင်း |
| **မဲရုံဝန်ထမ်းများနှင့် အခြား ဝန်ထမ်းများ ခေါ် ယူစုဆောင်းခြင်း နှင့် သင်ကြားပို့ချခြင်း** | ဖြစ်နိုင်ပါက ဝန်ထမ်းလျှောက်ထားခြင်းများအတွက် အွန်လိုင်းပလက်ဖောင်း (online platform) နေရာများကို အသုံးပြုခြင်း၊ လူကိုယ်တိုင်စစ်ဆေး ခေါ်ယူမှုများအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာအကွာ အဝေးထားရှိရန် လုံလောက်သည့် နေရာအကျယ်အဝန်းရှိသည့် အဆောက်အဦနေရာ ထိုင်ခင်း များ ကိုအသုံးပြုခြင်း၊ ဝန်ထမ်း စိစစ်ခေါ်ယူသူများနှင့် အင်တာဗျူးဖြေဆိုသူ များအား လက်သန့်စင်ရန်နှင့် နှာခေါင်း စည်းများတပ်ဆင်ရန် တိုက်တွန်းသည်။ |
| | အန္တရာယ်ကျရောက်နိုင်သော လူပုဂ္ဂိုလ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်သား များအား တာဝန် (duty)မှ အနားပေးခြင်း |
| | COVID-19 သတင်းအချက်အလက်များ၊ အထူးသဖြင့် ကူးစက်ခံရနိုင်သည့် ပုံစံများနှင့် ကြိုတင်ကာကွယ်သည့်နည်းလမ်းများစသည်တို့ကို သင်တန်း အကြောင်းအရာ များတွင် ပေါင်းစပ်ထည့်သွင်းခြင်း |
| | COVID-19 ကြောင့်ပြောင်းလဲကျင့်သုံးလိုက်ရသော လုပ်ထုံးလုပ်နည်းအသစ် များ နှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်များကို ပေါင်းစပ်ထည့်သွင်းခြင်း |
| | လူတစ်ဦးနှင့်တစ်ဦး ရုပ်ပိုင်းဆိုင်ရာ လိုအပ်သောအကွာအဝေး ထားရှိရန် လုံလောက် သည့်အကျယ်အဝန်းရှိသော သင်တန်းနေရာများ ကို ရွေးချယ်ခြင်း၊ သင်တန်းစဉ်များတွင် ပါဝင်တက် ရောက်သူများအားလုံးအတွက် လက်သန့်စင်ဆေးကြောရေး လိုက်နာရန်အချက်များနှင့် သက်ဆိုင်ရာ PPE များရရှိနိုင် ကြောင်း သေချာအောင် ဆောင် ရွက်ခြင်း |

| | |
|---|---|
| | အသစ်ဖြစ်သော အွန်လိုင်းနှင့် လူအင်အားမဲ့အဝေးမှပြုလုပ်သည့် သင်တန်းများ၏ အားလုံးပါဝင်နိုင်မှုနှင့် ရယူလက်လှမ်းမှီနိုင်မှု ရှိကြောင်းသေချာအောင်ဆောင်ရွက် ခြင်း |
| | အွန်လိုင်းသင်တန်းများအတွက်အောင်မြင်စွာပြီးစီးနိုင်ရန်လိုအပ်သောယန္တရားစနစ် များ ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း |
| **မဲဆန္ဒရှင်စာရင်းသွင်း ခြင်း၊ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်း အမည်စာရင်းသွင်းခြင်း၊ ဆန္ဒမဲပေးခြင်း၊ မဲရေတွက် ခြင်းနှင့် ရလဒ်စီမံခန့်ခွဲမှု** | လူတစ်ဦးနှင့်တစ်ဦး ရုပ်ပိုင်းဆိုင်ရာ လိုအပ်သောအကွာအဝေးထားရှိရန် လုံလောက်သည့်အကျယ်အဝန်းရှိသည့် နေရာများကို ရွေးချယ်ခြင်း၊ အွန္တရာယ်ကျရောက်ခံရနိုင် သည့်အဖွဲ့များအခြေချနေထိုင်သည့် နေရာဒေသများနှင့်ဝေးကွာသည့်နေရာများဖြစ် သင့်သည်ဖြစ်သော်လည်းအခြားနည်းလမ်းများအားဖြင့် ယင်းအုပ်စုများမှ ပါဝင်နိုင်ကြောင်းသေချာအောင်စီစဉ်ဆောင်ရွက်ချက်များဖြစ်သင့်သည်။ |
| | တချိန်တည်းတွင် အဆောက်အဦနေရာများ၌ လူစုလူဝေးအရေအတွက်များနေခြင်းကိုလျှော့ချခြင်း၊ ရက် သို့မဟုတ် နေရာ အရေအတွက် တိုးချဲ့ခြင်း၊ အုပ်စုအဖွဲ့များအား သီးသန့်နေရာများသို့ တာဝန်ချထားပေးခြင်း။ |
| | တန်းစီစောင့်ခြင်း၊ အဆောက်အဦအတွင်းသို့ဝင်ရောက်ခြင်းနှင့် ထွက်ခွါခြင်းတို့အတွက် COVID-19 အွန္တရာယ်လျှော့ချရေး ပရိုတိုကောလုပ်ထုံးများ ဖော်ဆောင်ပြီး လိုက်နာအောင်ဆောင်ရွက်ခြင်း။ |
| | COVID-19 သတင်းအချက်အလက်များကို ထင်ထင်ရှားရှားနှင့် အများပြည်သူများတွေ့မြင်နိုင်အောင် ခင်းကျင်းပြသခြင်း။ |
| | လက်သန့်စင်ဆေးကြောသည့်နေရာများ လုံလောက်စွာထားရှိပေးခြင်း။ |
| | မဲဆန္ဒရှင်များအား ၎င်းတို့၏ ကိုယ်ပိုင်ဘောပင်များ ယူဆောင်လာရန် တိုက်တွန်းခြင်း။ |
| | ထိတွေ့မှုကင်းမဲ့သော မှတ်ပုံတင်စစ်ဆေးခြင်းစနစ်အတွက် ပရိုတိုကောလုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ခြင်း။ |
| | လူတစ်ဦးနှင့်တစ်ဦး ရုပ်ပိုင်းဆိုင်ရာ အကွာအဝေးထားရှိရန်လိုအပ်ချက်နှင့် အညီဖြစ် အောင် ဖောင်ပုံစံဖြည့်သွင်းသည့်နေရာများသတ်မှတ်ထားရှိခြင်း |
| | ရွေးကောက်ပွဲတာဝန်ရှိသူများ၊ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံရေးအသင်းအဖွဲ့ပါတီများ၏ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာကိုယ်စားလှယ်များအတွက် လိုအပ်သော အကွာအဝေးထားရှိရန်အချက်နှင့်ကိုက်ညီရန် စာရေးခုံများနှင့်ထိုင်ခုံများကို နေရာစီစဉ်ထားရှိခြင်း။ အဆောက်အဦများအတွင်းမှ တစ်ဦးထက်ပိုသည့်လူအများအပြား ထိုင်သည့်ထိုင်ခုံများနှင့် အခြားမလိုအပ်သောအရာဝတ္ထုများကိုဖယ်ရှားခြင်း။ မဲဆန္ဒ ရှင်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ ပြောဆိုဆက်ဆံသည့် စားပွဲခုံများနှင့် ကောင်တာများအတွက် မှန်အပျော့စား သို့မဟုတ် အလင်းဖြတ်/ဖောက်ထွင်းမြင်နိုင်သည့် အခြားအကာအကွယ်များခင်းကျင်းခြင်း |

| | |
|---|---|
| | ပစ္စည်းကိရိယာရောင်းချသူများနှင့် ထုတ်လုပ်သူများကို ဆက်သွယ်ပြီး သင့်တော် သော သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်းလမ်းညွှန်ချက်များ ရယူခြင်း |
| | စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ ကောက်ယူပြီး စွန့်ပစ်ခြင်း |
| | အိတ်ဖွင့်စာဖြင့်ပေးပို့သည့် ဖောင်များနှင့် မဲကဒ်များအတွက် ဖြစ်နိုင်ပါက ကိုယ်ပိုင် စာအိတ်များကို အသုံးပြုခြင်း |
| | အွန်လိုင်းနှင့် လူအားမဲ့အဝေးမှလုပ်ဆောင်သည့် နည်းလမ်းများအတွက် အားလုံးအကျုံးဝင်ပါဝင်နိုင်မှုနှင့် ရယူလက်လှမ်းမှီနိုင်မှုရှိကြောင်း သေချာ အောင်ဆောင်ရွက် ခြင်း |
| **ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး** | တရားဝင်အကျုံးဝင်သော မည်သည့်နိုင်ငံသားမျှ ရွေးကောက်ပွဲများတွင် စောင့်ကြည့် လေ့လာသူများအဖြစ် တာဝန်ထမ်းဆောင်ပိုင်ခွင့် ဆုံးရှုံးရခြင်း မရှိသင့်သော်လည်း အများပြည်သူလူထုကျန်းမာရေး အကြပ်အတည်း အခြေအနေများတွင်မူ အန္တရာယ်ကျရောက်နိုင်သော လူပုဂ္ဂိုလ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများအား စောင့်ကြည့်လေ့လာသူများ သို့မဟုတ် ပါတီများ၏ ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ခြင်းမှ အနားပေးခြင်း သို့မဟုတ် ပါဝင်လုပ်ဆောင်ခြင်းအားဖြင့် ဖြစ်လာနိုင်သည့် အန္တ ရာယ်များကိုသတိပေးပြောကြားခြင်း။ |
| | စစ်ဆေးအသိအမှတ်ပြုသည့်လုပ်ငန်းစဉ်အတွက်မူ "မဲဆန္ဒရှင် အမည်စာရင်း တင်သွင်းခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်း အမည်စာရင်းသွင်းခြင်း နှင့် ဆန္ဒမဲထည့်ခြင်း" နည်းတူ ကြိုတင်ကာကွယ်ဆောင်ရွက်ချက်များ လိုက်နာလုပ်ဆောင်ခြင်း။ |

ဈေးကောက်ပွဲများတွင် သာမန်အားဖြင့် ဈေးကောက်ပွဲနေ့တွင်သာမကပဲ ဥပမာ – မဲဆွယ်စည်းရုံးရေး လှည့်လည်မှုများနှင့် မဲဆန္ဒရှင်စာရင်းကြည့်ရှုခြင်းနှင့်ဖြည့်စွက်ပြင်ဆင်ခြင်းစသည့်ကြီးမားကျယ်ပြန့်သောနှင့်နိုင်ငံတစ်ဝှမ်းဖြစ်သောစုဝေးခြင်းများ ပါဝင်လေ့ရှိသည်။ ယင်းဖြစ်စဉ်များသည် လူသားချင်းထိတွေ့မှုအပြင်၊ ရောဂါပိုးမွှားရှိသည့်မျက်နှာပြင်များမှ တိုက်ရိုက်နှင့် သွယ်ဝိုက် ဗိုင်းရပ်စ်ကူးစက်မှုတို့ကို တိုးမြင့်စေပါသည်။ ရောဂါကူးစက်ပျံ့ပွားသည့်ကာလအတွင်း ယင်းလုပ်ငန်းစဉ်များကျင်းပလုပ်ဆောင်ခြင်းသည် အများပြည်သူလူထုကျန်းမာရေးအား အထူးထိခိုက်အန္တရာယ်ပြုနိုင်သော်လည်း၊မလုပ်ဆောင်ခြင်းသည်ဒီမိုကရေစီအသင်းအဖွဲ့များအတွင်းခက်ခက်ခဲခဲရရှိထားသောအောင်မြင်တည်ငြိမ်မှု ယုံကြည်ချက်တို့ကို အားလျော့ပျက်စီးစေမည်ဖြစ်ပါသည်။ ယင်းသို့ ဝေခွဲရခက်နေသည့် အများပြည်သူဆိုင်ရာ တာဝန်ရှိသူအာဏာပိုင်များသည် ဈေးကောက်ပွဲများယခင်အတိုင်းဆက်လက်ကျင်းပမည်၊ မကျင်းပမည် ဆုံးဖြတ်ချက်ချမှတ်ရန် ခက်ခဲမည်ဖြစ်ပြီး၊ ကျင်းပမည်ဆိုပါက ကူးစက်ရောဂါအသစ် ကြောင့် ဈေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ဖြစ်ပေါ်လာသောစိန်ခေါ်မှုအသစ်များအား လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ တာဝန်ရှိသူများ အနေဖြင့် လုပ်ဆောင်ချက်အ ချိန်ဇယားသတ်မှတ်ချက်အား ချိန်ညှိပြင်ဆင်ခြင်း၊ ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့ပွားနိုင်ချေကိုလျော့ချသည့် ပိုမိုကောင်းမွန်သောလုပ်ထုံးလုပ်နည်းအသစ်များ အကောင်အထည်ဖော်ခြင်း၊ လိုအပ်သည့်ပစ္စည်းပစ္စယများ ဝယ်ယူရန်အတွက် ရန်ပုံငွေများစုဆောင်းခြင်း – စသည်တို့ကိုဆောင်ရွက်ရန်လိုအပ်မည် ဖြစ်သည်။ ဈေးကောက်ပွဲလုပ်ငန်းစဉ်များအား ပြင်ဆင်ခြင်းသည် အပြန်အလှန်ဆွေးနွေးပြီး ဆုံးဖြတ် ချက်ချမှတ်သည့်လုပ်ငန်းစဉ်၏ ရလဒ်ဖြစ်လျှင် ပိုမိုအောင်မြင်နိုင်ချေရှိပြီး လက်ခံနိုင်ချေရှိသည်ဖြစ်သဖြင့် ယင်းပြောင်းလဲမှုများအားလုံးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်နှင့် လက်ခံရန်နိုင်ငံရေးရပ်ဝန်းများမှ ပါဝင်သက်ဆိုင်သူများနှင့်လည်း ပူးပေါင်းညှိနှိုင်း လုပ်ဆောင်သင့်သည်။

## အများပြည်သူလူထုကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ဈေးကောက်ပွဲများ


WHO သည် အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေအား "ဇီဝထွေပြားသည့်ဖြစ်စဉ်၊ ကူးစက်မြန် သို့မဟုတ် ကပ်ရောဂါကြောင့် (သို့မဟုတ်) လူသားမျိုးနွယ် သို့မဟုတ် ထိခိုက်မှုဖြစ်စဉ်များ သို့မဟုတ် တည်မြဲသော သို့မဟုတ် ရေရှည် မသန့်စွမ်းဖြစ်မှု စသည့် ကြီးမားသောအန္တရာယ် အမြောက်အများဖြစ်ပေါ်စေနိုင်သော ဇီဝထွေပြားသည့်ဖြစ်စဉ်၊ ကူးစက်မြန် သို့မဟုတ် ကပ်ရောဂါ၊ သို့မဟုတ် အသစ်တွေ့ရှိပြီး အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ချေမြင့်မားသော ကူးစက်နိုင်သည့် အရာဝတ္ထု သို့မဟုတ် ဇီဝဗေဒဆိုင်ရာ အဆိပ်အတောက်ကြောင့် ဖျားနာမှုဖြစ်ခြင်း (သို့မဟုတ်) ကျန်းမာရေးအခြေအနေ ကြုံတွေ့ရခြင်း (သို့မဟုတ်) မရှောင်လွှဲသာသော ကျန်းမာရေးအန္တရာယ် ခြိမ်းခြောက်ခံရမှု"[၇] ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ အများပြည်သူကျန်းမာရေးအကြပ်အတည်းစီမံခန့်ခွဲရာတွင်ကျွမ်းကျင်သူများမှ ရှုပ်ထွေးသော အနေအထားတွင် အမျှော်အမြင်ရှိစွာဆုံးဖြတ်ချက် ချမှတ်ရန် အရေးကြီးမှုကို ထင်ဟပ်စေရန်အတွက် ယင်းစကားလုံးအား "အခြေခံဖွဲ့စည်းပုံများသို့မဟုတ်ပဓါနကျသောတန်ဖိုးများနှင့်စနစ်တစ်ခု၏ထုံးတမ်းများအပေါ်ကြီးမားသောခြိမ်းခြောက်မှုဖြစ်ပြီး အချိန်၏ဖိအားပေးမှုနှင့် ရေရာမှုမရှိသောအခြေအနေရပ်များအကြား အရေးပါသောဆုံးဖြတ်ချက်များကိုချမှတ်ရခြင်း"[၈] ဟု ပိုမိုကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုသည်။ ယင်းအရေးပါသော ဆုံးဖြတ်ချက်များတွင် နိုင်ငံ၏ ကျန်းမာရေးစနစ်သာမကပဲ ပြဿနာရပ်အား ပိုမိုဆိုးရွားစေမည့်နှင့် အကြပ်အတည်းအား ရင်ဆိုင်တုံ့ပြန်နေသည့် လူထုများနှင့် စနစ်များအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကာ ပိုမိုဆိုးရွားစေနိုင်၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်သည့် လုပ်ဆောင်ချက်များအားလုံး ပါဝင် သည်။

> "… အများပြည်သူလူထုကျန်းမာရေးအကြပ်အတည်းများအကြား ဈေးကောက်ပွဲများ ကျင်းပခြင်းသည် ဖြစ်နိုင်သော်လည်း ဆိုးရွားပြီးသားအခြေအနေကို ပိုမိုဆိုးရွားစေခြင်းမှ ရှောင်ကြဉ် နိုင်ရန် စဉ်းစားပြီးအစီအစဉ်ရေးဆွဲရန် လိုအပ်ပါသည်။"

ဈေးကောက်ပွဲများနှင့် ၎င်းတို့နှင့်သက်ဆိုင်နေသည့် လုပ်ငန်းစဉ်များတွင် လူထုစုဝေးခြင်းများပါဝင်သဖြင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် လူလူချင်းထိတွေ့မှုမှ ရောဂါကူးစက်ပြန့်ပွားနှုန်းမြင့်တက်စေနိုင်ပါသည်။ သင့်တော်သည့် အန္တရာယ်လျှော့ချရေးမဟာဗျူဟာများ ချမှတ်မထားပါက ဈေးကောက်ပွဲလုပ်ငန်းများကြောင့် ရောဂါကူးစက်ခံရမှုဖြစ်စဉ်များ တဟုန်ထိုးမြင့်တက်စေနိုင်ပြီး ကျန်းမာရေးစနစ်ကို ဝန်ပိကာပြိုလဲစေသည့် အခြေအနေများဖြစ်ပေါ်စေနိုင်ပါသည်။ စိန်ခေါ်မှုများရှိပင်သော်ငြားလည်း အချို့နိုင်ငံများသည် အများပြည်သူကျန်းမာရေးအကြပ်အတည်းများကြား မှ ပျှမ်းမျှအားဖြင့် အောင်မြင်သောဈေးကောက်ပွဲများကျင်းပနိုင်ခဲ့သည့်နိုင်ငံအချို့ရှိပြီး ၎င်းတို့မှာ ၁၉၁၈ ခုနှစ် Spanish flu တုပ်ကွေးကပ်ရောဂါ[၈]ကာလအတွင်း အမေရိကန်ပြည်ထောင်စု၊ ၂၀၁၄ ခုနှစ် အီဘိုလာကပ်ရောဂါကာလ၉ အတွင်း လိုင်ဘီးရီးယားနိုင်ငံ နှင့် မကြာသေးမီက COVID-19 ကပ်ရောဂါအတွင်း[၁၀] တောင်ကိုးရီးယားနိုင်ငံတို့ဖြစ်ပါသည်။ အများပြည်သူကျန်းမာရေးအကြပ်အတည်းကာလများအကြား ဈေးကောက်ပွဲများကျင်းပခြင်းသည်ဖြစ်နိုင်သော်လည်း ဆိုးရွားပြီးသားအခြေအနေကို ပိုမိုဆိုးရွားစေခြင်းမှ ရှောင်ရှားနိုင်ရန် စဉ်းစားပြီး အစီအစဉ်ရေးဆွဲရန်လိုအပ်ကြောင်း ယင်းနိုင်ငံများမှ လမ်းပြခဲ့သည်။

## COVID-19 ဆိုသည်မှာ အဘယ်နည်း။

COVID-19 သည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ၂၀၁၉ ကိုရည်ညွှန်းသည့်စကားလုံးဖြစ်ပြီး၊ ၂၀၁၉ နှစ် ကုန်ပိုင်းတွင် လူများ၌ပထမဆုံးတွေ့ရှိရသော ရောဂါပိုးအသစ်ဖြစ်သည့် ကိုရိုနာဗိုင်းရပ်စ် SARS-Cov-2 ကြောင့်ဖြစ်ပေါ်သော ရောဂါတစ်မျိုးဖြစ်သည်။ ဗိုင်းရပ်စ်ပိုးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူဘေးပြည်နယ်ရှိ ဝူဟန်မြို့မှ ပင်လယ်စာနှင့် သားစိမ်းငါးစိမ်းဈေးတွင် ရောင်းချသော လင်းနို့များ သို့မဟုတ် သင်းခွေချပ်စသည့်သတ္တဝါများမှတဆင့် လူသားထံသို့ ကူးစက်ခြင်းဖြစ်ကြောင်း ယုံကြည်ထားကြသည်။[၁၁] ရောဂါပိုးသည် တစ်ကမ္ဘာလုံးသို့ကူးစက်ပျံ့ပွားခဲ့ပြီး ၂၀၂၀ ခု နှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO [၁၂] က ကပ်ရောဂါအဖြစ်ကြေညာခဲ့သည်။



ဤစာတမ်းကိုရေးသားပြုစုချိန်တွင် ကမ္ဘာတစ်ဝှမ်း COVID-19 ရောဂါပိုးကို ၂၁၂ နိုင်ငံနှင့်နယ်နိမိတ်များတွင် တွေ့ရှိရပြီး တွေ့ရှိရသည့်အမှုပေါင်း ၄ သန်းကျော်ရှိကာ လူပေါင်း ၂၇၀၀၀၀ ကျော် သေဆုံးမှုရှိခဲ့သည်။

### ရောဂါလက္ခဏာများ

WHO[၁၃] ၏ဖော်ပြချက်အရ COVID-19 ပိုးရှိသူတွင်တွေ့ရလေ့ရှိသော ရောဂါလက္ခဏာများမှာ အဖျားတက်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်းနှင့် အသက်ရှူရခက်ခဲခြင်းတို့ဖြစ်သည်။ အမေရိကန်နိုင်ငံ CDC[၁၄] မှ ကြွက်သားနာကြင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ချမ်းတုန်ခြင်းနှင့် အရသာ သို့မဟုတ် အနံ့ခံစားမှု ပျောက်ဆုံးခြင်းတို့သည်လည်း COVID-19 ကြောင့် ဖြစ်နိုင်သော ရောဂါလက္ခဏာများဖြစ်သည်ဟု ထပ်မံဖြည့်စွက်ခဲ့သည်။

လေ့လာချက်များအရ ကိန်းဂဏန်းရလဒ်များကွာခြားသော်လည်း ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက် ခံရသူများအနက် ရာခိုင်နှုန်းအမြောက်အများတို့သည် ရောဂါလက္ခဏာများမခံစားရ သို့မဟုတ် ယဉ်ပါးသောရောဂါလက္ခဏာများကိုသာ ခံစားရကြောင်းဆိုသည်။ တွေ့ရှိချက်များအရ ရှေ့ပြေး ရောဂါလက္ခဏာငယ်များ - ပထမဦးဆုံးရောဂါလက္ခဏာ မခံစားရမှီအစောပိုင်းရက်အနည်းငယ် - နှင့် ရောဂါလက္ခဏာခံစားနေရသူများသည်ပင် ရောဂါပိုးကူးစက်နေနိုင်[၁၅] ပြီး၊ COVID-19 ပိုးရှိသော်လည်း ရောဂါလက္ခဏာမပြသူများသည်လည်း "တိတ်တဆိတ်ရောဂါဖြန့်သူများ"[၁၆] ဖြစ်နိုင်သဖြင့် ရောဂါလျှော့ချရေးဗျူဟာလမ်းစဉ်များကို ရှုပ်ထွေးစေပါသည်။ လတ်တလောတွေ့ရှိချက် များအရ SARS-CoV-2 ပိုး၏ ရောဂါအစပျိုးချိန်ကာလ - ရောဂါပိုးနှင့်ထိတွေ့မိပြီး ရောဂါလက္ခ ဏာများမပြမီစပ်ကြားကာလ - သည် အချိန် ၂ ရက်မှ ၁၄ ရက်[၁၇] အထိ ကြာမြင့်နိုင်သည်။

အချို့ပြင်းထန်သည့်ဖြစ်စဉ်များတွင် ရောဂါပိုးကူးစက်ခံရမှုကြောင့် အဆုတ်ရောင်ခြင်း၊ ပြင်းပြင်းထန်ထန် အသက်ရှူလမ်းကြောင်းဆိုင်ရာခက်ခဲခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။ အသက်ကြီးသူများနှင့် နဂိုရောဂါအခံရှိသူများသည် အဆိုပါရောဂါကြောင့် ပိုမိုရှုပ်ထွေး ပြင်းထန်သည့် နောက်ဆက်တွဲလက္ခဏာများခံစားရနိုင်ချေမြင့်မားသည်။[၁၈] ဤစာတမ်းပြုစုထုတ် ဝေချိန်အထိ COVID-19 အတွက် ကာကွယ်ရန် သို့မဟုတ် ကုသရန် ဆေးဝါးအချို့အား ဓါတ်ခွဲ စမ်းသပ်ကုသလျက်ရှိသော်လည်း ဆေးဝါးတစ်စုံတစ်ရာအတည်ပြုရှာဖွေတွေ့ရှိခြင်းမရှိသေးပါ။

## ကူးစက်ပျံ့ပွားသည့်ပုံစံများ

WHO[၃၉] နှင့် CDC[၂၀]တို့မှမျှဝေသော တွေ့ရှိချက်များအရ ကိုရိုနာဗိုင်းရပ်စ်အဓိကကူးစက်သည့်ပုံစံမှ လူတစ်ဦးမှ တစ်ဦးသို့ဖြစ်သည်။ လူတစ်ဦးသည် အခြားတစ်ဦးနှင့် ရုပ်ပိုင်းဆိုင်ရာနီးကပ်စွာရှိလျှင် ဗိုင်းရပ်စ်ပိုးသည် အသက်ရှူထုတ်လိုက်သော အမှုန်အမွှားများ (ရောဂါပိုးကူးစက်ခံထားရသူမှ နှာချေ၊ ချောင်းဆိုးခြင်း သို့မဟုတ် စကားပြောခြင်း) မှတဆင့် လေထဲတွင်ကူးလူးသွားလာပြီး အခြားသူတစ်ဦးအတွင်းသို့ ၎င်း၏ပါးစပ်၊ နှာခေါင်း သို့မဟုတ် မျက်လုံးတို့မှတဆင့်ဝင်ရောက်ကာကူးစက်ခြင်းဖြစ်သည်။၎င်းကူးစက်ပုံကြောင့်COVID-19သည်သာမန်ရွေးကောက်ပွဲ လုပ် ငန်းစဉ်များတွင်ပင်၊ ဥပမာ - ခန္ဓာကိုယ်မှထွက်သောအရည်များဖြစ်သည့် ချွေး၊ အော့အန်ခြင်း နှင့် သွေး စသည့်အရည်များမှတဆင့် ပိုမိုသိသာစွာကူးစက်တတ်သော အီဘိုလာထက် ပိုမိုကူးစက် လွယ်သောရောဂါဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကို သွယ်ဝိုက်ထိတွေ့မိမှုများ - ကျန်းကျန်းမာမာရှိသောလူပုဂ္ဂိုလ်တစ်ဦးသည် ဗိုင်း ရပ်စ်ပိုးကပ်တွယ် နေသည့် အရာဝတ္ထုများ သို့မဟုတ် မျက်နှာပြင်များ စသည့် ပစ္စည်းများအားထိ တွေ့မိပြီး သူ သို့မဟုတ် သူမ၏ ပါးစပ်၊ နှာခေါင်းသို့မဟုတ်မျက်လုံးများအားကိုင်တွယ်ခြင်း - တို့မှတဆင့်လည်းကူးစက်နိုင်သည်။ရွေးကောက်ပွဲတာဝန်ရှိသူများ၊ မဲဆန္ဒရှင်များ၊ ရွေးကောက်ခံ ယှဉ်ပြိုင်သူများနှင့် လေ့လာစောင့်ကြည့်သူများအကြား စာရွက်စာတမ်းများ၊ ဖောင်များနှင့် အခြား ပစ္စည်းပစ္စယများ မကြာခန ပေးယူဖလှယ်ခြင်းများ၊ လက္ခဏာဖတ်သည့်စကန်နာများ သို့မဟုတ် မဲထည့်ရာ တွင်သုံးသည့်စက်ပစ္စည်းများအား ဘုံစနစ်ဖြင့်အများမှဝိုင်းအသုံးပြုခြင်းစသည်တို့ပါဝင် သဖြင့် သွယ်ဝိုက်သောနည်းဖြင့် ကူးစက်နိုင်ချေအန္တရာယ်အမှန်တကယ်ရှိပြီး အထိုက်အသင့် လျော့ကျအောင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

သက်မဲ့အရာဝတ္ထုများအပေါ်တွင် SARs-CoV-2 ရောဂါပိုး၏ အသက်ရှင်သန်နိုင်စွမ်းသည့် အခြားကိုရိုနာဗိုင်းရပ်စ် အမျိုးအစားများနှင့် အလားသဏ္ဍာန်တူပြီး မျက်နှာပြင်၏ပစ္စည်းအမျိုးအစားပေါ် တွင်မူတည်ကာ အောက်ဖော်ပြပါ ဇယားအတိုင်းဖြစ်သည်။[၂၁]

*ပုံ ၂ - ဝတ္ထုပစ္စည်းအမျိုးအစားအလိုက် ကိုရိုနာဗိုင်းရပ်စ်များ၏အသက်ရှင်သန်နိုင်မှု*

| ဝတ္ထုပစ္စည်း | သင့်လျော်သည့်ပမာဏ | အသက်ရှင်နိုင်မှု |
|---|---|---|
| အလူမီနီယမ် (Aluminum) | ဗူးများ၊ လက်ကိုင်တန်းများ | ၂ - ၈ နာရီ |
| ကဒ်ထူပုံးများ (Cardboard) | မဲထည့်ပုံးများ၊ ခုံတန်းများ | ၂၄ နာရီ |
| ကြွေသား (Ceramic) | ရေအိမ်ကြွေပြားများ၊ အိမ်သာခွက်များ | ၅ ရက် |
| ကြေးနီ (Copper) | ပိုက်များ၊ လျှပ်စစ်ပစ္စည်းများ | ၄ နာရီ |
| ဖန် (Glass) | ပြူတင်းပေါက်များ၊ မှန်များ၊ မျက်နှာပြင်များ | ၅ ရက်နှင့် အောက် |
| သားရေ (Latex) | ခွဲခန်းသုံးလက်အိတ်များ | ၈ နာရီနှင့် အောက် |
| သတ္တု (Metal) | တံခါးလက်ကိုင်ဘုများ၊ တံခါးဂိတ်များ | ၅ ရက် |
| စက္ကူ (Paper) | မဲပြား၊ မဲပုံးများ၊ ဖောင်များ၊ မှတ်ပုံတင်များ၊ ပိုစတာများ | ၁ - ၅ ရက် |

| | | |
|---|---|---|
| ပလတ်စတစ် (Plastic) | ဘောပင်များ၊ ကီးဘုတ် မှတ်ပုံတင်ကဒ်များ၊ မဲထည့်လမ်းညွှန်စာများ | ၅ ရက်နှင့် အောက် |
| စတီး (Stainless Steel) | လက်ဆေးစင်များ၊ လက်ဆေးစင်ရေပန်းများ | ၄၈ နာရီ |
| သစ်သား (Wood) | ထိုင်ခုံများ၊ စာပွဲခုံများ၊ တံခါး များ၊ လက်ကိုင်တန်းများ | ၄ ရက် |

*Kampf G. Rodt D. Pfaender S, Steinmann E. ထံမှ သုတေသနအချက်အလက်များ အပေါ်တွင်အခြေခံသည်။*

## စာတမ်း၏ ရည်ရွယ်ချက်နှင့် ပုံစံ

ရွေးကောက်ပွဲနှင့် အများပြည်သူကျန်းမာရေးကျွမ်းကျင်သူများ၏ အတွေ့အကြုံများ နှစ်မျိုးစလုံးကို တင်ပြသော ဤစာတမ်းသည် EMB များအား အများပြည်သူလူထုအကြပ်အတည်းကာလများ ၊ အထူးသဖြင့် COVID-19 ကပ်ရောဂါကာလအတွင်းတွင် ရွေးကောက်ပွဲများအားပိုမိုကောင်းမွန်စွာ အစီအစဉ်ချမှတ်နိုင်ရေးနှင့် စီမံနိုင်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်ပါသည်။ ၎င်းသည် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ၏ ကျန်းမာရေး ထိခိုက်နိုင်မှုသာမပဲ၊ စနစ်တကျအစီ အစဉ်ရေးဆွဲပါက ရှောင်ရှား၍ရနိုင်သည့် ဖျက်သိမ်းမှုများ၊ ရွှေ့ဆိုင်းမှုများ ကြောင့်ဒီမိုကရေစီအရေး ပေါ်ထိခိုက်မှုများ စသည်တို့ကိုလျှော့ချပေးနိုင်ရန် မျှော်မှန်းပါသည်။ ယင်းသို့လျှော့ချပေးနိုင်ရန် အောက်ပါတို့အားဖြင့် လုပ်ဆောင်မည်ဖြစ်သည်။

- ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဆင့်အမျိုးမျိုးတို့တွင် ယေဘုယျအားဖြင့် အများပြည်သူ ကျန်းမာရေးအတွက် စဉ်းစားရန် မူဘောင်များပံ့ပိုးပေးခြင်း
- အထူးသဖြင့် COVID-19 ကြောင့် ရွေးကောက်ပွဲကာလများတွင်ဖြစ်ပေါ်သော အများပြည် သူကျန်းမာရေး စိန်ခေါ်မှုများ၏ အတိုင်းအတာနှင့် သဘောသဘာဝကို ဆွေးနွေးခြင်း
- တရားဝင်ဖြစ်သောရွေးကောက်ပွဲကိုကျင်းပရန်အတွက် လုပ်ဆောင်ရန်လိုအပ်သော လုပ် ငန်းစဉ်များအတွင်း အများပြည်သူကျန်းမာရေးထိခိုက်နိုင်မှုများလျှော့ချရန် အကြံပြုချက် များနှင့် မဟာဗျူဟာများ ပံ့ပိုးပေးခြင်း
- အန္တရာယ်လျှော့ချရေး မဟာဗျူဟာများအားအကောင်အထည်ဖော်ရန်လိုအပ်သော အခြေခံ အရင်းအမြစ်များနှင့် ထောက်ပံ့ပစ္စည်းများကို ရှာဖွေဖော်ထုတ်ခြင်း
- အဆိုပြုထားသော မဟာဗျူဟာများအကောင်အထည်ဖော်သည့်အရည်အသွေးအား စောင့်ကြည့်ရန်နှင့် တိုင်းတာရန် ချဉ်းကပ်နည်းများကို ချမှတ်ခြင်း

ဤစာတမ်းကို ရွေးကောက်ပွဲအကြိုဖြစ်စဉ်မှစ၍ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲနှောင်းပိုင်းလုပ် ငန်းစဉ်များစသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလုံးတွင် လုပ်ဆောင်သင့်သည့် အထွေထွေအကြံ ပြုချက်များဖြင့် အစပျိုးထားသည်။ ဤစာတမ်းကို ယင်းအကြံပြုချက်များအကောင်အထည်ဖော် ခြင်း၏ အကျိုးသက်ရောက်မှုအား စောင့်ကြည့်ရန်နှင့် အကဲဖြတ်ဆန်းစစ်ရန် အလားအလာရှိသော နည်းလမ်းများအကြောင်းဆွေးနွေးချက်များဖြင့် နိဂုံးချုပ်တင်ပြထားသည်။




- ရွေးကောက်ပွဲနှင့် အရင်းအမြစ် အစီအစဉ်ရေးဆွဲခြင်း
- ရွေးကောက်ခံကိုယ်စားလှယ်လောင်း အမည်စာရင်းတင် သွင်းခြင်း
- ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်း
- မဲဆန္ဒရှင်အသိပညာပေးခြင်း
- မဲရုံဝန်ထမ်းခန့်အပ် စုဆောင်း ခြင်းနှင့် သင်တန်းပို့ချခြင်း
- ပြည်တွင်းနှင့် နိုင်ငံတကာ လေ့လာ စောင့်ကြည့်ခြင်းနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များ အတည်ပြုခြင်း

- မဲရုံလုပ်ငန်းများ
- မဲရေတွက်ခြင်းနှင့် ရလဒ်များစီမံခန့်ခွဲ ခြင်း

## COVID-19 ကပ်ရောဂါကာလအတွင်း အများပြည်သူကျန်းမာရေးထိခိုက်နိုင်မှုအန္တရာယ်များအား လျှော့ချရေးအတွက် အထွေထွေစဉ်းစားချက်များ

လူပုဂ္ဂိုလ်များအချင်းအချင်း၊ လူပုဂ္ဂိုလ်များနှင့် ရောဂါပိုးမွှားပါရှိသော အမှုန်အမွှားများနှင့် အရာဝတ္ထု ပစ္စည်းများ စသည်တို့အကြား တိုက်ရိုက်ထိတွေ့မှုများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ နေရာအ မျိုးမျိုးတို့တွင် ဖြစ်ပေါ်နိုင်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးပျံ့ပွားစေနိုင်ပါသည်။ IFES မှ လိုင်ဘီးရီး ယားနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ပျံ့ပွားသည့်အကြောင်းအရာဆိုင်ရာ သုံးသပ်ဆန်းစစ်ချက်အရ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဆင့် ၄၀ ကျော်တို့တွင် လူထုများ စုဝေးခြင်း သို့မဟုတ် အရာဝတ္ထု များလွှဲပြောင်းခြင်းတို့ပါဝင်သဖြင့် ကူးစက်ပျံ့ပွားနိုင်ချေအန္တရာယ်မြင့်မားခဲ့ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းသို့အပြန်အလှန်ပြောဆိုဆက်ဆံခြင်းကို ရွေးကောက်ပွဲနေ့တွင်သာမကပဲ ရွေးကောက်ပွဲ စက်ဝန်း၏ အဆင့်တိုင်းတွင် ကြုံတွေ့ရလေ့ရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး အထူးကူးစက်နိုင်သည့် ပုံစံအရ ဖော်ပြပါအပိုင်းတွင်ဆွေးနွေးထားသော ညွှန်ကြားချက်များနှင့် အကြံပြုချက်များသည် အောက်ပါတို့အတွက် ရည်ရွယ်သည်။

- လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုဆက်ဆံခြင်းမှ ကာကွယ်ရန် သို့မဟုတ် လျှော့ချ ရန်
- ရောဂါပိုးရှိသူများမှ ဘုံအသုံးပြုသောပစ္စည်းများအား ပိုးမွှားကူးစက်ကပ်တွယ်စေခြင်းမှ ကာကွယ်ရန် သို့မဟုတ် လျှော့ချရန်
- ရောဂါပိုးကပ်တွယ်နေသောအရာဝတ္ထုပစ္စည်းများနှင့် ထိတွေ့မိမှုအား ကာကွယ်ရန် သို့မ ဟုတ် လျှော့ချရန်

ပိုမိုသတိထားကာကွယ်ခြင်းသည် အန္တရာယ်ဖြစ်ပေါ်မှုကိုလျှော့ကျစေနိုင်သဖြင့် အာဏာပိုင်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ဘက်စုံခြုံငုံစွာ အစီအစဉ်ရေးဆွဲသင့်ပြီး အထက်ဖော်ပြပါ ရည်ရွယ်ချက်သုံးချက်စလုံး ရရှိအောင်မြင်အောင် လုပ်ဆောင်သင့်ကြောင်း သတိပြုရန်အ ရေးကြီးသည်။ သို့သော်လည်း EMB များသည် ၎င်းတို့၏ လုပ်ငန်းစဉ်များတွင် လုပ်ထုံးလုပ်နည်းအသစ်များကို ပေါင်းစပ်ထည့်သွင်းရန်နှင့် လိုအပ်သောအထောက်အကူ ပစ္စည်းများရယူရန် အချိန်နှင့် အရင်းအမြစ်များအကန့်အသတ်ရှိသည်။ ထို့ကြောင့် အန္တရာယ်လျှော့ချရေး ကြိုးပမ်းဆောင်ရွက် ချက်များသည် COVID-19 ကပ်ရောဂါအကြောင်းအရာအလိုက် အန္တရာယ်အကဲဖြတ်ဆန်းစစ်ချက် မရရှိသော သတင်းအချက်အလက်များအပေါ်အခြေခံသည့် အရင်းအမြစ်များအကောင်းဆုံးထိရောက်စွာအသုံးချရန် အလုံးစုံခြုံငုံသောမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ရန် လိုအပ်ပါသည်။ သေချာစွာ ချိတ်ဆက်ဆက်သွယ်ပြီး လုပ်ဆောင်ပါက ယင်းအရေးယူဆောင်ရွက်ချက်များသည် ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ပျံ့ပွားမှုအန္တရာယ် သိသိသာသာ လျှော့ချနိုင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ကူးစက်ခံရနိုင်မှုအပေါ် ပြည်သူလူထု၏စိုးရိမ်ကြောက်ရွံ့မှုများကိုလည်း လျှော့ချနိုင်ပြီး ယင်းသို့မလျှော့ချနိုင်ပါက မဲလာထည့်ဝင်သူအရေအတွက်လျော့နည်းပြီး ရွေးကောက်ပွဲရလဒ်များ၏ တ ရားဝင်ခိုင်မာမှုကို အားနည်းစေနိုင်ပါသည်။

> “အန္တရာယ်လျှော့ချရေးကြိုးပမ်းဆောင်ရွက် ချက်များသည် COVID-19 ကပ်ရောဂါ အကြောင်း အရာအလိုက် အန္တရာယ်အကဲဖြတ်ဆန်းစစ်ချက် မရရှိသော သတင်းအချက်အလက်များ အပေါ်အခြေခံသည့် အရင်းအမြစ်များအကောင်းဆုံးထိ ရောက်စွာအသုံးချရန် အလုံးစုံ ခြုံငုံသောမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ရန် လိုအပ်ပါသည်။”

## လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိတွေ့ပြောဆိုဆက်ဆံခြင်းကို ကာကွယ်ခြင်း သို့မဟုတ် လျှော့ချခြင်း

COVID-19 ရောဂါကူးစက်ပျံ့ပွားမှု အန္တရာယ်ကိုလျှော့ချရန်မှာ ရုပ်ပိုင်းဆိုင်ရာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း **ပုဂ္ဂိုလ်ရေးရာ ထိတွေ့ဆက်ဆံမှုကိုရှောင်ကြဉ်ပြီး လူတစ်ဦးနှင့် တစ်ဦးအကြား ခပ်ခွာခွာအကွာအဝေးထားနေသည့် အပြုအမူ** - ဟူသည့် ရိုးရှင်းသောအလေ့အထကို လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ယင်းသို့ခပ်ခွာခွာနေရသည့်အကွာအဝေးမှာ ဗိုင်းရပ်စ်ရောဂါသည် မည်မျှလွယ်လွယ်ကူ ကူ ပျံ့ပွားနိုင်သည်ဟူသည့်အချက်အပေါ်မူတည်သည်။ WHO[၂၂] သည် လက်ရှိတွင် တစ်ဦးနှင့် တစ်ဦး အနည်းဆုံး ၃.၃ ပေ (၁ မီတာ) ခန့် ခွာနေရန်အကြံပြုထားပြီး CDC [၂၃] သည် ၆ ပေ (၁.၈ မီတာခန့်) ခန့် ခွာနေရန်အကြံပြုထားသည်။ ဖြစ်နိုင်ပါက EMB များအနေဖြင့် ပိုမိုကွာဝေးသော အကွာအဝေးလိုအပ်ချက် ထားရှိလုပ်ဆောင်သင့်သည်။ သို့သော်လည်း ၆ ပေ အကွာအဝေးသည် ပျှမ်းမျှအားဖြင့် ဘေးကင်းစိတ်ချရမှုရှိသော အကွာအဝေးဖြစ်သည်။ မကြာသေးမီက လေ့လာတွေ့ရှိချက်တစ်ခုအရ ချောင်းဆိုးရာ သို့မဟုတ် နှာချေရာမှထွက်လာသော အမှုန်အမွှားများတွင် ပါဝင်သော ဗိုင်းရပ်စ်ရောဂါပိုးများသည် ပြင်းထန်သော အခြေအနေရပ်များတွင် ၂၇ ပေ (၈ မီတာ) အထိ ရောက်နိုင်ကြောင်းဆိုသည်။ ထို့ကြောင့် အနည်းဆုံးခွာနေရမည့် အကွာအဝေးလိုအပ်ချက်များအတိုင်းနေသော်ငြားလည်းလူပုဂ္ဂိုလ်များအနေဖြင့်အခြေခံအသက်ရှူလမ်းကြောင်းဆိုင်ရာ ပိုးမွှားကင်းစင်ရေးနှင့် နှာချေချောင်းဆိုးလျှင် လိုက်နာရန်စည်းကမ်းကျင့်ဝတ်များ[၂၄] (ဥပမာ - ချောင်းဆိုးရာနှင့် နှာချေရာတွင် သင့်တော် စွာဖုံးအုပ်ခြင်း၊ တခါသုံးတစ်ရှူးများသုံးပြုခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း) ကို လိုက်နာရန်နှင့် မျက်နှာဖုံးများ သို့မဟုတ် အခြားမျက်နှာအကာအကွယ်များ ဝတ်ဆင်ရန် အရေးကြီးကြောင်း ယင်းတွေ့ရှိချက်က ဖော်ပြနေသည်။ နှာခေါင်းစည်းများအတွက် သီးသန့်လိုအပ်ချက်များအကြောင်း အသေး စိတ်အချက်အလက်များကို "ရွေးကောက်ပွဲနှင့် အရင်းအမြစ်များ အစီအစဉ်ရေးဆွဲခြင်း" အပိုင်းတွင် ဖတ်ရှုနိုင်သည်။

အခန်းပိတ်နေရာများတွင် မဲဆန္ဒရှင်များမှအကူအညီလိုအပ်ပါကနှင့် လူချင်းနီးကပ်စွာဆက်ဆံသည့် ယဉ်ကျေးမှုရှိသေ ာနိုင်ငံများတွင်နှင့် တစ်ကိုယ်ရည်ကင်းကင်းရှင်းရှင်းနေရာ (personal space) အကန့်အသတ်ရှိသည့်အခါတို့တွင် ယင်းရုပ်ပိုင်းဆိုင်ရာအကွာအဝေးအကြံပြုချက်များကို လိုက်နာလုပ် ဆောင်စေရန်အခက်အခဲရှိနိုင်သည်။ သို့သော်လည်း လူပုဂ္ဂိုလ်များအနေဖြင့် နီးနီးကြားကြားရှိပြီး၊ လိုအပ်သောအကွာအဝေးထားရှိရန် သတိပေးသည့် ပိုစတာများ ခင်းကျင်းပြသထားကာ၊အဆောက်အဦနေရာနှင့်အခင်းအကျင်းများသည်လည်းလူအများတစ်ယောက်နှင့်တစ်ယောက် တိုက်ရိုက်ထိ တွေ့မှုမှ ရှောင်ကြဉ်နိုင်ရန် ပြုလုပ်ထားသည် ဖြစ်လျှင် ရောဂါကူးစက်ပျံ့ပွားမှုကို ထိရောက်စွာ လျှော့ချနိုင်ပါသည်။ ယင်းလမ်းညွှန်ချက်များကို ရွေးကောက်ပွဲအရာရှိများအားသင်တန်းပို့ချခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေး မဲဆွယ်စည်းရုံးရေးများတွင် ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်သင့်သည်။ အသေးစိတ်အချက်အလက်များကို "မဲဆန္ဒရှင်အသိပညာပေးခြင်း" အပိုင်းတွင် ဖတ်ရှုနိုင်သည်။

## ရောဂါပိုးကူးစက်ခံရသူများမှ ဘုံအသုံးပြုသောအရာဝတ္ထုများအား ရောဂါပိုးကပ်တွယ်စေခြင်း/ ညစ်ညမ်းစေခြင်းမှ ရှောင်ကြဉ်ခြင်း သို့မဟုတ် လျှော့ချခြင်း

လူတစ်ဦးအနေဖြင့် ဗိုင်းရပ်စ်ပိုးရှိသောမျက်နှာပြင် သို့မဟုတ် အရာဝတ္ထုအား ကိုင်တွယ်ပြီး ၎င်း၏ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးတို့ကို ကိုင်တွယ်ခြင်းသည် ကိုရိုနာဗိုင်းရပ်စပ်ကူးစပ်ပျံ့ပွားခြင်း၏ အဓိကနည်းလမ်းမဟုတ်ဟု သိပ္ပံပညာဆိုင်ရာ လူမှုအသိုင်းအဝိုင်းအနေဖြင့် မယုံကြည်ထားသော်လည်း ကူးစက်နိုင်ပါသည်။ အန္တရာယ်များ လျှော့ချရန်မှာ EMB သည် **အရာဝတ္ထုများ ထိတွေ့ရန်နှင့် ကိုင်တွယ်ရန်လိုအပ်မှုကိုလျှော့ချရန်** လုပ်ဆောင်ခြင်း၊ ဖြစ်နိုင်ပါက အထိအတွေ့မဲ့ ယန္တရားစနစ်များ အကောင်အထည်ရန်နှင့် **လူအများသည် အရာဝတ္ထုများကို သန့်ရှင်းစင်ကြယ် အောင်ဆေးကြောထားသည့်လက်များဖြင့်သာ ထိတွေ့သို့မဟုတ် ကိုင်တွယ်ကြောင်းသေချာစေရန်** လုပ်ဆောင်နိုင် သည်။ CDC နှင့် WHO တို့သည် လက်ကိုသန့်ရှင်းစင်ကြယ်အောင်ဆေးကြောရန်အတွက် အောက်ပါ နည်းလမ်းနှစ်ခုကို အကြံပြုခဲ့သည်။

- ရေနှင့် ဆပ်ပြာ – လက်အား ရေနှင့် ဆပ်ပြာဖြင့် အနည်းဆုံးစက္ကန့် ၂၀ ကြာ နှံ့စပ်စွာဆေး ကြောခြင်း နှင့်/သို့မဟုတ်
- အနည်းဆုံး ပိုးသတ်အရက်/အယ်ဘ်ကိုဟော (alcohol) ၆၀ ရာခိုင်နှုန်းပါဝင်သည့်အရည် - အယ်လ်ကိုဟောအနည်းဆုံး ၆၀ ရာခိုင်နှုန်းပါတင်သည့် အရည်ဖြင့် လက်နှင့်မျက်နှာပြင်များ ကို

ဆေးကြောသန့်စင်ခြင်း

ကလိုရင်းပျော်ဝင်ရည် (၀.၀၅ %) ကို အထူးသဖြင့် အနောက်အာဖရိကနိုင်ငံရှိ EMB များမှ မကြာသေးမီက ကပ်ရောဂါကူးစက်ပျံ့ပွားမှုကာလအတွင်း အီဘိုလာဗိုင်းရပ်စ်ပိုးကိုတိုက်ဖျက်ရန် အသုံးပြုခဲ့သော်လည်း "ယင်းအရည်များ အသုံးပြုသူများအပါအဝင် ပြုလုပ်သူများအတွက် အန္တရာယ်ရှိပြီး နေရောင် သို့မဟုတ် အပူနှင့်ထိတွေ့ပါက ကလိုရင်းဓါတ်ပျက်စီးဆုံးရှုံးနိုင်မှုတို့ကြောင့်"[25] WHO မှ ၎င်းကို လက်ဆေးရန်အသုံးပြုခြင်းကို အားမပေးပါ။ ကလိုရင်းပါဝင်နှုန်း ၀.၀၅ % ထက်ပိုမိုမြင့်မားသည့် ပတ်ဝန်းကျင်သန့်စင်ရှင်းလင်းရေးများတွင်အသုံးပြုသော ကလိုရင်းပျော်ဝင်ရည်များ သို့မ ဟုတ် ချွတ်ဆေးများအား ထိတွေ့မိခြင်း၏ နောက်ဆက်တွဲအကျိုးဆက်ကြောင့် လူနာများ၊ ကျန်းမာ ရေးလုပ်သားများနှင့် အခြားသုံးစွဲသူများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ထိခိုက်မှုလက္ခဏာ များ တွေ့ရှိခဲ့ကြောင်း[၂၆]ကိုလည်း WHO မှ တွေ့ရှိခဲ့သည်။

## လူပုဂ္ဂိုလ်များမှ ရောဂါပိုးကပ်တွယ်နေသော/ညစ်ညမ်းနေသော အရာဝတ္ထုများအား ထိတွေ့မိခြင်း မှ ကာကွယ်ခြင်း သို့မဟုတ် လျှော့ချခြင်း

အထက်တွင်ဖော်ပြထားသော လက်သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်းနည်းလမ်းများအပြင် Pathogen များအား ဖယ်ရှားရန် အရာဝတ္ထုများနှင့် မျက်နှာပြင်များအား ပိုးသတ်ထားကြောင်းသေချာအောင်ဆောင်ရွက်ရန်လည်း အရေးကြီးသည်။ ၎င်းကို ဆပ်ပြာနှင့် ရေ (သို့မဟုတ်) အခြားပိုးသတ်ရည်များ (အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် ၀.၅ ရာခိုင်နှုန်း၊ ဆိုဒီယမ် ဟိုက်ပိုကလိုရိုက် ၀.၁ ရာခိုင်နှုန်း ပါဝင်သည့် အရည်များ၊ သို့မဟုတ် ကိုရိုနာဗိုင်းရပ်စ်အားဆန့် ကျင်တိုက်ဖျက်ရန်ထိရောက်သည်ဟု အတည်ပြုထားသောအခြား မည်သည့် ပိုးသတ်ဆေး ထုတ်ကုန်များမဆို) ဖြင့်လည်းကောင်း၊ သို့မဟုတ် ရောဂါပိုးသေဆုံးသည့် အချိန်ကာလတစ်ခုအထိ ယင်း အရာဝတ္ထုများနှင့်မျက်နှာပြင်များအားမထိတွေ့ပဲထားခြင်းဖြင့်လည်းကောင်း ပိုးသတ်သန့်စင်နိုင် သည်။ အရာဝတ္ထုများနှင့် မျက်နှာပြင်များအတွက် သီးသန့်ထားရှိရမည့်အချိန်သည် စာမျက်နှာ ၉ တွင် ဖော်ပြထားသည့်အတိုင်း ယင်း အရာဝတ္ထု နှင့် မျက်နှာပြင်များအား မည်သည့် ပစ္စည်းများဖြင့် ပြုလုပ်ထားသည်နှင့်၊ ပတ်ဝန်းကျင်အပူချိန်နှင့် စိုထိုင်းမှု[၂၇] စသည်တို့အပေါ်တွင် မူတည်သည်။

ပိုးမွှားကပ်တွယ်ညစ်ညမ်းနေသော အရာဝတ္ထုများနှင့် မျက်နှာပြင်များအားမှ တိုးမြှင့်ကာကွယ်ရန် လက်အိတ်များ ကိုအသုံးပြုနေသော်လည်း ပိုးမွှားများသည် ယင်းလက်အိတ်များအပေါ်တွင် ကပ်ညှိ နေနိုင်ပြီး အသုံးပြုသူများအနေဖြင့် ယင်းလက်အိတ်များကို ဝတ်ဆင်နေချိန်တွင် ၎င်းတို့၏မျက်နှာ များအား ကိုင်တွယ်ခြင်းမှရှောင်ကြဉ်ရန်၊ လက်အိတ်များကို မကြာခဏလဲလှယ်ဝတ်ဆင်ရန်နှင့် အသုံးပြုပြီးသောလက်အိတ်များအား ဘေးကင်းစွာစနစ်တကျစွန့်ပစ်ရန် သတိပြုရမည်ဖြစ်သည်။ EMB များအနေဖြင့်လည်း အမျိုးသားနှင့်အမျိုးသမီးများ စနစ်တကျ ဝတ်ဆင်နိုင်အောင် သင့်တော်သည့် PPE အရွယ်အစားမျိုးစုံရရှိနိုင်ကြောင်း သေချာအောင်ဆောင်ရွက်ရမည်။ လက်အိတ်များအ သုံးပြုခြင်းထက် လက်အား နှံ့စပ်စွာနှင့် မကြာခဏ သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်းကို အား ပေးသည်။

## ကျန်းမာရေးဆိုင်ရာ အာဏာပိုင်များနှင့် အခြားသက်ဆိုင်ရာအသင်းအဖွဲ့ ဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း

EMBများသည်ရွေးကောက်ပွဲမတိုင်မီအခြားနိုင်ငံများ၊ဒေသခံအာဏာပိုင်များနှင့်ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းပူးပေါင်းစင်တာများကို တည်ထောင်လေ့ရှိသည်။ ယင်းစင်တာများသည် ငြိမ်းချမ်းသော ရွေးကောက်ပွဲများဖြစ်ရန် အမျိုးမျိုးသော လုံခြုံရေးနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများမှ ဆက်ဆံရေးအရာရှိများအား လက်ခံဖိတ်ခေါ်ခဲ့ပြီး အချို့ နေရာများတွင် အစိုးရအသင်းအဖွဲ့ဌာနအမျိုးမျိုးတို့မှ ပိုမိုကျယ်ပြန့်စွာပါဝင်လုပ်ဆောင်သည်။ အများ ပြည်သူကျန်းမာရေးအကြပ်အတည်းကာလများ၊ ဥပမာ - COVID-19 ကပ်ရောဂါကူးစက်ပျံ့ပွားမှုအတွင်း - တွင် ကျန်းမာရေးအာဏာပိုင်များအနေဖြင့် ယင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး စင် တာများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်သင့်သည်။

EMB များသည် ရွေးကောက်ပွဲများနှင့် သက်ဆိုင်သည့် ပူးပေါင်းညှိနှိုင်းကြိုးပမ်းဆောင်ရွက်ချက်များကို ဦးဆောင်သည် ဖြစ်သော်လည်း COVID-19 ၏ နေ့စဉ်လူမှုဘဝများအပေါ်အကျိုးသက်ရောက်မှုများကြောင့် နိုင်ငံအများစုတို့သည် ၎င်းတို့၏ အကြီးတန်းအလုပ်အမှုဆောင်ရုံးများပါဝင်သည့် အထူးလုပ်ငန်းအင်အားအဖွဲ့များဖော်ဆောင်ပြီးဖြစ်သည်။ ဝန်ကြီးချုပ် သို့မဟုတ် ဒုတိယသမ္မတ ရုံးပါ ဝင်သည့် ယင်းလုပ်ငန်းအင်အားအဖွဲ့များကြောင့် ဗျူရိုကရေစီအာဏာဆန်မှုကို တိုက်ဖျက်ခြင်းနှင့် လိုအပ်သောရန်ပုံငွေများအချိန်နှင့်တပြေးညီ ရယူလက်လှမ်းမီနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ စွာရရှိသည်။ ယင်းလုပ်ငန်းအဖွဲ့များသည် သဘောသဘာဝအရ နည်းပညာပိုင်းဆန်ဆန်ဖြစ်ရမည့်အစား နိုင်ငံရေး ပါဝင်လာနိုင်သဖြင့် EMB ဦးဆောင်မှုသည် ဒီမိုကရေစီရွေးကောက်ပွဲများ ပြင်ဆင်ရန်နှင့် ကျင်းပရန် ၎င်း၏တရားဥပဒေ ဆိုင်ရာတာဝန်အပေါ်တွင်သာ အာရုံပြုသင့်သည်။

EMB များအနေဖြင့် ရွေးကောက်ပွဲများအပြည့်အဝကျင်းပသည်ဖြစ်စေ မကျင်းပသည်ဖြစ်စေ၊ အ ခြားအစိုးရအသင်း အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အကောင်းဆုံးအကျိုးပြုရန်နှင့် ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းမှ အကျိုး ဖြစ်ထွန်းရန် ဦးတည်သင့်သည့် အဓိကလုပ်ငန်းစဉ်သုံးရပ်ရှိသည်။ ဖော်ပြပါ လုပ်ဆောင်ချက် ၃ ရပ်တို့သည် အများပြည်သူ ကျန်းမာရေးအကြပ်အတည်းကာလများတွင် ရွေးကောက်ပွဲလုပ်ငန်းကိုစီစဉ်ကျင်းပရန်တာဝန်ရှိသည့် EMB များအားလုံး အတွက် အခြေ ခံ အရေးကြီးမှုများဖြစ်သည်။

- **သက်ဆိုင်ရာကျွမ်းကျင်သော ဒေသန္တရ ကျန်းမာရေးအာဏာပိုင်များနှင့် ကျွမ်းကျင်ပညာ ရှင်များဖြင့်** ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအားလုံးနှင့် ပါဝင်ပတ်သက်သောကူးစက်ပျံ့ပွားမှု အန္တရာယ်များအားလုံးကို ခြုံငုံသည့် **အများပြည်သူလူထုကျန်းမာရေး အကဲဖြတ်ဆန်းစစ်ချက်ကို ပူးပေါင်းဖက်စပ်လုပ်ဆောင်ခြင်း။** ဤသို့လုပ်ဆောင် ချက်မှာ EMB များအနေဖြင့် ရွေးကောက်ပွဲသမာသမတ်ကျမှုရှုထောင့်မှလုပ်ဆောင်ပြီးဖြစ်သော အန္တရာယ် အကဲဖြတ် ဆန်းစစ်ချက် (အကျင့်ပျက်ချစားမှု၊ စနစ်တကျလှည့်ဖြားခြင်းနှင့် မသမာမှုတို့ကို ကာကွယ်ရန်) အပြင် ထပ်မံဖြည့်စွက်လုပ်ဆောင်ချက်ဖြစ်သည်။
- အကဲဖြတ်ဆန်းစစ်ချက်မှ တွေ့ရှိချက်များအပေါ်အခြေခံပြီး ပါဝင်သက်ဆိုင်သူများ၊ ဥပမာ - နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO) များနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ များ - နှင့် တိုင်ပင်ဆွေးနွေးခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ရန်လိုအပ်ချက်များ၊ ရွေးကောက်ပွဲတာဝန်ရှိသူများ နှင့် အခြားပါဝင်သက်ဆိုင်သူများ အနေဖြင့် ၎င်းတို့၏သက်ဆိုင်ရာအခန်းကဏ္ဍများကို လုပ်ဆောင်နိုင်ရန်အတွက် ဝယ်ယူရန် လိုအပ်သော ထပ်လောင်းပစ္စည်းများ စသည်တို့ကို အသေးစိတ်ဖော်ပြထားသည့် **အန္တရာယ် လျှော့ချမှုအစီအစဉ် ရေးဆွဲဖော်ဆောင်ခြင်း။** အချို့ကိစ္စများတွင် တရားဥပဒေဆိုင်ရာပြင် ဆင်ချက်များကို စဉ်းစားရမည်ဖြစ်သည်။[၂၈] EMB များသည် အများပြည်သူထံသို့ဖြန့်ကျက် ရောက်ရှိရေးနှင့်၊ အများပြည်သူများ အကြား အန္တရာယ်လျှော့ချရေး ဆောင်ရွက်ချက်နည်း လမ်းများအကြောင်း အသိအမြင်နိုးကြားမှုရှိစေရန် လုပ်ဆောင်မည့်အစီအစဉ်ကို ဖော် ဆောင်ရန်လည်း လိုအပ်မည်ဖြစ်သည်။
- အန္တရာယ်လျှော့ချရေးအစီအစဉ်ကို EMB **လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် အသစ်ပြင်ဆင်ချက်** တွင် ပေါင်းစပ် ထည့်သွင်းပါ။ ၎င်းကိုလုပ်ဆောင်ရန်အတွက် ရွေးကောက်ပွဲအချိန်ဇယား ပြက္ခဒိန်နှင့် ရသုံးမှန်းခြေငွေ ဘတ်ဂျက် တို့ကို ပြင်ဆင်ရန်လည်းလိုအပ်လိမ့်မည်ဖြစ်သည်။

## အဆင့် ၁ – ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်များ

### ရွေးကောက်ပွဲနှင့် အရင်းအမြစ် အစီအစဉ်ရေးဆွဲခြင်း

#### ဆိုင်းငံ့မှုများနှင့် ရွေးကောက်ပွဲဆိုင်ရာအချိန်ပြက္ခဒိန်နှင့် ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များအား ပြင်ဆင်ခြင်း တို့ကို စဉ်းစားချက်များ

COVID-19 ရောဂါသည် ကမ္ဘာ့တစ်ဝှမ်းသို့ ကူးစက်ပျံ့နှံ့လျက်ရှိပြီး နိုင်ငံနှင့်နယ်မြေပေါင်း ၆၀ နီးပါးတို့မှ ၎င်းတို့၏ နိုင်ငံတော်အဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့် ရွေးကောက်ပွဲများသည် ကူးစက်ပျံ့နှံ့ မှုနှုန်းကို အရှိန်အဟုန်တိုးမြှင့်စေပြီး

EMB များအနေဖြင့်ယင်းသို့သော အန္တရာယ်အခြေအနေများကို ကျေနပ်ဖွယ်ကောင်းလောက်အောင် မတားဆီးနိုင်ဟူသည့် စိုးရိမ်မှုများကြောင့် ရွေးကောက်ပွဲများကို ဆိုင်းငံ့ထားကြောင်း ကြေညာထားသည်။ ဆိုင်းငံ့မှုများသည် တစ်ခါတစ်ရံတွင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများအား ကာကွယ်ရန် အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်နိုင်သော်လည်း ၎င်းသည် နိုင်ငံရေးဆိုင်ရာလှည့်ဖြားခြင်းနှင့် အာဏာအလွဲသုံးစားပြုခြင်းတို့ကို လမ်းဖွင့်ပေးလိုက်နိုင်သည်။၃၁ ခေါင်းဆောင်များသည် အများပြည်သူလူထုကျန်းမာရေးအကြပ်အတည်းကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆိုင်းငံ့ထားရန်နှင့် ၎င်းတို့၏အာဏာပိုင်ဆိုင်မှုကို ဆွဲဆန့်ရန် ဆင်ခြေအဖြစ်အသုံးပြုနိုင်ပြီး၊ ယင်းသို့ ထိရှလွယ်သောကာလအတွင်းတွင်းပင် ဒီမိုကရေစီအခြေခံစည်းမျဉ်းကို ယိုယွင်းပျက်စီးစေနိုင်သည်။ နိုင်ငံသားများကိုကာကွယ်ရန်အတွက် ဆိုင်းငံ့ထားခြင်းသည် တစ်ခုတည်းသော ဖြေရှင်းချက်ဖြစ်ပါက EMB နှင့် အခြားအများပြည်သူအာဏာပိုင်များသည် ရွေးကောက်ပွဲဆိုင်းငံ့မှုများကို ထိန်းကျောင်းထားသည့် တရားဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာဆောင်ရွက်ပြီး၊ ရွေးကောက်ပွဲများကို နောက်ကျသည့်တစ်ရက်ရက်တွင်ကျင်းပရန်အတွက် ကျန်းမာရေးအာဏာပိုင်များ ရွေးကောက်ပွဲပါဝင်သက်ဆိုင်သူများနှင့် ပူးပေါင်းပြီး အန္တရာယ်ဖြစ်ပေါ်နိုင် ချေအကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း၊ ဖြစ်နိုင်ပါက ရွေးကောက်ပွဲများကျင်းပမည့် နေ့စွဲအသစ်များချမှတ်ခြင်း၊ ယင်းသို့ဆုံးဖြတ်ရခြင်း၏အကြောင်းရင်းများကို အများပြည်သူသိရှိ အောင်နှင့် အများပြည်သူကျန်းမာရေးအန္တရာယ်ကျရောက်နိုင်မှုလျှော့ချရေးအတွက် လုပ်ဆောင်မည့် အရေးယူဆောင်ရွက်ချက်များကို ပါဝင်သက်ဆိုင်သူအားလုံးသိရှိအောင် အသိပေးအကြောင်း ကြားခြင်း စသည်တို့ကိုလုပ်ဆောင်ရမည်ဖြစ်သည်။

## ရွေးကောက်ပွဲကျင်းပမည့်နေ့စွဲကို စဉ်းစားချက်များ

ရွေးကောက်ပွဲကျင်းပမည့်ရက်နှင့် ကာလအပိုင်းအခြားကိုချမှတ်ရာတွင် ရာသီဥတုအပါအဝင် ရှုထောင့်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားပါသည်။ ရွေးကောက်ပွဲများကို ဥပမာ - မဲဆန္ဒရှင်များသည် ဘေးနံပိတ်အခန်းနေရာများတွင် လေဝင်လေထွက်ပိုမိုကောင်းမွန်ပြီး၊ လူစုလူဝေးဖြစ်ခြင်းမှ ရှောင် ကြဉ်ရန် ပိုမိုသင့်တင့်မျှတသော အပူချိန် သို့မဟုတ် မိုးနည်းသောရာသီတွင်ကျင်းပနိုင်သည်။ ရောဂါများသည် ခြင်၊ယင်နှင့် အခြားအင်းဆက်ပိုးမွှားများမှတဆင့် ကူးစက်ပျံ့ပွားနိုင်သည်ဖြစ်လျှင်သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်ယင်းခြင်ယင်ပိုးမွှားများမည်သည့်အချိန်တွင်ပေါများလေ့ရှိသည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ သာမန်အအေးမိဖျားနာမှုကိုဖြစ်ပေါ်စေသည့် Influenza ဗိုင်း ရပ်စ်များသည် ပိုမိုမြင့်မားသောအပူချိန်များတွင် ရှင်သန်လေ့မရှိပဲ၊ ၂၀၀၃ ခုနှစ်တွင် SARS ရောဂါ ပျံ့ပွားမှုသည်လည်း ပူးပြင်းသောအပူချိန်ရှိကာလများရောက်လာသည့်အခါ လျော့ကျလာခဲ့သည်။ အချို့ကျွမ်းကျင်ပညာရှင်များအနေဖြင့် COVID-19 ရောဂါပျံ့ပွားမှုသည် အမေရိကန်နှင့် ဥရောပနိုင် ငံများတွင် ပိုမို ပူနွေးသော၊ စိုစွတ်သော ရာသီဥတု၃၂ သို့ရောက်ရှိလာပါက အတန်အသင့်လျော့ကျ သွားမည်ဟု မျှော်မှန်းထားသော်လည်း ရာသီဥတု၏သက်ရောက်မှုကြောင့် ကူးစက်ပျံ့ပွားမှုနှုန်း သိသိသာသာ နှောင့်နှေးခြင်းရှိမရှိ တိကျစွာမသိရသေးပဲ၊ ကမ္ဘာ့တောင်ပိုင်းအခြမ်းတွင် ရောဂါပျံ့ပွားနှုန်းကိုကြည့်သောအားဖြင့် မြင့်မားသောအပူချိန်သည် ကိုရိုနာဗိုင်းရပ်စ်ပိုးကို ဟန့်တားရန်လုံလောက် မှုမရှိကြောင်းတွေ့ရသည်။

ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွက် ရက်စွဲများချမှတ်ရာတွင် ရောဂါ ကူးစက်ပျံ့ပွားမှုကိုထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ COVID-19 ကပ်ရောဂါအတွက်မှု WHO မှ ကူးစက်ပျံ့ပွားနိုင်သည့် ဖြစ်စဉ်ရပ် (Scenario) ပုံစံ ၄ မျိုးတို့ကို ဖော်ပြထားပြီးဖြစ်သည်။၃၃ ၁) ကူး စက်ခံရမှုမရှိ၊ ၂) ကျပန်းကူးစက်ခံရမှု၊ ၃) အစုလိုက်ကူးစက်ခံရမှု၊ နှင့် ၄) အပြင်းထန်ဆုံး ဖြစ်စဉ်ရပ် ဖြစ်ပြီး နိုင်ငံ၏နေရာအနှံ့အပြားတို့တွင် မသက်ဆိုင်သော အစုလိုက်ကူးစက်ခံရမှုအများအပြားရှိ နေနိုင်သည့် - လူမှုအသိုင်းအဝိုင်းအလိုက် ကူးစက်ခံရမှု -တို့ဖြစ်သည်။ အပြင်းထန်ဆုံး ဖြစ်စဉ်ရပ်အတွက် အစိုးရများမှအရေးယူဆောင်ရွက်ချက်များဖြစ်သည့် မလုပ်မနေရ အဝင်အထွက် အသွားအလာ ခေတ္တပိတ်ဆို့ဖြတ်တောက်ခြင်း (lockdown) နှင့် ခရီးသွားလာမှုကန့်သတ်ခြင်းတို့ကြောင့် ရွေးကောက်ပွဲတွင် လူကိုယ်တိုင်ပါဝင်ခြင်းအား အထမမြောက်ခြင်းဖြစ်စေနိုင်သည်။

EMB များသည် ၎င်းတို့၏နိုင်ငံ သို့မဟုတ် ဒေသအတွင်း ရောဂါလျှင်မြန်စွာကူးစက်ပျံ့ပွားမှုအဆင့် ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ အစီရင်ခံတင်ပြထားသောဒေတာအချက်အလက်များအား ယုံကြည်စိတ်ချနိုင်သည်ဟု ယူဆပြီး နိုင်ငံ သို့မဟုတ်ဒေသအလိုက်ရောဂါကူးစက်ခံရကြောင့်တွေ့ရှိမှုကိုဆင့်ပွားတွက်ဆချက်မှုသည်သက်ဆိုင်ရာတာဝန်ရှိသူများအား ကူးစက်ခံရမှုအရေအတွက်သည် မြင့်တက်မှုရှိမည် သို့မဟုတ် တည်ငြိမ်နေသည် သို့မဟုတ် နိမ့်ကျလာသည် စသည့်အမြင်တို့ကိုပေး စွမ်းနိုင်ပါသည်။ ပိုးတွေ့ရှိမှုတဟုန်ထိုးမြင့်တက်မှုဖြစ်ပေါ်နိုင်သည်ဖြစ်သဖြင့် ယင်းတွက်ဆချက်ကိန်းဂဏန်းသည် ရွေးကောက်ပွဲများဘေးကင်းစိတ်ချစွာကျင်းပနိုင်မှုကို အာမမခံသော်လည်း လျော့ကျနေသော ကိန်းဂဏန်းများသည် ရွေးကောက်ပွဲအတွက် ပိုမိုကောင်းမွန်သောဖြစ်စဉ်ကို ဖြစ်ပေါ်စေနိုင် သည်။

နောက်ဆုံးအနေဖြင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ စွမ်းဆောင်ရည်နှင့် ဖွဲ့စည်းပုံနှင့်၊ ရွေးကောက်ပွဲကာလများတွင်ဆေးရုံများ၏လူနာလက်ခံကုသပေးနိုင်သည့်ပမာဏနှုန်းထားတို့ကိုထည့်သွင်းစဉ်းစားရမည်။ဆေးရုံကုတင်များနှင့် အသက်ရှူစက်ကိရိယာများလိုအပ်မှုသည် နိုင်ငံ၏ ဝန်ဆောင်မှုအပေးနိုင်ဆုံးအဆင့်သို့ရောက်ရှိနေပြီဖြစ်ပါက ရွေးကောက်ပွဲများကို ကျင်းပခြင်းသည် ဆေးရုံးများမှ PPE ပစ္စည်းများကိုလည်း ရွေးကောက်ပွဲဆိုင်ရာဘက်သို့ လွှဲပြောင်းပေးလိုက်ရခြင်း အပြင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဝန်ပိစေပြီး ပြိုလဲမှုကိုပိုမိုဖြစ်ပေါ်စေနိုင်ပါသည်။

## ဖြည့်စွက် ပစ္စည်းများ၊ ကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ လိုအပ်မှုကိုရှာဖွေဖော်ထုတ်ခြင်းနှင့် ဝယ်ယူခြင်းကို စဉ်းစားချက်များ

ရွေးကောက်ပွဲ ပုံစံများကို လူကိုယ်တိုင်ပါဝင်လုပ်ဆောင်ရသည့်ပုံစံမှ လူအင်အားမလိုပဲအဝေးမှလုပ် ဆောင်ရသည့် နည်းလမ်းများသို့ပြောင်းလဲပါက EMB များသည် ဝယ်ယူမည့် ပစ္စည်းများ နှင့်/သို့မ ဟုတ် ကိရိယာများကိုလည်း အပြောင်းအလဲများအစဉ်လိုက်ပြုလုပ်ရမည်ဖြစ်သည်။ ဥပမာ - ဥပဒေ မူဘောင်မှခွင့်ပြုထားပါက၊ စာဖြင့်ပေးပို့ခြင်း သို့မဟုတ် ပျက်ကွက်သူထည့်မဲ တို့ကို မိတ်ဆက်လုပ် ဆောင်ခြင်း သို့မဟုတ် ချဲ့ထွင်လုပ်ဆောင်ခြင်းအတွက် စာအိတ်များ၊ စာပေးစာယူပို့ခများနှင့် မဲပြား များအား စိစစ်ရန်ပိုမိုကြီးမားသော အဆောက်အဦနေရာများ၊ ထပ်လောင်းလူအင်အားများ စုဆောင်းရန်နှင့် သင်တန်းပို့ချရန် စသည်တို့ကိုလိုအပ်မည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်း များကို အွန်လိုင်းသို့ရွှေ့ပြောင်းလိုက်ပါက ရုပ်မြင်ဆိုင်ရာနေရာ (virtual platforms) များ ဖန်တီးရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်များဝယ်ယူရန်လည်း ရှိလာနိုင်ပါသည်။

လူကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသည့်ရွေးကောက်ပွဲများကိုသာဆက်လက်ကျင်းပမည်ဆိုပါက EMB များအနေဖြင့် မဲဆန္ဒရှင်နှင့် ရွေးကောက်ခံယှဉ်ပြိုင်မည့်သူများ အမည်စာရင်းမှတ်ပုံတင်ခြင်းနှင့် မဲ ထည့်ခြင်းကာလများအကြား ရောဂါကူးစက်ပျံ့ပွားမှုအန္တရာယ်ကိုလျှော့ချရန်ရည်ရွယ်သည့် အသုံးအဆောင်ပစ္စည်းများကိုထပ်လောင်းဝယ်ယူရန်အတွက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အရာတိုင်း အချိန်မှီ၊ လုံလောက်စွာရောက်ရှိလာနိုင်ရန်အတွက် သက်ဆိုင်ရာ လိုအပ်သောအရင်းအမြစ်များကို သတ်မှတ်ခြင်း၊ ထောက်ပံ့ပေးမည့်သူများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ဝယ်ယူခြင်းတို့ကို အတတ်နိုင် ဆုံးပွင့်လင်းမြင်သာစွာနှင့် လျင်မြန်စောစီးစွာလုပ်ဆောင်ရမည်ဖြစ်သည်။ COVID-19 ကပ်ရောဂါ ကဲ့သို့သော ကြီးကြီးမားမားရောဂါလျင်မြန်စွာကူးစက်ပျံ့ပွားသည့်ဖြစ်စဉ်မျိုးတွင် အချို့ထုတ်ကုန်များအား ကမ္ဘာတစ်ဝှမ်းမှ လိုအပ်ချက်အများအပြားရှိနိုင်ပြီး၊ အချို့ကုန်ထုတ်လုပ်သူများသည်လည်း လုပ်ငန်းယာယီပိတ်သိမ်းထားနိုင်သည် ဖြစ်သဖြင့် လိုအပ်သောအထောက်အကူပစ္စည်း ရရှိမှုကွင်း ဆက်ပြတ်တောက်သွားခြင်းမျိုးဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရွေးကောက်ပွဲတာဝန်ရှိသူများအနေဖြင့် လိုအပ်သောအထောက်အကူပြုပစ္စည်းများအားလုံးကို ရွေးကောက်ပွဲမကျင်းပရန်ဆုံးဖြတ်ချက် မချမှီအချိန်အတွင်း ရရှိနိုင်ကြောင်းနှင့် လက်ဝယ်ရောက်ရှိအောင်ပို့ဆောင်နိုင်ကြောင်း သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။

အစောပိုင်းတွင်ဖော်ပြထားသည့်အတိုင်း COVID-19 ကူးစက်နိုင်မှုအန္တရာယ်လျော့ချရန်အတွက် မဲရုံများအနေဖြင့် အောက်ပါအထောက်အကူပစ္စည်းများကို လိုအပ်နိုင်ချေရှိပါသည်။

- လက်များကို သန့်စင်ရန်နှင့် ပိုးမွှားကင်းစင်အောင်ဆေးကြောရန် **ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော အခြေပြု အရည်များ** (Alcohol-based solutions) နှင့် အရာဝတ္ထုမျက်နှာပြင်များ သန့်စင်ရန်အတွက် **အခြားအတည်ပြုပေးထားသော ပိုးမွှားသန့်စင်သည့်ထုတ်ကုန်များ/ပိုး သတ်ဆေးများ** ကို အသုံးပြုရန်။ ထုတ်ကုန်တစ်မျိုးချင်းစီ၏ လိုအပ်သောပမာဏသည် မဲဆန္ဒ ရှင်၊ မဲရုံများနှင့် EMB မှအကောင်အထည်ဖော်ရန်မျှော်မှန်းထားသော လူကိုယ်တိုင်ပါဝင်ရ သည့်လုပ်ငန်းစဉ် (ဥပမာ - မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်း၊ မဲရုံအလုပ်သမားများ သင်တန်းပို့ချခြင်း) စသည့်အရေအတွက်များအပေါ်တွင်မူတည်။ ရွေးကောက်ပွဲနေ့အတွက်မူ မဲဆန္ဒရှင် ၁၀၀ ရာခိုင်နှုန်းအပြည့်လာရောက်မဲပေးနိုင်ချေနည်းပါးသော်လည်း EMB များအနေ ဖြင့် အများဆုံး လာရောက်နိုင်သော မဲဆန္ဒရှင်အရေအတွက် အတွက် မျှော်မှန်းပြီးစီစဉ်လုပ် ဆောင်ရမည်ဖြစ်သည်။
- **မျက်နှာ၊နှာခေါင်းစည်းများ**အား စနစ်တကျပြုလုပ်ပြီး ဝတ်ဆင်ပါက အသက်ရှူလမ်း ကြောင်းသို့ဝင်ရောက်နိုင်သည့် သေးငယ်သောအမှုန်အမွှားများကို ရာခိုင်နှုန်းအသင့်အတင့် တားဆီးနိုင်ပြီး အသုံးပြုသူမှ ယင်းအရည်များနှင့် ထိတွေ့နိုင်ချေကိုနည်းပါးစေပါသည်။ အကန့်အသတ် မရှိသော အထောက်အကူပြုပစ္စည်းများ ရရှိနိုင်သည်ဟု ယူဆပါက N-95 အ သက်ရှူနှာခေါင်းစည်းမျက်နှာဖုံးများသည် မြင့်မားသောထိရောက်မှုရှိသဖြင့် ကောင်းသော ရွေးချယ်မှု တစ်ခုဖြစ်သည်။[၂၉] ခွဲခန်းသုံးနှာခေါင်းစည်းမျက်နှာဖုံးများသည် N-95 နှာခေါင်း စည်းမျက်နှာဖုံးလောက် အကာအကွယ်မပေးနိုင်သော်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။ တစ်ကမ္ဘာလုံးတွင် ယင်းအထောက်အကူပြု ပစ္စည်းများ လုံလောက်မှုမရှိပဲ ပြတ် တောက်နေ သည်ဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်သည့်အလုပ်သမားများ အနေဖြင့် N-95 အသက် ရှူ နှာခေါင်းစည်းနှင့် ခွဲခန်းသုံး နှာခေါင်းစည်း နှစ်မျိုးစလုံးရယူရန် အပြည့်အဝ ဦးစားပေး လုပ်ဆောင်သင့်သည်။ ပစ္စည်းဆက်လက်ပြတ်တောက်နေပါက EMB များသည် မဲရုံအလုပ်သမား များနှင့် အခြားတာဝန်ရှိသူများ၊ ဘတ်ဂျတ်ငွေလုံလောက်မှုနှင့် ဝယ်ယူ ရရှိနိုင်မှုအပေါ်မူတည် ပြီး မဲဆန္ဒရှင်များ - အတွက် အဝတ်စဖြင့်ချုပ်လုပ်ထားသော နှာခေါင်းစည်းမျက်နှာဖုံးများ စသည့် အခြားရွေးချယ်စရာပစ္စည်းများအား ဝယ်ယူရန်စဉ်းစား သင့်သည်။ အဝတ်စနှာခေါင်း စည်းများကိုအသုံးပြုပါက စနစ်တကျလျှော်ဖွတ်ရန်လမ်းညွှန် ချက်များကို အသိပေးပြောကြားသင့်သည်။ EMB များသည် မဲဆန္ဒရှင်များအတွက် နှာခေါင်းစည်းများ ထောက်ပံ့ပေးရန် မတတ်နိုင်ပါက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ တွင်ပါဝင်လုပ်ဆောင်မည့် မဲဆန္ဒရှင်များ အနေဖြင့် ၎င်းတို့၏ နှာခေါင်းစည်းများကို ကိုယ် တိုင်ဝယ်ယူရန် သို့မဟုတ် ပြုလုပ်ရန် တိုက်တွန်းသင့်သည်။ CDC မှလည်း အိမ်တွင်ချုပ် လုပ်သောနှာခေါင်းစည်းများအတွက် လမ်းညွှန်ချက်များ[၃၀]ထုတ်ပြန်ပေးထားပြီးဖြစ်သည်။ COVID-19 ရောဂါပိုးရှိကြောင်းအတည်ပြုထားသည့်မဲဆန္ဒရှင်များနှင့်တိုက်ရိုက်ထိတွေ့သောမဲရုံဝန်ထမ်းများနှင့် အခြားမဲဆန္ဒရှင်များအား အကူအညီပေးမည့်သူများအနေဖြင့် လိုအပ်သည့်ရုပ်ပိုင်းဆိုင်ရာအကွာအဝေးတွင်နေရန် မဖြစ်နိုင်သဖြင့် ဖောက်ထွင်းမြင်နိုင် သော မျက်နှာကာ (face shield) များကိုအသုံးပြုရန်စဉ်းစားသင့်သည်။ ဖောက်ထွင်းမြင် နိုင်သော မျက်နှာဖုံးများအသုံးပြုခြင်းအားဖြင့် နားမကြားသော သို့မဟုတ် အကြားအာရုံချို့တဲ့သော မဲဆန္ဒရှင်များမှ မဲရုံဝန်ထမ်းများ၏နှုတ်ခမ်းလှုပ်ရှားပုံကိုမှန်းမိပြီး သိရှိနားလည် လွယ်စေမည်ဖြစ်သည်။
- **ကြိုး၊ ကြိုးစ၊ သီထားသောကြိုး၊ တိပ်၊ စတစ်ကာနှင့် ကပ်ခွါ အသုံးပြုဆောင်ရွက်ခြင်း** အားဖြင့် တန်းစီရာတွင်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုစီတိုင်းတွင် ရုပ်ပိုင်းဆိုင်ရာအကွာအဝေးထားရှိရန် ညွှန်ပြပြသပေးနိုင်သည်။ မဲဆန္ဒရှင်များ စနစ်တကျ တန်းစီနိုင်စေ ရန်အတွက် မဲရုံတစ်ခုချင်းစီတွင် တစ်ခုထက်ပိုသော ယင်းပစ္စည်းများအားထားရှိအသုံးပြုရန် အကြံပြုပါသည်။ ၎င်းတို့ကို ပြည်တွင်းအဆင့်တွင် ကုန်ကျစရိတ်နည်းပါးစွာဖြင့်ဝယ်ယူရရှိ နိုင်ပြီး၊ သင့်တော်သောပမာဏကိုမူ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခင်မဲပေးသည့်လုပ်ငန်း စဉ်အတွေ့အကြုံနှင့်နှိုင်းယှဉ်၍ တွက်ဆနိုင်မည်ဖြစ်သည်။ တန်းစီစောင့်နေသူများအကြား သင့်တင့်သော အကွာအဝေးရှိစေရန်အတွက်၆ပေအကွာအဝေးတိုင်းတွင်ဖဲကြိုးများသို့မဟုတ်ကြိုးစများကိုကြိုးချောင်းသို့မဟုတ် သီထားသောကြိုးကြီးနှင့် ထုံးချည်ပြီးထားရှိခြင်းနှင့် လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် လူတစ်ဦးချင်းစီမှ ခပ်ကွာကွာရပ်သင့်သည့် နေရာများကို ကြမ်းပြင်ပေါ်တွင် တိပ်များ သို့မဟုတ် စတစ်ကာများကို အမှတ်အသားပြု ကပ်ထားခြင်းတို့ ကိုပြုလုပ်နိုင်သည်။ တန်းစီစောင့်ဆိုင်မှုကိုကွပ်ကဲသူများအနေဖြင့်လည်း လိုအပ်သော ရုပ်ပိုင်း ဆိုင်ရာအကွာအဝေးထားရှိခြင်းကို လိုက်နာဆောင်ရွက်သင့်သည်။

- ဖြစ်နိုင်ပါက **မှန်ပျော့သား သို့မဟုတ် အခြားဖောက်ထွင်းမြင်နိုင်သော ဒိုင်းကာ အကာအကွယ်များ** သည် လုပ်ထုံးလုပ်နည်းအမျိုးမျိုး၊ ဥပမာ - မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်း၊ သို့မဟုတ် မဲဆန္ဒရှင်တရားဝင်မှု ကိုစိစစ်ခြင်း သို့မဟုတ် မဲဆန္ဒရှင်လက်မှတ်ထိုးခြင်း - တို့အတွင်း မဲရုံဝန်ထမ်းများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်များအကြား အကာအကွယ်ပေးသည့် အတားအဆီးတစ်ခုကို ဖြစ်ပေါ် စေနိုင်ပြီး၊ လူတစ်ဦးထံမှ အမှုန်အမွှားများကို အခြားတစ်ဦးထံသို့မရောက်ရှိအောင် ဟန့်တားပေးနိုင်ပါသည်။ ယင်း ဒိုင်းကာများကို သင့်တော်သောပစ္စည်းများဖြင့် မကြာခဏပိုးသတ်သန့်စင်ခြင်းကို ပြုလုပ်သင့်ပြီး ထိတွေ့ကိုင်တွယ်ခြင်းမှရှောင်ကြဉ်သင့်ပါသည်။
- **လက်အိတ်များ** ကိုဝတ်ဆင်သူများမှ ၎င်းတို့၏မျက်နှာများကို မကိုင်တွယ်မထိတွေ့ရန် ညွှန်ကြားထားသည်ဖြစ်သ၍ ၎င်းလက်အိတ်များကို မဲရုံအလုပ်သမားများနှင့် အခြားရွေးကောက် ပွဲတာဝန်ရှိသူများမှ မျက်နှာပြင်များနှင့် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့မှုမှ ရှောင်ကြဉ်ရန် ကြိုတင်ကာကွယ်သော ပစ္စည်းအနေဖြင့် စဉ်းစားနိုင်သည်။ လက်အိတ်တစ်စုံစီတို့ကို အချိန်တိုတိုအတွက်သာဝတ်ဆင်သင့်သည်။ အထောက်အကူပေးမှုများနှင့် အရင်းအမြစ်များရှိပါ က မဲရုံတစ်ရုံလျှင် - များသောအားဖြင့် အခု ၅၀ ပါဝင်သည့် - လက်အိတ်တစ်ပုံးစီတို့ကို ပံ့ပိုးပေးရန် အကြံပြုပါသည်။ ထိုသို့ပံ့ပိုးပေးခြင်းအားဖြင့် မဲရုံဝန်ထမ်းများ လက်အိတ်များကို မကြာခဏလဲလှယ်ဝတ်ဆင်နိုင်မည်ဖြစ်ပါသည်။ အသုံးပြုပြီးသားလက်အိတ်များကို စနစ်တကျဖယ်ရှားပြီး အလုံပိတ်ထည့်အိတ်များတွင် စနစ်တကျထည့်ပြီးစွန့်ပစ်သင့်ပါသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအားလုံးတွင် မဲဆန္ဒရှင်များ၏ တစ်ဦးချင်းစီ ထိတွေ့မိနိုင်မှုသည် နည်းပါးသဖြင့် မဲဆန္ဒရှင်များအနေဖြင့် လက်အိတ်များကိုအသုံးမပြုသင့်ပဲ ရွေးကောက်ပွဲလုပ်ငန်းစဉ်မတိုင်မီနှင့် ပါဝင်လုပ်ဆောင်ခြင်းအပြီး လက်များကိုသန့်ရှင်းစင် ကြယ်အောင်ဆေးကြောခြင်းသည် လုပ်ဆောင်ရန်ပိုမိုဖြစ်နိုင်ပြီး ပိုထိရောက်မှုရှိမည်ဖြစ် သည်။၃၆လက်အိတ်များသည် လုံခြုံပြီဟုသည့်မှားယွင်းသော အသိသညာ[၃၇] ဖြင့် မျက်နှာပြင် များနှင့် ၎င်းတို့၏ မျက်နှာများကို ကိုင်တွယ်ခြင်းကို ပိုမိုလုပ်မိစေနိုင်ပြီး၊ လက်ဆေးကြော သန့်စင်ခြင်းကို ပိုမိုခက်ခဲစေ သို့မဟုတ် မကြာခဏမဖြစ်စေပဲ စနစ်တကျမစွန့်ပစ် ပါကလည်း လူသန်းပေါင်းများစွာတို့ကအသုံးပြုမည်ဖြစ်သဖြင့် အန္တရာယ်ဖြစ်စေနိုင်ပါသည်။
- မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အခြားပါဝင်သူများအတွက် ပိုးမွှားသန့်ရှင်း စင်ကြယ်မှုဆိုင်ရာ လမ်းညွှန်းချက်များကို ဖော်ပြထားသည့် **ပညာပေးပစ္စည်းများ** ကို အများ ပြည်သူအခမ်းအနားတိုင်းတွင် အသုံးပြုရန် အကြံပြုပါသည်။ ပိုစတာများကို နိုင်ငံအတွင်း အသုံးပြုသောဘာသာစကားများနှင့် ရှင်းလင်းသော ရုပ်ပုံများဖြင့် မဲရုံများ၏ အတွင်းနှင့် အပြင်နှစ်ဘက်စလုံးတွင် ပြသထားသင့်သည်။ ရွေးကောက်ပွဲတာဝန်ရှိသူများအနေဖြင့် မည်သည့်ပိုစတာများသည်အသင့်တော်ဆုံးဖြစ်မည်ကို ကျန်းမာရေးဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းစီစဉ် လုပ်ဆောင်သင့်ပြီး၊ ၎င်းတို့ကို ထုတ်ဝေရန်အတွက်တာဝန်ရှိသည့် အေ ဂျင် စီအသင်းအဖွဲ့များနှင့် ချိတ်ဆက်သည်။ ယင်းပစ္စည်းများကို အခမဲ့ရရှိရန် ပြည်တွင်းနှင့် နိုင်ငံတကာအေဂျင်စီအသင်းအဖွဲ့များမှ ဆောင်ရွက်ပေးနိုင်ချေ များသည်။
- ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် **ရေဒီယိုနှင့် ရုပ်မြင်သံကြား သတင်းစကားများနှင့် အခြား အများပြည်သူထံ အသိပေးပြောကြားခြင်းများ** သည် မဲရုံသို့မလာရောက်မီ မဲဆန္ဒရှင်များအတွက်ရိုးရှင်းသော်လည်း၊ သေချာစွာပစ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များ ပါဝင်သင့်သည်။ အသေးစိတ်ကို "မဲဆန္ဒရှင် အသိပညာပေးခြင်း" အပိုင်းတွင်ဖတ်ရှုနိုင်သည်။ ယင်းသတင်းစကားများကို အခြားအများပြည်သူဝန်ဆောင်မှု သတင်းစကားများနှင့် စီလျော်မှုရှိစေရေးအတွက် ကျန်းမာရေးအာဏာပိုင်များနှင့် ပူးပေါင်းဖော်ထုတ်သင့်သည်။ သတင်းစကားများအား ရွေးကောက်ပွဲအတွက်စီစဉ်ထားပြီးဖြစ်သည့် သတင်းစကားများနှင့် မီဒီယာများတွင် အတူပေါင်းစပ်ထုတ်ပြန်ပါက ဘတ်ဂျတ်ငွေရှုပ်ထွေးခြင်းကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ သတင်းစကားများကိုကိုယ်ဟန်လက္ခဏာပြဘာသာစကား (Sign language) နှင့် ဖောင့်ဆိုက်အသေးအပြင် ဒေသခံဘာသာစကားစသည့် ရယူလက်လှမ်းမီနိုင်သောပုံစံများဖြင့် ထုတ်ပြန်သင့်သည်။ သတင်းအချက်အလက်ထုတ်ပြန်သည့် မဟာဗျူဟာများသည် အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် အခြားသာမန်အားဖြင့် ကိုယ်စားပြုခံရမှုနည်းသော အုပ်စုများအား ရောက်ရှိနိုင်ချေရှိသည့် ရှိပြီးသား ချန်နယ်လိုင်း များကို အကျိုးရှိရှိအသုံးချသင့်သည်။

ထိတွေ့မှုကင်းသည့် အပူချိန်တိုင်းကိရိယာ သာမိုမီတာများကို အနောက်အာဖရိကတွင် အီဘိုလာ ရောဂါကူးစက်ပျံ့ပွားစဉ်ကာလ၌အသုံးဝင်ကြောင်းတွေ့ရှိထားပြီးနိုင်ငံအချို့တို့မှလည်းၾင်းတို့ကိုလက်ရှိCOVID-19ကပ်ရောဂါအတွင်း အသုံးပြုနေပြီးဖြစ်သော်လည်း COVID-19 ကပ်ရောဂါအတွင်းအသုံးပြုခြင်းသည် သိပ်အကျိုးမပြုနိုင်ပါ။ သာမိုမီတာများသည် - အထူးသဖြင့် အတိုင်းခံသူမှ အဖျားထိန်းချုပ်သည့် ဆေးများသုံးစွဲ ထားလျှင် - စစ်ဆေးမှုရလဒ်များကို အဖျားရှိမရှိ မှားပြနိုင်[၃၂] ပြီး ရောဂါလက္ခဏာမပြသော ရောဂါကူးစက်ခံထားရသူများကို လက္ခဏာများစစ်ဆေးမထောက် လှမ်းနိုင်ပါ။ ဖျားနာခြင်းသည် အီဘိုလာရောဂါ၏ စောစီးသောရောဂါလက္ခဏာများအနက်တစ်ခုဖြစ် ပြီး ရောဂါလက္ခဏာများမပြသ၍ ရောဂါရှိသူများထံမှ ရောဂါမကူးစက်နိုင်သော်လည်း မကြာသေးခင်က တွေ့ရှိချက်များအရ COVID-19 ရောဂါရှိကြောင်း ခါတ်ခွဲအတည်ပြုသူများသည် ရောဂါလက္ခဏာမပြပဲရှိသော်လည်း ရောဂါကိုအခြားသူများထံသို့ ကူးစက်စေနိုင်ဆဲဖြစ်သည်ဟုဆိုသည်။[၃၃] အထူးသဖြင့် အရင်းအမြစ်များရှားပါးသည့်အနေအထားတွင် သာမိုမီတာများသည် ဦးစားပေး အသုံးပြုသည့်ပစ္စည်းမဖြစ်သင့်ပါ။

## ရသုံးမှန်းခြေဘတ်ဂျတ်ငွေနှင့် ထပ်လောင်းကုန်ကျစရိတ်များအား စဉ်းစားချက်များ

EMB များသည် အထက်တွင်ဖော်ပြထားသောအရင်းအမြစ်များသည် စရိတ်စကများထပ်လောင်း ကုန်ကျစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ရောဂါလျင်မြန်စွာကူးစက်မှုသည် မည်မျှပျံ့နှံ့သည် ဟူသည့်အပေါ်တွင်မူတည်၍ နိုင်ငံအတွင်း သို့မဟုတ် ဒေသအတွင်းရှိအခြားအဖွဲ့အစည်းများသည် တူညီသော အထောက်အကူပစ္စည်းများကိုလိုအပ်နိုင်သည်ဖြစ်ပြီး ပစ္စည်းပြတ်လတ်မှုများနှင့် ဈေးမြင့်တက်မှုများဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် အထောက်အကူပစ္စည်းအသစ်များသည် အများပြည် သူ့ကျန်းမာရေးအကြပ်အတည်းကြောင့် ရွေးကောက်ပွဲများအပေါ်တွင် ဖြစ်ပေါ်စေသည့် တစ်ခုတည်းသော အပိုထပ်လောင်းကုန်ကျစရိတ်မဟုတ်ပါ။ ရောဂါကူးစက်ပျံ့ပွားစဉ်အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို လူကိုယ်တိုင်ပါဝင်လုပ်ဆောင်စေခြင်းအားဖြင့် အကောင်အထည်ဖော်လျှင် EMB များသည် လူစုလူဝေးများလျှော့ချရန်နှင့် ပါဝင်တက်ရောက်သူ များမှ လိုအပ်သော ရုပ်ပိုင်းဆိုင်ရာအကွာအဝေးထားရှိရန်တို့အတွက် နည်းလမ်းများကို စဉ်းစားရမည်ဖြစ်ပါသည်။ ၎င်းဖြေရှင်းဆောင်ရွက်ချက်များတွင် အမည်စာရင်းမှတ်ပုံတင်သွင်းခြင်း အတွက် ရက်ပိုပေးခြင်း၊ ပေးထားသောအချိန်အတွင်း အုပ်စုငယ်များ ဖြစ်စေရန် မဲရုံအလုပ်သမားသင်တန်း ပို့ချစဉ်များကို ပိုမိုကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်သော အကွာအဝေးထားရှိနိုင်ရန်အတွက် ပိုမိုကြီးမားသော နေရာများကိုငှားရမ်းခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ပြင်ဆင်ထားသော လုပ်ထုံးလုပ်နည်းများနှင့် PPE အမျိုးမျိုးတို့အား စနစ်တကျ အသုံးပြုခြင်းဆိုင်ရာ သင်တန်းအသစ် လိုအပ်ချက် များအရ သင်တန်းအစီအစဉ်များသည် အချိန်ပိုလိုအပ်မည်ဖြစ်သည်။ ယင်းရွေးချယ်လုပ်ဆောင်မှု အားလုံးတို့သည် ကုန်ကျစရိတ်များတိုးစေနိုင်ပါသည်။

> “EMB များသည် ယင်းသို့ထပ်လောင်းကုန်ကျစရိတ်များအားလုံးနှင့် ၎င်းတို့ကိုဝယ်ယူနိုင်ခြင်းရှိမရှိတို့ကိုစဉ်းစားပြီး၊ ၎င်းတို့ရသုံးမှန်းခြေဘတ်ဂျတ်ငွေ၏ပြင်ပ ကုန်ကျနိုင်မှုများအား ကာမိစေရန် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် အေဂျင်စီအသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ကာ၊ ဦးစားပေးဆောင်ရွက်ရန်လိုအပ်ချက်များကိုဖော်ထုတ်ရန်အတွက် ကျန်းမာရေးအာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။”

နောက်ဆုံးအနေဖြင့် EMB များသည် လူကိုယ်တိုင်ပါဝင်လုပ်ဆောင်ရမည့်အစုအဝေးများကို ရှောင်ရှားပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်ရန်ဆုံးဖြတ်ပါက အဝေးမှ လူအင်အားမဲ့လုပ်ဆောင်မည့်နည်းလမ်းများနှင့်သက်ဆိုင်သောအခြားကုန်ကျစရိတ်များရှိနိုင်ပါသည်။ EMB များသည် ဥပမာအားဖြင့် အွန်လိုင်းပလက်ဖောင်းများ၊ ရုပ်သံအမြင်အကြားဖြင့်သင်တန်းပို့ချမှု (virtual training) များ၊ ပေးပို့ရမည့် ဖောင်ပုံစံများနှင့် ပစ္စည်းများ၊ ယင်းအရင်းအမြစ်များကို တရားဝင်အသုံးပြုကြောင်းသေချာစေမည့် ဘေးကင်းလုံခြုံရေးဆောင်ရွက်ချက်များ စသည်တို့အပေါ် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရမည်ဖြစ်သည်။ EMB များသည်ယင်းသို့ထပ်လောင်းကုန်ကျစရိတ်များအား လုံးနှင့် ၎င်းတို့အား ဝယ်ယူနိုင်ခြင်းရှိမရှိတို့ကို စဉ်းစားပြီး၊ ၎င်းတို့၏ရသုံးမှန်းခြေဘတ်ဂျတ်ငွေ၏ ပြင်ပ ကုန်ကျနိုင်မှုများအား

ကာမိစေရန်အတွက် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် အေဂျင်စီအသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ကာ၊ ဦးစားပေးဆောင်ရွက်ရန်လိုအပ်ချက်များကိုဖော်ထုတ်ရန်အတွက် ကျန်းမာရေးအာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။

## ရွေးကောက်ခံကိုယ်စားလှယ်လောင်းအမည်စာရင်းမှတ်ပုံတင်သွင်းခြင်း

### စာဖြင့်ပေးပို့အမည်စာရင်းမှတ်ပုံတင်သွင်းခြင်းအား စဉ်းစားချက်များ

ရွေးကောက်ခံကိုယ်စားလှယ်လောင်း အမည်စာရင်းမှတ်ပုံတင်သွင်းခြင်းလုပ်ငန်းစဉ်သည် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလယှဉ်ပြိုင်သူများအား ရွေးကောက်ပွဲတွင်၎င်းတို့၏ပါဝင်မှုကို တရားဝင်ဖြစ် စေပါသည်။ EMB သည် ရွေးကောက်ပွဲနေ့တွင်အသုံးပြုရန် အမည်စာရင်းသွင်းချိန်တွင် တင်ပြထားသော ပါတီအသင်းနှင့် ယှဉ်ပြိုင်သူများ၏ သတင်းအချက်အလက်များအား ပုံနှိပ်ထားသော သို့မဟုတ် နည်းပညာအခြေပြုနည်းလမ်းဖြင့် ပြုလုပ်ထားသော မဲပြားများ (electronic ballots) ဖြင့်ထုတ်လုပ်သွားမည်ဖြစ်သည်။ အမည်စာရင်းမှတ်ပုံတင်သွင်းချိန်တွင် တင်ပြသော သတင်း အချက်အလက်များကို မဲပြားအတွက်အသုံးပြုသွားမည်ဖြစ်သဖြင့် မှားယွင်းသောသတင်းအချက် အလက်များသည် အကျုံးဝင်မှန်ကန်မှုနှင့် မဲပြားထုတ်လုပ်ခြင်းတို့အပေါ် ထိခိုက်နိုင်သည်ဖြစ်သဖြင့် ပေးထားသောသတင်းအချက်အလက်များသည် မှန်ကန်မှုရှိရန် လွန်စွာအရေးကြီးပါသည်။

ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ အမည်စာရင်းမှတ်ပုံတင်ခြင်းကို ထိန်းကျောင်းသည့် နိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာစနစ်နှင့် တရားဥပဒေဆိုင်ရာမူဘောင်များအပေါ်တွင်မူတည်ပြီး လုပ်ငန်းစဉ်အား မှတ်ပုံတင်ထားသော စာပေးပို့ခြင်း သို့မဟုတ် လူကိုယ်တိုင်တို့မှတဆင့် အများအပြား ပြီးမြောက် အောင်ဆောင်ရွက်နိုင်သည်။ စာဖြင့်ပေးပို့ခြင်းသည် လျှောက်ထားသူများအတွက် ကျန်းမာရေးအန္တရာယ်ပိုလျော့နည်းပြီး၊ လျှောက်ထားသူများနှင့် ရွေးကောက်ခံယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းလျှောက်ထားမှုများအား စိစစ်လုပ်ဆောင်သည့် တာဝန်ရှိသူများ နှစ်ဖက်စလုံးမှ ယင်းအန္တရာယ်များ ကို ဖြေရှင်းဆောင်ရွက်ရန် လွယ်ကူရိုးရှင်းပါသည်။ "မဲရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များ" တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း အိမ်တွင်ဖောင်များရေးသွင်းဖြည့်စွက်သည့် တစ်သီးပုဂ္ဂလများအနေဖြင့် ဖြည့်စွက်သည့်လုပ်ငန်းစဉ်တွင် ၎င်းတို့၏လက်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြီး ပြန်ပို့မည့်စာအိတ်များမှာ စံအားဖြင့် အလိုအလျောက်ချိတ်ပိတ်နိုင်သည့်စာအိတ်များ ဖြစ်သင့်ပါသည်။ ယင်းစာအိတ်မျိုးများမရရှိနိုင်ပါက လူ့ပုဂ္ဂိုလ်များအနေဖြင့် စာအိတ်ပေါ်တွင် တံထွေးများကို အသုံးပြုပြီး စာအိတ်ချိတ်မပိတ်ရန်နှင့် ဘေးကင်းသော အခြားနည်းလမ်းများ၊ဥပမာ – ကပ်ခွာဖြစ်လာစေရန်စိုထိုင်းသောရေမြှုပ် – ကိုအသုံးပြုရန် သတိပေးညွှန်ကြားချက်များကို ပုံနှိပ်ထားသင့်သည်။ ပေးပို့လာသောလျှောက်ထားစာများကိုလက်ခံရရှိသည့် တာဝန်ရှိသူများအနေဖြင့်လည်း လက်အိတ်များအသုံးပြုခြင်း၊ လက်သန့်စင်ဆေးကြောခြင်းလုပ်ထုံးများကိုလိုက်နာခြင်း၊ မျက်နှာများအား ကိုင်တွယ်ထိတွေ့ ခြင်းမှရှောင်ကြဉ်ခြင်း၊ အဆောက်အဦအတွင်း လိုအပ်သော ရုပ် ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်းတို့ကို လိုက်နာလုပ်ဆောင်သင့်ပါသည်။

### ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအမည်စာရင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လူကိုယ်တိုင်ပါဝင်ရသော လုပ်ထုံးလုပ်နည်းကို စဉ်းစားခြင်း

ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအမည်စာရင်းမှတ်ပုံတင်သွင်းခြင်းလုပ်ငန်းစဉ်အများစု သည် သက်ဆိုင်ရာ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများမှ သတ်မှတ်ထားသောရုံးများတွင် မူရင်း တရားဝင်အထောက်အထား စာရွက်စာတမ်းများ၊ လက်မှတ်ထိုးဖောင်များ သို့မဟုတ် မဲစာရွက်အတွက် ဓါတ်ပုံ အရိုက်ခံခြင်း စသည်တို့အတွက် လူကိုယ်တိုင်လာရောက်ရန်လိုအပ်သည်။၄၀ အချို့ကိစ္စများတွင် နိုင်ငံရေးအသင်းအဖွဲ့ကိုယ်စားလှယ် သို့မဟုတ် မျက်မြင်သက်သေများလည်း တက်ရောက်ရန် လိုအပ်သဖြင့် တူညီသော အဆောက်အဦတစ်ခုအတွင်း လူစုဝေးသည့်အရေအတွက်များပြားလာသည်။ ထို့ကြောင့်လူကိုယ်တိုင်လာရောက်ပြီးအမည်စာရင်းမှတ်ပုံတင်သွင်းခြင်း အတွက် EMB တာဝန်ရှိသူများအနေဖြင့် အဆောက်အဦအတွင်းနှင့် အပြင်တို့တွင် တန်းစီစောင့်ဆိုင်နေသူများအား ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေစေခြင်း၊ သင့်တော်သော အဝင်အထွက် လုပ်ထုံးနည်းစနစ်များနှင့် ရုံးစာရေးများအနေဖြင့်

ဘေးကင်းသော အနေအထားတွင်လုပ်ဆောင်နိုင်ရန် နေရာလွတ် လုံလောက်စွာခြားထားပေးခြင်း စသည်တို့ကို စဉ်းစားသင့်သည်။ သတ်မှတ်ထားသောအဆောက် အဦးအတွင်း သို့မဝင်ရောက်မီလျှောက်ထားသူများသည် သင့်တော်သောလက်သန့်စင်ဆေးကြောခြင်းဆိုင်ရာ လုပ်ထုံးများကို လိုက်နာသင့်သည်။ သက်ဆိုင်ရာ လမ်းညွှန်ချက်များ ပါဝင်သည့် ပိုစတာများကိုလည်း ခင်းကျင်းပြသထားသင့်သည်။

EMB များသည် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအမည်စာရင်းမှတ်ပုံတင်သွင်းခြင်းစနစ်ကို ကွန်ပျူတာအခြေပြု မဲပြားဒီဇိုင်းပြုလုပ်ခြင်းနည်းလမ်းများပိုမိုပေါင်းစပ်ထည့်သွင်းလုပ်ဆောင်လာကြပြီး ရွေးကောက်ခံကိုယ်စားလှယ်လောင်းများသည် မှတ်ပုံတင်သည့်အချိန်တွင် စနစ်အတွင်း သို့ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များအား ဖြည့်သွင်းရန်လိုအပ်သည်ဖြစ်သည်။ COVID-19 ကူးစက်ပျံ့ပွားမှု အန္တရာယ်ကိုလျှော့ချရန်အတွက် ရုံးများတွင် ကွန်ပျူတာအခြေပြုနည်းစနစ်ဖြင့်ပေါင်းစပ်ထားသောရွေးကောက်ခံကိုယ်စားလှယ်လောင်းများအမည်စာရင်းမှတ်ပုံတင် သွင်းခြင်းစနစ်ကို အသုံးပြုရာတွင် နည်းပညာ ပိုင်းဆိုင်ရာစက်ကိရိယာကို ကိုင်တွယ်အသုံးပြုခြင်း၊ စာရွက်စာတမ်းများ ဖလှယ်ခြင်း၊ ဖောင်များ လက်မှတ်ရေးထိုးခြင်းနှင့် ဓါတ်ပုံရိုက်ခြင်း စသည့် လုပ်ငန်းစဉ်များ၌ "မဲဆန္ဒရှင် အမည်စာရင်းမှတ်ပုံတင်ခြင်း" အောက်တွင်ဖော်ပြထားသကဲ့သို့သော ကာကွယ်ဆောင်ရွက်ချက်များပါဝင်မည်ဖြစ်သည်။ ရွေးကောက်ခံယှဉ်ပြိုင်သူများအမည်စာရင်း မှတ်ပုံတင်သွင်းခြင်းအတွက် လမ်းညွှန်ချက်များကိုဖော်ဆောင်ရာတွင် EMB များသည် လုပ်ငန်းစဉ်တစ်ခုလုံးတွင် သင့်တော်သော ရုပ်ပိုင်းဆိုင်ရာ ခပ်ခွာခွာနေခြင်း၊ လက်သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပိုးမွှားကင်းစင်အောင်လုပ်ဆောင်ခြင်း စသည့် လမ်းညွှန်ချက်များ ပါဝင်ကြောင်းသေချာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ စာရွက်စာတမ်းများ ကြိမ်ဖန်များစွာဖလှယ်ခြင်းနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၏ ဓါတ်ပုံရိုက်ယူရာတို့တွင် လူတစ်ဦးနှင့်တစ်ဦးအကြား နီးကပ်မှုများစသည်တို့ ရှိသည်ဖြစ်သဖြင့် လျှောက်ထားသူများနှင့် ရွေးကောက်ပွဲတာဝန်ရှိသူနှစ်ဖက်စလုံးအနေဖြင့် မျက်နှာဖုံးနှာခေါင်းစည်းများ နှင့် လက်အိတ်များ အသုံး ပြုရန်တိုက်တွန်းပါသည်။

### ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအမည်စာရင်းမှတ်ပုံတင်သွင်းခြင်းအတွက် အထောက်အထားလက်မှတ်အား စဉ်းစားခြင်း

သက်ဆိုင်ရာ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒရှင်များမှ အနည်းဆုံး ထောက်ခံလက်မှတ်အရေအတွက်ကို တင်ပြရန် လိုအပ်လေ့ရှိသည်။ လူကိုယ်တိုင် လက်မှတ်ပေါင်း ထောင်ချီတို့ကို စုဆောင်းရန်နှင့် လက်မှတ်ထိုးစာအုပ်များကို ပေးအပ်ခြင်းသည် လက်မှတ်စုဆောင်းသူနှင့် လက်မှတ်ရေးထိုးသူများ အနေဖြင့် အပြန်အလှန်ဆက်ဆံပြောဆိုရန်နှင့် တူညီသောအရာဝတ္ထုတစ်ခုကို ထိတွေ့ခြင်းစသည်တို့ကြောင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်နိုင်သည့်အန္တရာယ်များဖြစ်ပေါ်စေသည်။ ဖြစ်နိုင်ပါက EMB များသည် လိုအပ်သော လက်မှတ် အရေအတွက်ကို လျှော့ချခြင်း သို့မဟုတ် လုံခြုံစိတ်ချရသောနည်းလမ်းများကိုအသုံးပြုပြီး အွန်လိုင်းမှတဆင့် လက်မှတ်များစုဆောင်းရန်ခွင့်ပြုခြင်း စသည်တို့ကိုစဉ်းစားသင့်သည်။

## ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးလှုံ့ဆော်ခြင်း

### သမားရိုးကျနှင့် သတင်းမီဒီယာ မဲဆွယ်စည်းရုံးလှုံ့ဆော်ခြင်းအကြောင်း စဉ်းစားခြင်း

မျှတသောရွေးကောက်ပွဲများဖြစ်ရန်မှာ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးလှုံ့ဆော်ခြင်းအတွက် တန်းတူညီမျှသော အခွင့်အရေးများရှိခြင်းသည် အရေးပါသည်။ လက်ရှိအစိုးရအောက် ရုံးထိုင်တာဝန်ထမ်းဆောင်နေသူများသည် အများပြည်သူ ကျန်းမာရေးအကြပ်အတည်းကာလတွင် မီဒီယာများ ကိုရယူလက်လှမ်းမှီနိုင်ဦးမည်ဖြစ်ပြီး ထပ်လောင်း အသိပေးချက်များကိုလက်ခံရရှိနိုင်ဦးမည်ဖြစ်သော်လည်း အတိုက်အခံအသင်းအဖွဲ့ ရွေးကောက်ခံ ကိုယ်စားလှယ် လောင်းများအသစ်များနှင့် အများပြည်သူအခမ်းအနားပြုလုပ်ခြင်းအပေါ်အကန့်အသတ်များနှင့် အဝင်အထွက် အသွားအလာ ခေတ္တပိတ်ဆို့ထားမှုများရှိသည့် ကာလများအကြား လူအများသိရှိအောင်လုပ်ဆောင်ရန် အရင်းအမြစ် များနည်းပါးသည့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ စသည်တို့အတွက် အခက်အခဲရှိနိုင်ပါသည်။ နိုင်ငံအမြောက်အများတို့တွင် အချို့နေရာများအတွက် ရုံးထိုင်တာဝန်ထမ်းဆောင် နေသူများအများစုတို့သည်

အမျိုးသားများဖြစ်ကြပြီး ယင်းအတားအဆီးများက အမျိုးသမီးရွေးကောက်ခံကိုယ်စားလှယ်လောင်းများကို အများမှ သိရှိရန်နှင့် ရွေးကောက်ခံရန်ပိုမို ခက်ခဲစေသည်။

သို့ဖြစ်ရာ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများနှင့် ပါတီအသင်းအဖွဲ့များအားလုံးသည် မီဒီယာအား မျှတစွာ လက်လှမ်းမီနိုင်ရန်နှင့် နိုင်ငံရေးဘဏ္ဍာရေးရာစည်းမျဉ်းစည်းကမ်းများ လိုက်နာမှုရှိ စေရန်မှာ ပိုမိုအခရာကျလာပါသည်။ EMB များသည် ပါတီအသင်းအဖွဲ့များနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများမှ မီဒီယာရှေ့မှောက် ရောက်ရှိနိုင်အောင်လုပ်ဆောင်ပေးခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းအသစ်များအနေဖြင့် နိုင်ငံရေး ပလက်ဖောင်းများတွင် ရုပ်လုံးထွက်တင်ဆက်ပြသနိုင်သည့်အခွင့်အရေးပေးရန် မီဒီယာများမှ ရုပ်မြင်သံကြား ချေပဆွေး နွေးမှုများပိုမိုစီစဉ်ပေးခြင်း - အတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိက သတင်းမီဒီယာအဖွဲ့နှစ်မျိုးစလုံးတို့နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန်စဉ်းစားသင့်သည်။ EMB များသည် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် အရင်းအမြစ်နည်းပါးသည့် ပါဝင်ယှဉ်ပြိုင်သူများ အတွက် အမည်စာရင်းမှတ်ပုံ တင်ကြေးကိုမကောက်ခံပဲခဝါချပေးခြင်းစသည့် အကျိုးအမြတ်များ ခံစားခွင့်ပေးရန်ကိုလည်း စဉ်းစားသင့်သည်။

ဖြစ်နိုင်ပါက EMB များသည် နိုင်ငံရေးအသင်းအဖွဲ့များအား ၎င်းတို့၏လုပ်ငန်းစဉ်များအတွက် အထူး အန္တရာယ် လျှော့ချရေးလုပ်ထုံးများအပေါ် ကျန်းမာရေးအာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရန်နှင့် ရောဂါအား တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် တသမတ်တည်းဖြစ်သောသတင်းစကား များရှိစေရန် တို့ကိုတိုက်တွန်းနိုင်သည်။ ချေပဆွေးနွေးမှုများ၊ သတင်းစာရှင်းလင်းပွဲနှင့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အွန်လိုင်းတို့မှတဆင့် အခမ်းအနား တင်ဆက်ထုတ်လွှင့်မှုများသည်လည်း သက်ဆိုင်ရာ အန္တရာယ်လျှော့ချရေးကာကွယ်ဆောင်ရွက်ချက်များကို လိုက်နာရ မည်ဖြစ်သည်။ ပါဝင်တက် ရောက်သူများသည် တစ်ဦးနှင့်တစ်ဦး ၆ ပေအကွာတွင်ထိုင်ပြီး၊ အခြားသူများအနားတွင် PPE (အထူး သဖြင့် မျက်နှာဖုံးနှာခေါင်းစည်း) များဝတ်ဆင်ကာ အထက်တွင်ဖော်ပြထားသော လက်သန့်စင် ဆေး ကြောခြင်း လုပ်ထုံးလုပ်နည်းမျိုးကို လိုက်နာရမည်ဖြစ်သည်။ မျက်နှာဖုံးနှာခေါင်းစည်းများ ဝတ်ဆင်ထားစဉ် စကားပြောသူ၏ နှုတ်ခမ်းကိုလိုက်ဖတ်ရန်မဖြစ်နိုင်သဖြင့် ပါဝင်သည့်အကြောင်း အရာတို့အားရယူလက်လှမ်းမီနိုင်ရန်မှာ စာတန်းထိုးခြင်း နှင့် ကိုယ်ဟန်လက်ဟန်ဘာသာစကားပြန် တို့ပိုမိုအရေးပါလိုအပ်လာသည်။ နည်းပညာအခြေပြုပစ္စည်းများ (electronic devices) စကရင် များ၊ လက်နှိပ်စက်/ကီးဘုတ်များနှင့် မိုက်ခရိုဖုန်း တို့ကို ထုတ် လုပ်သူ၏လမ်းညွှန်ချက်များ အတိုင်း ပိုးမွှားကင်းအောင်သန့်စင်ပေးရမည်။ အထူးသဖြင့် အခမ်းအနားများအား ဗီဒီယိုဖြင့်ထုတ်လွှင့် တင်ဆက်ခြင်းဖြစ်ပါက ပါဝင်တက်ရောက်သူများအနေဖြင့် ၎င်းတို့၏အပြုအမူများကို အများ ကြည့်ရှုနေသဖြင့် ခေါင်းဆောင်များ သို့မဟုတ် လွှမ်းမိုးမှုရှိသူများအနေဖြင့် စံပြနေထိုင်ရမည် ဖြစ်ကာ ရောဂါကူးစက်ပျံ့ပွားမှုကိုလျှော့ချသည့် သင့်လျော်သော သတိပြု ဆောင်ရွက်ချက်များကို စံပြုမှုပြရမည်ဖြစ်သည်။

### လူကိုယ်တိုင်ပါဝင်သော အများပြည်သူစီတန်းလှည့်လည်ခြင်းများအား စဉ်းစားခြင်း

COVID-19ရောဂါကူးစက်ပျံ့ပွားမှုကိုဟန့်တားရန်အတွက်စုဝေးခွင့်ပြုသည့်လူဦးရေအရေအတွက်ကိုနိုင်ငံအများစုတို့မှ ကန့်သတ်ထားသဖြင့် အများပြည်သူရွေးကောက်ပွဲဆိုင်ရာအခမ်းအနား များဖြစ်သည့် မဲဆွယ်စည်းရုံးလှုံ့ဆော် စီတန်းမှုအများစုတို့ကိုလည်း တားမြစ်ထားပြီးဖြစ်သည်။ အာဏာပိုင်များမှခွင့်ပြုပါကလည်း ယင်းသို့သောအခမ်းအနား များသည် အကြံပြုချက်များကို လိုက်နာ ရမည်ဖြစ်သည်။

အများပြည်သူစီတန်းလှည့်လည်ခြင်းနှင့် အခြားမဲဆွယ်စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းစဉ်များသည် ထိန်းချုပ်ရန်ခက်ခဲပြီး EMB များ၏ တိုက်ရိုက်ခြုံငုံစောင့်ကြည့်မှု၏ ပြင်ပမှလုပ်ဆောင်ချက်ဖြစ်လေ့ ရှိသည်။ သို့သော်လည်း EMB သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့များအနေဖြင့် အခြေခံအန္တရာယ်လျှော့ချရေးအကြောင်းအရာများကိုဆွေးနွေးပြီး ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများ အနေဖြင့် မေးခွန်းများမေးမြန်းရန်နှင့် အကြောင်းအရာများထောက်ပြဆွေးနွေးရန် အခွင့်အလမ်းရှိသည့် အွန်လိုင်း ဖိုရမ်အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ သို့မဟုတ် သင်တန်းများကို ကျန်းမာရေး အာဏာပိုင်များနှင့်ပူးပေါင်းပြီး စပွန်ဆာထောက်ပံ့ပေးနိုင်သည်မျိုးရှိသည်။ ကျန်းမာရေးအာဏာပိုင်များ နှင့်ပူးပေါင်း၍

နိုင်ငံရေးပါတီများသည် အများပြည်သူအခမ်းအနားများအတွက် သင့်လျော်မည့် ပညာပေးအထောက်အကူ ပစ္စည်းများ ရှာဖွေဖော်ထုတ်သင့်သည်။ ရွေးကောက်ခံကိုယ် စားလှယ်လောင်းများနှင့် ၎င်းတို့၏အဖွဲ့များသည် စီတန်းလှည့်လည်ခြင်းများတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်းရှိကြောင်း၊ အန္တရာယ်ကျရောက်နိုင်သည့် ပုဂ္ဂိုလ်များအား အကာအကွယ်ပေးထားကြောင်းနှင့် အလုံပိတ်အခန်းနေရာများတွင်ပြုလုပ်သော လုပ်ငန်းစဉ်များအတွက် အဆောက်အဦ အဝင်အထွက်လုပ်ထုံးလုပ်နည်းများအား လိုက်နာကြောင်း သေချာအောင်ဆောင်ရွက်ရမည့် တာဝန်ရှိသည်။ ယင်းလုပ်ထုံးများတွင် အဝင်အထွက်နေရာများတွင် လက်ကိုရေနှင့် ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟောအခြေပြု အရည်များဖြင့် သန့်စင်အောင်ဆေးကြောခြင်းနှင့် လူပုဂ္ဂိုလ်များအကြား ထိတွေ့မိခြင်းမှ ရှောင်ကြဉ်ရန် စနစ်တကျ ဝင်ထွက်ခြင်း စသည်တို့ပါဝင်သည်။ ပါဝင်တက်ရောက်သူများသည်လည်း မျက်နှာဖုံးနှာခေါင်းစည်းများကို ဝတ်ဆင်ထားသင့်သည်။ နိုင်ငံရေးအသင်းအဖွဲ့များနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများမှ အများပြည်သူ စုဝေးရန် ဖိတ်ကြားမှုများတွင် ပါဝင်တက်ရောက်ရန်အတွက် အများပြည်သူကျန်းမာ ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ထည့်သွင်းဖော်ပြထားသင့်သည်။ စင်ပေါ်တွင် မိန့်ခွန်းပြောသူများသည်လည်း အခြားသူများအနီးရှိနေစဉ်တွင် မျက်နှာဖုံးနှာခေါင်းစည်းများဝတ်ဆင်ထားခြင်း၊ ထောက်ခံသူများနှင့် လက်ဆွဲနှုတ်ဆက်ခြင်းမှရှောင်ကြဉ်ခြင်း၊ တိုက်ရိုက်ထိတွေ့မှု ဖြစ်စေမည့် မည်သည့်ပုံစံမျိုးကိုမျှ မလုပ်ဆောင်ခြင်းစသည့် ကျန်းမာရေးအာဏာပိုင်များမှအကြံပြုထားသည့် ရောဂါကာကွယ်ရေး ဆောင်ရွက်ချက်များအားလုံးကို လိုက်နာရမည်ဖြစ်သည်။

## တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးခြင်းအား စဉ်းစားခြင်း

တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးခြင်းကိုလုပ်ဆောင်မည့်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းကို ကန့်သတ်ရန် အန္တရာယ်လျှော့ချရေးဆောင်ရွက်ချက်များအားလိုက်နာပြီး၊ လက်ကမ်းစာစောင်များနှင့် အခြားမဲဆွယ်စည်းရုံးရေးအထောက်အကူပြုပစ္စည်းများအားလွှဲ ပြောင်းပေးခြင်းမှ ရောဂါပိုးကူးစက်နိုင်ချေအန္တရာယ်များကိုလျှော့ချရမည်ဖြစ်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မဲဆွယ်စည်းရုံးသူများသည် အခြားသူများနှင့် ဘေးကင်းစိတ်ချရသော အကွာအဝေးတွင် နေခြင်း၊ မျက်နှာဖုံးနှာခေါင်းစည်းများ သို့မဟုတ် အခြားကိရိယာများ တပ်ဆင်ခြင်း၊ မလိုအပ်ပဲ ထိတွေ့မိမှုကိုလျှော့ချရန် (ဥပမာ - ဒေသခံများ၏ လက်ထဲသို့ ပစ္စည်းများကို တိုက်ရိုက်ပေးအပ်မည့်အစား တံခါးဝတွင် ချန်ထားပေးခြင်း) နည်းလမ်းများကို ကျင့်သုံးခြင်း စသည်တို့ကိုလုပ်ဆောင်ရန် အရေးကြီးပါသည်။

## COVID-19 သတင်းမှားများနှင့် ရောဂါနှင့်သက်ဆိုင်သည့်အကြောင်းအရာများအား မဲဆန္ဒရှင်များ လာရောက်မဲထည့်မှု သို့မဟုတ် ရွေးကောက်ပွဲရလဒ် အပေါ်မသမာလွှမ်းမိုးရန်အတွက်အသုံးပြုခြင်း ကို စဉ်းစားခြင်း

သတင်းစကားအကြောင်းအရာသည် ရွေးကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးရေး၏ အခြားအရေးကြီး သောအပိုင်းတစ်ခုဖြစ်သည်။ အများပြည်သူကျန်းမာရေးအကြပ်အတည်းကာလအတွင်း လက်ရှိ အစိုးရအောက်ရုံးထိုင်တာဝန်ထမ်းဆောင်နေသူများနှင့် အတိုက်အခံအသင်းအဖွဲ့များမှ ရွေးကောက် ခံကိုယ်စားလှယ်လောင်း နှစ်ဖက်စလုံးတို့သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပြောင်းအလဲများနှင့် နိုင်ငံရေးအမြတ်ထုတ်မှုအား နိုင်ငံသားများ၏စိုးရိမ်ကြောက်ရွံ့မှုအပေါ် အခွင့်ကောင်းယူရန် ကြိုးပမ်းနိုင်သည်။[၃၄] ဥပမာအားဖြင့် - ရွေးကောက်ခံကိုယ်စားလှယ်လောင်းများသည် အချို့ဒေသများတွင် မဲပေးခြင်းအတွက်သေချာမလုပ်ဆောင်ပေးပဲ အချို့အုပ်စုများနှင့်ဆက်စပ်နေသည့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများအား အန္တရာယ်ဖြစ်စေရန် ယင်းအုပ်စုအား ရောဂါနှင့်ပတ် သက်အောင်ပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်ခြင်းအားဖြင့် ယင်းဒေသများတွင် မဲလာထည့်သူအရေ အတွက်နည်းပါးအောင် ရွေးကောက်ပွဲကာလများအတွင်း ရောဂါပိုးမွှားပျံ့ပွားနိုင်ချေအန္တရာယ်ကို အကျယ်ချဲ့ပြောကြားရန်ကြိုးစားနိုင်သည်။ EMB များအနေဖြင့် နိုင်ငံရေးအသင်းအဖွဲ့များနှင့် လိုက်နာရန်ကျင့်ဝတ်များကို ဖော်ဆောင်ခြင်း သို့မဟုတ် တည်ဆဲကျင့်ဝတ်များတွင် COVID-19 ဆိုင်ရာအပိုင်းများကိုထည့်သွင်းမိတ်ဆက်ပြီး ယင်းအခြေခံစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သူများအား ပိတ်ဆို့ခြင်းနှင့် ချိုးဖောက်သူများအားဖော်ထုတ်ရန်နှင့် ပိတ်ပင်နိုင်ရန် ရွေး ကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးမှုများကို အနီးကပ်စောင့်ကြည့်ခြင်းတို့ကို ပြုလုပ်ရန် အကြံပြုပါ သည်။

## မဲဆန္ဒရှင်အသိပညာပေးခြင်း

### ရောဂါအကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ကြိုတင်သတိထားကာကွယ်ဆောင်ရွက်ချက်များအကြောင်း မဲဆန္ဒရှင်များအား အသိပေးခြင်းကို စဉ်းစားခြင်း

လူထုအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် ဘေးကင်းစွာမည်သို့ဆက်လက်လုပ်ဆောင်ရမည်နှင့်၊ ပူးပေါင်းပါဝင်လုပ်ဆောင်မှုများကို အားနည်းစေသည့် ရွေးကောက်ပွဲတာဝန်ရှိသူများ၊ မဲဆန္ဒရှင်များနှင့် အခြားပါဝင်သက်ဆိုင်သူများအကြား အခြေအမြစ်မရှိသောစိုးရိမ်ကြောက်ရွံ့မှုများကိုလျှော့ချရန် – တို့အတွက် အသိပညာပေးခြင်းသည် အရေးပါပဓာနကျပါသည်။ မဲဆန္ဒရှင်များသည် ဗိုင်းရပ်စ်ပိုးအကြောင်း၊ မည်သို့ ကူးစက်သည်နှင့် ကူးစက်မခံရအောင်မည်သို့ကြိုတင်ကာ ကွယ်မည်စသည့် အခြေခံဗဟုသုတများရှိရန်လိုအပ်သည်။ အန္တရာယ်များလျှော့ချရန်နှင့် မဲဆန္ဒရှင်များနှင့် အခြားရွေးကောက်ပွဲတွင်ပါဝင်သက်ဆိုင်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် ပြုလုပ်သည့် အရေးယူဆောင်ရွက်ချက်များ၊ ကာကွယ်မှုများအားလုံးကိုရှင်းပြရာတွင် EMB များအနေဖြင့် ရှင်းလင်းမှုရှိရမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့ပွားမှုနှင့်သက်ဆိုင်သည့် ပ ညာပေးဆိုင်ရာပိုစတာများ၊ ဗွီဒီယိုများနှင့်အခြားအများပြည်သူဝန်ဆောင်မှုကြေညာချက်များကိုရွေးကောက်ပွဲတစ်လျှောက်လူစုဝေးသည့်နေရာများအားလုံးတွင် အများပြည်သူများမြင်နိုင်အောင် ထုတ်ပြန်ထား သို့မဟုတ် ခင်းကျင်းပြသထားသင့်သည်။ ပိုစတာများနှင့် အခြားအများပြည်သူကျန်း မာရေးသတင်းစကားများအား ခင်းကျင်းပြသထားရန်တိကျသောလမ်းညွှန်ချက်များကို မဲဆန္ဒရှင်အ မည်စာရင်းမှတ်ပုံတင်သွင်းသည့် နေရာ၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်း အမည်စာရင်း မှတ်ပုံတင်သွင်းသည့်ရုံး၊ မဲရုံနှင့် အမြဲတမ်း EMB ရုံးတစ်ခုစီတို့အား ပေးထားသင့်သည်။

ပညာပေးပစ္စည်းများထုတ်လုပ်ရာတွင် EMB များသည် ကျန်းမာရေးအသိပညာ၄၂တွင်ပေးထားသော အကောင်းဆုံးအလေ့အထများကို လိုက်နာသင့်သည်။ ဥပမာ –

- **သတင်းစကားအရေအတွက်အား ကန့်သတ်ခြင်း –** တစ်ကြိမ်လျှင် အသိပညာတစ်ခုကိုသာ ပေးပြီး ညွှန်ကြားချက် ၃ ခု သို့မဟုတ် ၄ ခု တို့ကိုပေးပေးပါ။ (ဥပမာ – လက်ဆေးရန် သတိ ပေးခြင်းနှင့် လမ်းညွှန်ချက်များ၊ မျက်နှာ သို့မဟုတ် မလိုအပ်ပဲ မျက်နှာပြင်များအား ထိတွေ့ ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပိုးမွှားကင်းစင်အောင် အလေ့အထပြုလုပ်ခြင်း၊ မျက် နှာဖုံးနှာခေါင်းစည်းများဝတ်ဆင်ခြင်း)။
- **မဲဆန္ဒရှင်များအား မည်သည်ကိုလုပ်ဆောင်ရမည်ကိုပြောကြားခြင်း–** တက်ကြွသောအသံ နှင့် အပြုသဘောဆောင်သောလေသံအနေအထားကို အသုံးပြုပြီး မဲဆန္ဒရှင်များမပြုလုပ်သင့်သောအပြုအမူများထက် လုပ်သင့်သောအပြုအမူများကို အလေးပေးပြောကြားခြင်း (ဥပမာ – "လက်ကိုသန့်စင်အောင်မဆေးကြောပဲ မဲပေးခြင်း သို့မဟုတ် မဲရုံမှထွက်ခွာသွား ခြင်း မပြုလုပ်ပါနှင့်" ဟုပြောမည့်အစား "မဲမပေးမီနှင့် မဲပေးပြီး လက်များကို သန့်စင်အောင် ဆေးကြောပါ" ဟုပြောကြားခြင်း)။
- **စကားလုံးများရွေးချယ်ခြင်း –** ရှင်းလင်းမှုရှိစေရန် တိုတောင်းသောဝါကျများ၊ ရိုးရှင်းသော နှင့် ရင်းနှီးသောစကားလုံးများအသုံးပြုပြီး၊ နည်းပညာဆန်သော သို့မဟုတ် သိပ္ပံပညာဆန်သော ဘာသာစကားများ၊ မလိုအပ်သော အတိုကောက်စကားလုံးများ သို့မဟုတ် အသုံးအ နှုန်းများကိုရှောင်ကြဉ်ခြင်း။ အသုံးပြုသောဘာသာစကားသည် ယဉ်ကျေးမှုအရ စီလျော်သင့် တော်မှုရှိသင့်သည်။
- **ရုပ်ပြပုံများရွေးချယ်ခြင်း –** ဖတ်ရှုရလွယ်ကူစေသော စာလုံးဖောင့်နှင့် အရွယ်အစား၊ လိုက်နာစေလိုသော ကျန်းမာရေးဆိုင်ရာအပြုအမူများကိုဖော်ပြသည့်ရုပ်ပုံများစသည်တို့ကို အသုံးပြုခြင်း။ ရုပ်ပုံများသည် ကြီးကြီးမားမားပုံနှိပ်ထုတ်ဝေရန်အတွက် ကြည်လင်ပြတ်သားသင့်ပြီး ယဉ်ကျေးမှုအရ စီလျော်အပ်စပ်မှု၊ ထည့်သွင်းစဉ်းစားမှုရှိရမည်။






*၂၀၁၄ ခုနှစ် လိုင်ဘီးရီးယားနိုင်ငံတွင်*
*အီဘိုလာကပ်ရောဂါကာလအတွင်း မဲဆန္ဒရှင်အသိပညာပေးသင်ထောက်ကူဥပမာ*

EMB များသည်မဲဆန္ဒရှင်အသိပညာပေးခြင်းမှတဆင့် မှားယွင်းသောသတင်းအချက်အလက်များဖြင့်မဲဆွယ်စည်းရုံးခြင်းနှင့် အကန့်သတ်ခံအုပ်စုများအား အမုန်းစကားဖြန့်ချိခြင်းကို တိုက်ဖျက် သင့်သည်။

## မဲဆန္ဒရှင်များအား ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းအသစ်များအကြောင်း အသိပေးခြင်းကို စဉ်းစားခြင်း

ပြည်သူလူထုအနေဖြင့် ဗိုင်းရပ်စ်နှင့် ပိုးမည်သို့ကူးစက်သည့်အကြောင်း ကောင်းစွာသိရှိထားရမည်သာမကပဲ ကျန်းမာရေးကြိုတင်ကာကွယ်ဆောင်ရွက်ချက်များနှင့်အညီပြောင်းလဲလိုက်ရသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၏ အဆင့်တိုင်းကိုလည်းနားလည်သဘောပေါက် ထားရမည် ဖြစ်သည်။ အကယ်၍ ဥပမာအားဖြင့် ပိုးရှိနေနိုင်သော မျက်နှာပြင်များအား ရှောင်ကြဉ်ရန် မဲဆန္ဒရှင်များသည် ၎င်းတို့၏ မှတ်ပုံတင်အထောက်အထားများကို မဲရုံဝန်ထမ်းများ၏ လက်ထဲသို့ ထည့်မပေးတော့ခြင်းမျိုးဖြစ်လျှင်၊ မဲဆန္ဒရှင်စစ်ဆေးအတည်ပြုခြင်းအတွက် လမ်းညွှန်ချက်အသစ်များသည် ရှင်းလင်းမှုရှိပြီး အများပြည်သူဝန်ဆောင်မှုကြေညာချက်များနှင့် အခြား မဲဆွယ် စည်းရုံးရေးကန်ပိန်းများတို့တွင် ကြိုတင်ရှင်းပြထားပြီး၊ လိုအပ်ပါက မဲရုံများတွင် ခင်းကျင်း ပြသထားပြီး မဲရုံဝန်ထမ်း များက ပြန်လည်အသိပေးရမည်။ မဲဆန္ဒရှင်အသိပညာပေးခြင်းသည် အကန့်သတ်ခံလူမှုအသိုင်းအဝိုင်းများထံသို့ မကြာခဏ ရောက်ရှိအောင် လုပ်ဆောင်ကြောင်း သေချာစေရန်နှင့်၊ စာတမ်းထိုးခြင်း သို့မဟုတ် ကိုယ်ဟန်လက်ဟန်ပြ ဘာသာစကားများ စသည်တို့မှတဆင့် သတင်းစကားပေးခြင်းကို ရယူလက်လှမ်းမီနိုင်အောင်ပြုလုပ်ရာတွင် ရင်းနှီးမြှုပ်နှံရန်အတွက် EMB များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အခြားအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းညှိနှိုင်း လုပ်ဆောင် သင့်သည်။

> "လုပ်ထုံးလုပ်နည်းနှင့် နည်းပညာအသစ်များသည်၊ အထူးသဖြင့် တစ်ခုထက်ပိုသောအသင်းအဖွဲ့များသည် လုပ်ငန်းစဉ်၏တရားဝင်ခိုင်မာမှု အားနည်းခြင်းမှ အကျိုးအမြတ်ရနိုင်သည့် အယူဝါဒနှစ်ခြမ်းကွဲနေသော ပတ်ဝန်းကျင်များတွင် - သကာမကင်းမှုကို ဖြစ်ပေါ်စေနိုင်သည်"

မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း သို့မဟုတ် မဲပေးခြင်း စသည့်လုပ်ငန်းစဉ်များအတွက် အခြားနည်းလမ်းများ ကိုအသုံးပြုလျှင် EMB များသည် လမ်းညွှန်ချက် အသစ်များကို ပြည်သူလူထုထံ မည်သို့ဆက်သွယ် အသိပေးပြောကြားမည်ကို သတိထားရမည်ဖြစ်သည်။ အွန်လိုင်း သို့မဟုတ် စာဖြင့်ပေးပို့သည့်ဖောင် ပုံစံများသည် အတတ်နိုင်ဆုံးရိုးရှင်းပြီး အသေးစိတ်ညွှန်ကြားချက်များပါဝင်ကာ၊ ပြည်သူလူထု အနေဖြင့် ၎င်းတို့လုပ်ဆောင်ရမည့်အပိုင်းများ ပြီးမြောက်အောင်လုပ်ဆောင်ပြီးသွားခြင်းရှိမရှိကို ပြန်အတည်ပြုနိုင်သည့် သို့မဟုတ် အာမခံချက်များ ပါဝင်သင့်သည်။ လုပ်ထုံးလုပ်နည်းနှင့် နည်းပညာအသစ်များအား မိတ်ဆက်လိုက်ခြင်းသည်၊ အထူးသဖြင့် တစ်ခုထက်ပိုသောအသင်းအဖွဲ့များမှ လုပ်ငန်းစဉ်၏တရားဝင်ခိုင်မာမှု အားနည်းခြင်းကြောင့် အကျိုးအမြတ် ရရှိနိုင်သည့်အယူဝါဒနှစ်ခြမ်းကွဲနေသောပတ်ဝန်းကျင်များတွင် - သကာမကင်းမှုကိုဖြစ်ပေါ်စေနိုင်သည်။ သတင်းအချက်

အလက်ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူများနည်းလမ်းအသစ်များကို သင်ယူရာတွင်အ ထောက် အပံ့ပေးခြင်းသည် ရလဒ်များအားလက်ခံခြင်းအတွက် အဓိကကျပါသည်။

## မဲဆန္ဒရှင်စာရင်းပြုစုခြင်း

### မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အသုံးပြုမည့် အထောက်အဦဝန်ဆောင်မှုနေရာများကို စဉ်းစားခြင်း

မဲဆန္ဒရှင်စာရင်းပြုစုခြင်းကိုလုပ်ဆောင်ရန်အတွက် ဥပဒေမူဘောင်များသည် နိုင်ငံတစ်ခုနှင့်တစ်ခု ကွဲပြားပါသည်။ နိုင်ငံများ၏ ၃၆% တို့[၃၅] အသုံးပြုသည့်ရိုးရှင်းသောလုပ်ငန်းစဉ်မှာ EMB များအနေဖြင့် မဲဆန္ဒရှင်အမည်စာရင်းအတွက်သတင်းအချက်အလက်များအား နိုင်ငံ၏ နိုင်ငံသား မှတ်ပုံတင်ထားရှိမှု သို့မဟုတ် အခွန်အာဏာပိုင်များ၏ မှတ်တမ်းများစသည်တို့မှတိုက်ရိုက် သွင်းယူခြင်းဖြစ်သည်။ ထို့နောက် EMB များသည်မဲပေးခွင့်ရှိသောမဲဆန္ဒရှင်များအား မဲရုံများသို့နေရာချပြီး ၎င်းတို့မဲပေးရမည့်မဲရုံတည်နေရာကို ပေးစာ (mail) ဖြင့်ဖြစ်စေ၊ စာတိုပေးပို့ခြင်း (text messaging)ဖြင့်ဖြစ်စေ၊ EMBများ၏ဝက်ဘ်ဆိုက်များပေါ်တွင်ဖြစ်စေ အသိပေးအကြောင်းကြားသည်။ သို့သော်လည်း နိုင်ငံအမြောက်အများတို့တွင် သတင်းအချက်အလက်များဖလှယ်မှုသည် အကျုံးဝင်သော မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲ အာဏာပိုင်များအကြား လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် စာပေးပို့ခြင်း သို့မဟုတ် အွန်လိုင်းမှမဲဆန္ဒရှင်အမည်စာရင်း မှတ်ပုံတင်ခြင်းစသည့်နည်းလမ်းများဖြင့် သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်ရသည်။

အချို့မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များသည် မှတ်ပုံတင်ခြင်း၏ အစနှင့် အဆုံး ကာလများတွင် EMB နှင့် နိုင်ငံရေးပါတီများမှ မဲဆန္ဒရှင်များအားမှတ်ပုံတင်ရန်လှုံ့ဆော်မှုများ ပြုလုပ်သဖြင့် လူစုလူဝေးများကို ဖြစ်ပေါ်စေနိုင်သည်။ လူကိုယ်တိုင်လာရောက်ပြီးမဲဆန္ဒရှင်အမည် စာရင်းမှတ်ပုံတင်သည့်လုပ်ငန်းစဉ်နှင့်ဆက်စပ်သည့် ရောဂါကူးစက်နိုင်ချေအန္တရာယ်အများစုမှာ လူကိုယ်တိုင်မဲပေးခြင်းနှင့်ဆက်စပ်သည့် ကူးစက်နိုင်ချေအန္တရာယ်များနှင့် ဆင်တူပြီး၊ မှတ်ပုံတင်ရာတွင် တစ်နေ့တည်း၌ လူအများ စုပြုံမှတ်ပုံတင်ခြင်း ပိုနည်းပါးသဖြင့် မဲပေးခြင်းထက်စာလျှင် အန္တရာယ်ပိုနည်းပါးသည်။ ထို့အပြင် EMB တာဝန်ရှိသူများအရေးအတွက်၊ မီဒီယာပညာရှင်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များလာရောက်သူ အရေအတွက်သည်လည်း အမည်စာရင်းမှတ်ပုံတင်ချိန်တွင် သိသာစွာနည်းပါးသည့်အတွက် သင့်တော်သော ခပ်ခွာခွာအကွာအဝေးထားနေခြင်းကို လိုက်နာစေရန်ပိုမိုလွယ်ကူသည်။ ထို့အပြင် ဥပဒေပြဋ္ဌာန်းချက်များတွင်ခွင့်ပြုထားပါက EMB များသည် လူစုလူဝေး ဖြစ်ခြင်းမှ ရှောင်ကြဉ်ရန် အမည်စာရင်းမှတ်ပုံတင်သည့် အချိန်ကာလကို တိုးမြှင့်ခြင်း သို့မဟုတ် လူအများအမည်စာရင်းမှတ်ပုံတင်ရန် အမျိုးမျိုးသောရက်စွဲများချမှတ်ပေးခြင်းတို့ကို လုပ်ဆောင်ရန်စဉ်းစားသင့်သည်။ နေရာများ ရွေးချယ်ခြင်း၊ နေရာချထားပုံအခင်းအကျင်းစီစဉ်ခြင်းနှင့် ဝန်ဆောင်မှုပေးသည့် အဆောက်အဦနေရာ များအား ပိုးမွှားသန့်ရှင်းစင်ကြယ်အောင်ဆောင်ရွက်ခြင်း ဆိုင်ရာအသေးစိတ်အကြံပြုချက်များကို "မဲရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း" အပိုင်းတွင် ဖော်ပြထားသည်။

### မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်သည့်ကိရိယာများနှင့် အထောက်အကူပြုပစ္စည်းများအကြောင်း စဉ်းစားခြင်း

လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုအကျော်တို့တွင် နိုင်ငံများသည် မသမာမှုများကို လျှော့ချရန်အတွက် ဇီဝဖွဲ့ စည်းမှုအခြေပြု (biometric) မဲဆန္ဒရှင် အမည်စာရင်းမှတ်ပုံတင်သည့် ဖြေရှင်းဆောင်ရွက်ချက် နည်းလမ်းများကို ပိုမိုမိတ်ဆက် အသုံးပြုလာကြသည်။ ယင်းသို့သမာသမတ်ကျမှုအားကောင်းစေသည့်ချဉ်းကပ်နည်းသည်မဲဆန္ဒရှင်အမည်စာရင်းအပေါ် အများပြည်သူတို့၏ယုံကြည်မှုတိုးလာစေသော်လည်း မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်းကို ပိုမိုရှုပ်ထွေးစေကာ ရောဂါကူးစက်ပျံ့နှံ့ရန်အခွင့်အလမ်းပိုမိုတိုးများလာစေသည်။ ဇီဝဖွဲ့စည်းမှုအခြေပြုနည်းစနစ်ပိုင်း အသစ်အတွက် လပ်တော့ ကွန်ပျူတာများ၊ ဒီဂျစ်တယ်ကင်မရာများနှင့် လက်ဗွေရာနိပ်စကန်ဖတ်စက်များအား ကိုင်တွယ်အ သုံးပြုခြင်းတို့အပြင် အမည်စာရင်းမှတ်ပုံတင်ပေးရန်တာဝန်ရှိသူများသည် ရုံဖန်ရံခါ သမာရိုးကျမှတ် ပုံတင်ဖောင်ပုံစံများကိုလည်း ဖြည့်သွင်းပေးရန်လိုအပ်ဆဲဖြစ်သည်။ EMB များအနေဖြင့် စာရွက်စာ တမ်းအခြေပြုသည့်လုပ်ငန်းစဉ်ဖြစ်စေ၊ လျှပ်စစ်အီလက်ထရောနစ်အခြေပြုသည့်လုပ်ငန်းစဉ် (electronic equipment) ဖြစ်စေ ကိုရိုနာဗိုင်းရပ်စ်ကူးစက်

ပျံ့ပွားနိုင်ချေ အန္တရာယ်ကို ထိရောက်စွာ လျှော့ချနိုင်ရမည်ဖြစ်သည်။

မဲပေးရန် အမည်စာရင်းမှတ်ပုံတင်သည့်တစ်သီးပုဂ္ဂလများနေဖြင့် ဖြည့်စွက်ထားသော ဖောင်ပုံစံများနှင့် တရားဝင်အထောက်အထားစာရွက်စာတမ်းများအား မှတ်ပုံတင်တာဝန်ရှိသူများထံ တင်ပြရန်လိုအပ်လေ့ရှိသည်။ ယင်းစာရွက်စာတမ်းများသည် ပြုလုပ်ထားသည့်ပစ္စည်းအမျိုး အစားပေါ် မူတည်၍[၇၆] pathogen များဖြင့် နာရီ သို့မဟုတ် ရက်ပေါင်းများစွာ ရှိနေနိုင်သဖြင့် ၎င်းတို့ကို ကိုင်တွယ်ခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်သင့်သည်။ ဘုံအသုံးပြုသော ရုံးအသုံးအဆောင်များ ဖြစ်သည့် မှတ်ပုံတင်လျှောက်ထားမှုများဖြည့်သွင်းရန်နှင့် လက်မှတ်ရေးထိုးရန်သုံးသည့် ဘောပင်များစသည့်တို့ကို မျှဝေသုံးစွဲခြင်းနှင့်ဆက်စပ်သော ပိုးမွှားရှိမျက်နှာပြင်များမှ ကူးစက်နိုင်ချေ အန္တရာယ်လည်းရှိသည်။ EMB များအနေဖြင့် အများပြည်သူ အခြေဖြန့်ကျက်ရောက်ရှိရေး မဲဆွယ်စည်းရုံးမှုများတွင် အမည်စာရင်းမှတ်ပုံတင်သူများအား ၎င်းတို့၏ကိုယ်ပိုင်ဘောပင်များအသုံးပြုရန် အထူးတိုက်တွန်းပန်ကြားပြီး အခြားလိုအပ်ချက်များ – ဥပမာ မှင်အရောင် – ကိုလည်းအသိပေး သင့်သည်။ မှတ်ပုံတင်ရုံးသည်လည်း တစ်ခါသုံးဘောပင်များအရန်သင့်ရရှိနိုင်အောင်စီစဉ်ထားရမည်ဖြစ်ပြီး၊ ဘောပင်များအား သန့်စင်အောင် မှတ်ပုံတင်သူတစ်ဦး ကိုင်ဆောင်ပြီးတိုင်း ပိုးသတ်သန့်စင်ရန် သုတ်ပေးနေရလျှင် အချိန်ပိုကုန်သည်ဖြစ်သဖြင့် ၎င်းတို့ကိုစနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။

အမည်စာရင်းမှတ်ပုံတင်သည့်လုပ်ငန်းစဉ်အတွင်း အခြား ကြီးမားသည့်ကူးစက်နိုင်ချေအန္တရာယ်မှာ မှတ်ပုံတင်သူနှင့် မှတ်ပုံတင်ပေးသည့်တာဝန်ရှိသူများအကြား သင့်တော်သောအကွာအဝေးတွင်နေ ခြင်းနှင့်ဆက်စပ်သည်။ ရွေးကောက်ပွဲတာဝန်ရှိသူများမှ စာရွက်စာတမ်းများအား ချဉ်းကပ်ပြီး အမည်၊ ဓာတ်ပုံများနှင့် လက်မှတ်များကိုစစ်ဆေးနိုင်ရန် မှတ်ပုံတင်လျှောက်ထားသူများအနေဖြင့် ၎င်းတို့၏ စာရွက်စာတမ်းများကို သတ်မှတ်ထားသောစာရေးစာပွဲ၏ ရှင်းလင်းသောနေရာတစ်ခုတွင် ထားရှိပြီး လိုအပ်သော ၆ ပေ – ကြမ်းပြင် သို့မဟုတ် နံရံများတွင် အမှတ်အသားများဖြင့်ပြပေး ထားသည့် – အကွာအဝေးသို့ ပြန်သွားသည့် လုပ်ထုံးလုပ်နည်းကို ဖော်ဆောင်သင့်သည်။ နောက်တစ် နည်းမှာ အမည်စာရင်းမှတ်ပုံတင်သူများနှင့် မှတ်ပုံတင်ပေးသည့်တာဝန်ရှိသူများအား မကြာခဏ ပိုးမွှားကင်းစင်အောင် ဆေးကြောသန့်စင်သည့်ဖောက်ထွင်းမြင်နိုင်သောမှန်ကာများဖြင့်ခြားထားခြင်းဖြစ်သည်။မှတ်ပုံတင်လျှောက်ထားသူများအနေဖြင့် ဖောင်များကိုဖြည့်သွင်းနိုင်ရန် သတ်မှတ် ထားသည့် နေရာကိုလည်း မကြာခဏ ပိုးသတ်သန့်စင်သင့်ပြီး လူတစ်ဦးနှင့်တစ်ဦးအကြား သင့် လျော်သော အကွာအဝေးများကို အမှတ်အသားများပြုလုပ်ပေးထားသင့်သည်။

ဇီဝဖွဲ့စည်းမှုအခြေပြုဒေတာအချက်အလက်အား လက်ဗွေရာဖတ်သည့် စကန်နာစက်များ၊ ဒီဂျစ် တယ်ကင်မရာနှင့် မျက်လုံးသူငယ်အိမ်ဖတ်သည့်ပစ္စည်းများ စသည့် မဲဆန္ဒရှင်များအမည်စာရင်းမှတ် ပုံတင်သည့်နည်းပညာပုံစံအမျိုးမျိုးတို့ကို အသုံးပြုနေသည့်နိုင်ငံများသည် အချို့ထပ်လောင်းဖြည့်စွက်သည့် ပရိုတိုကောလုပ်ထုံးများကိုလည်း အသုံးပြုသင့်သည်။ EMB များအနေဖြင့် မည်သည့် စက်ပစ္စည်းများအား ပျက်စီးစေမှုမရှိပဲ ပိုးမွှားသန့်ရှင်းစင်ကြယ်အောင် ဆေးကြောအသုံးပြုနိုင်သည်နှင့် မည်သို့ဆေးကြောသန့်ရှင်းနိုင်သည်ဟူသည့် အသေးစိတ်လမ်းညွှန်ချက်များကို ထုတ်လုပ်သူများနှင့် ဆက်သွယ်ပြီးရယူရမည်ဖြစ်သည်။ အမေရိကန် ရွေးကောက်ပွဲ အထောက်အပံ့ကော်မရှင် (U.S Election Assistance Commission) သည် မဲပေးသည့်စက်ပစ္စည်းများနှင့် အခြားရွေးကောက်ပွဲ ဆိုင်ရာနည်းပညာပိုင်းဆိုင်ရာများကို မည်သို့သန့်စင်ရှင်းလင်းရဟူသည့်လမ်းညွှန်ချက်နှင့်၊ မတူကွဲ ပြားသော ရောင်းချသူအမျိုးမျိုးနှင့် ထုတ်လုပ် သူများထံမှအရင်းအမြစ်များကိုဖော်ပြသည့် အထောက်အကူပြုနိုင်သောစာရင်းများကို ပေါင်းစည်းပြုစုဖော်ပြထားပေးသည်။[၇၇]ထိတွေ့မှုကင်းမဲ့သော လက်ဗွေရာနိပ်သည့်နည်းပညာနှင့် မျက်နှာကိုဖတ်သည့်စက်ပစ္စည်းများအားရရှိနိုင်ပါကပိုးမွှားကူးစက်နိုင်သည့်မျက်နှာပြင်များထိတွေ့နိုင်ချေအန္တရာယ်ကိုတပါတည်းရှောင်ကြဉ်နိုင်သည်ဖြစ်သဖြင့် ပိုမိုကောင်းမွန်သည့်ရွေးချယ်မှုများဖြစ်သည်။ ပိုမိုအသစ်ဖြစ်သော မျက်နှာဖတ်သည့်နည်းပညာသည် မဲဆန္ဒရှင်များနှာခေါင်းစည်းမျက်နှာဖုံးများတပ်ထားသည့်အခါ၌ပင် မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်နိုင်သည်။ အမည်စာရင်းမှတ်ပုံတင်ပေးရန်တာဝန်ရှိသူများအနေဖြင့် မှတ်ပုံတင်လျှောက် ထားသူများအား ဓါတ်ပုံရိုက်ယူသည့်အခါ သို့မဟုတ် ၎င်းတို့၏မျက်လုံးသူငယ်အိမ်ကို စက်ဖြင့်ဖတ်သည့်အခါ ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေရန်သတိပြုရမည်ဖြစ်သည်။ နောက်ပိုင်းတွင် မျက်နှာအား မည်သူမည်ဝါဖြစ်ကြောင်းသိရှိအောင်ရည်ရွယ်၍ ဓာတ်ပုံမှတ်တမ်းရိုက်ယူသည့်အခါ

ကင်မရာနှင့် ဓာတ်ပုံ ရိုက်မည့်အရာဝတ္ထုအကြား ၆ ပေထက်နီးကပ်စွာရှိရန်လိုအပ်ပါသည်။ အချို့စက်ပစ္စည်းများတွင် ကင်မရာသည် ဇီဝအခြေပြုမဲဆန္ဒရှင်မှတ်ပုံတင်ခြင်း (biometric voter registration) တွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အသုံးပြုသူကို မှတ်ပုံတင်သူနှင့်နီးကပ်စွာလုပ်ဆောင်ရန် လိုအပ်စေသည်။ အချို့သောကိစ္စများ တွင် မှတ်ပုံတင်တာဝန်ရှိသူများသည် ပိုမိုကောင်းမွန်ခိုင်ခန့် သော PPE များကို ဝတ်ဆင်သင့်သည်။

မဲဆန္ဒရှင်များအမည်စာရင်းမှတ်ပုံတင်ရန်အတွက် လက်ပ်တော့သို့မဟုတ် ခုံတင်ကွန်ပျူတာများကို တာဝန်ရှိသူတစ်ဦးထက်ပို၍ အသုံးပြုနေသည်ဖြစ်ပါက တာဝန်ကျချိန် တစ်ကြိမ်ပြီးလျှင်ပြီးတိုင်း ပစ္စည်းများနှင့် အခြားတွဲဖက်သုံးပစ္စည်းများ အားလုံးဖြစ်သည့်မောက်စ်၊ပရင်တာနှင့်မှတ်ပုံတင်တာဝန်ရှိသူများမှပုံမှန်အသုံးပြုသည့်အခြားအထောက်အပံ့ပစ္စည်းများ (ဥပမာ – စတာပလာ၊ မာကာ ဘောပင်၊ မဲဆန္ဒရှင်မှတ်ပုံတင်ကဒ်စီရန်အသုံးပြုသည့်ပစ္စည်းများ) စသည်တို့ကို ပိုးသတ်သန့်စင်သင့်သည်။

## မဲရုံဝန်ထမ်းများခေါ်ယူခြင်းနှင့် သင်တန်းပို့ချခြင်း

### မဲရုံဝန်ထမ်းများ ခေါ်ယူခြင်းကို စဉ်းစားခြင်း

အကျုံးဝင်သောနိုင်ငံသားတိုင်း ရွေးကောက်ပွဲများတွင် မဲရုံအလုပ်သမားများအဖြစ် တာဝန်ထမ်း ဆောင်ပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိသင့်သည်ဖြစ်သော်လည်း အများပြည်သူကျန်းမာရေးအကြပ်အတည်း ကာလများစသည့် အထူးအခြေအနေရပ်များတွင်မူ EMB များသည် အလုပ်သမားခေါ်ယူစုဆောင်းသည့် လုပ်ငန်းစဉ်စတင်သည်နှင့် အချို့ကန့်သတ်ချက်များနှင့် သတိပေးချက်များ ထားရှိရန်စဉ်းစားသင့်သည်။ ယင်းပထမစဉ်းစားချက်များတွင် ကျန်းမာရေးလုပ်သားများပါဝင်သည်။ ဆေးရုံများနှင့် အခြား ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အဦးနေရာများအပေါ် သက်ရောက်မှုရှိသည့် COVID-19 ကပ်ရောဂါကဲ့သို့သော အများပြည်သူကျန်းမာရေးအကြပ်အတည်းကာလအတွင်းတွင် ကျန်းမာရေးစောင့်ရှောက်သည့်လုပ်သားများသည် စောင့်ရှောက်မှုပေးရန်လိုအပ်သော လူနာအများဖြင့် အစဉ်အလုပ်ရှုပ်နေတတ်သည်။ အထူးသဖြင့် မဲရုံအလုပ်သမားအဖြစ်တာဝန်ထမ်းဆောင်ရန် မဖြစ်မနေလိုအပ်သော နိုင်ငံများတွင် EMB များသည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားများ အားလုံးကို တာဝန်မှရပ်နားပေးရန်စဉ်းစားသင့်သည်။ ကူးစက်နိုင်ချေအန္တရာယ်မြင့်မားသည့်အုပ်စုများတွင်ပါဝင်သော သို့မဟုတ် ရောဂါကြောင့် ပိုမိုပြင်းထန်သော လက္ခဏာများခံစားရသည့်နှင့် အသက်ဆုံးရှုံးနိုင်ချေမြင့်မားသူများတွင်ပါဝင်သူများကိုလည်း အလုပ်သမားတာဝန်မှရပ်နားပေးသင့်သည်။ COVID-19 တွင်မူ အသက်ပိုကြီးသူများနှင့် ကျန်းမာရေးအခြေအနေများ/ရောဂါအခံရှိသူများသည် ပိုမိုပြင်းထန်စွာဖျားနာနိုင်ချေအန္တရာယ်ရှိကြောင်း တွေ့ရှိထားသည်။ EMB များသည် ယင်းသို့သော ပုဂ္ဂိုလ်များကိုလည်း တာဝန်မှရပ်နားပေးရန် သို့မဟုတ် အနည်းဆုံး ၎င်းတို့အနေဖြင့် ထိရောက်စွာနှင့် ဘေးကင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် အကာအကွယ်ပစ္စည်းများအားလုံးနှင့် နေရာထိုင်ခင်းတို့ကို ထောက်ပံ့ပေးရန် စဉ်းစားသင့်သည်။

ကျန်းမာရေးအကြပ်အတည်းကြောင့် မဲလာထည့်သူအရေအတွက်လျော့နည်းသွားနိုင်ချေရှိသော်လည်း EMB များ အနေဖြင့် မဲရုံအလုပ်သမားအနည်းငယ်သာမဟုတ်ဘဲ အများတို့ကို သင်တန်းပို့ချပေးရန်စဉ်းစားသင့်သည်။ လူအမြောက်အများမှဖျားနာနိုင်သည်၊ ဖျားနာနေသော ဆွေမျိုးသားချင်းများ အား ပြုစုစောင့်ရှောက်ရသည် သို့မဟုတ် ရွေးကောက်ပွဲရက်မတိုင်မီ ရောဂါကိုကြောက်ရွံ့စိတ်ဖြင့် တာဝန်မှနုတ်ထွက်သွားနိုင်သည်[၃၈] ဖြစ်သောကြောင့် အရည်အချင်းပြည့်မီသော၊ သင်တန်းပို့ချထား သော အစားထိုးဝန်ထမ်းများဖြင့် အစားထိုးနိုင်ရန် အရေးကြီးပါသည်။

### လူကိုယ်တိုင်ပါဝင်သော မဲရုံဝန်ထမ်းများအား သင်တန်းပို့ချခြင်းကို စဉ်းစားခြင်း

အများပြည်သူ ကျန်းမာရေးအကြပ်အတည်းကာလအတွင်းတွင် မဲရုံအလုပ်သမားများနှင့် ရွေး ကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သူတိုင်း၏ လုပ်ရိုးလုပ်စဉ်သင်တန်းများကို ဗိုင်းရပ်စ်အခြေခံအ ကြောင်းအရာများ၊ အထူးသဖြင့် ရောဂါပိုးမည်သို့ ကူးစက်ပျံ့နှံ့နိုင်သည်နှင့် ထိန်းချုပ်ဟန့်တားရန် နည်းလမ်းများ ဆိုင်ရာထပ်လောင်းသင်ကြားချက်များဖြင့် ဖြည့်စွက်သင့်

သည်။ မဲရုံဝန်ထမ်းများအနေဖြင့် နှာခေါင်းစည်းမျက်နှာဖုံးများနှင့် လက်အိတ်များကိုမည်သို့ဝတ်ဆင်မည်နှင့်၊ လက်များနှင့်မျက်နှာပြင်များကိုမည်သို့သန့်ရှင်းအောင်ဆေးကြောမည်၊ တန်းစီခြင်းများကိုမည်သို့ကြီးကြပ်ကွပ်ကဲမည်နှင့် လုပ်ငန်းစဉ်တစ်လျှောက်မဲဆန္ဒရှင်များကို သင့်လျော်သောအပြုအမူများအကြောင်း မည်သို့သတိပေးမည်စသည့် ၎င်းတို့၏ကျန်းမာရေးကို၎င်းတို့ကိုယ်တိုင်နှင့်မဲဆန္ဒရှင်များ၏ကျန်းမာရေးကိုမည်သို့ကာကွယ်စောင့်ရှောက်မည်ဟူသည့် အထူးလမ်းညွှန်ချက်များကိုလက်ခံရရှိရမည် ဖြစ်သည်။ သင်တန်းသင်ထောက်ကူပစ္စည်းများကိုလည်း ယင်းအကြောင်းအရာများအပြင် မဲဆန္ဒရှင်များနှင့်မဲရုံဝန်ထမ်းများလိုက်နာရန်လိုအပ်သည့်ဆောင်ရွက်ချက်များ အကြောင်းပါဝင်အောင် ထည့်သွင်းပြုပြင်ရမည်ဖြစ်သည်။

EMB များအနေဖြင့်အများပြည်သူကျန်းမာရေးအကြပ်အတည်းကြောင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း လုပ်ထုံးလုပ်နည်း အသစ်များအားမိတ်ဆက် ထည့်သွင်းထားသည်ဖြစ်လျှင် အတွေ့အကြုံရှိသောမဲရုံအလုပ်သမားများသည်ပင် ထပ်လောင်းသတိပြုချက်အသစ်များရှိရန်လိုအပ်ကြောင်း သိရှိထားရမည်ဖြစ်သည်။ ယင်းအကြောင်းအရာအသစ်များအားလုံးကို သင်တန်းသင်ထောက်ကူပစ္စည်းများတွင် ဖော်ပြထားရန်နှင့် မဲရုံအလုပ်သမားများမေးမြန်းချက်များကို ဖြေကြားနိုင်ရန်၊ လိုအပ်သည့် ရှင်းလင်းချက်များပြုလုပ်ပေးနိုင်ရန်နှင့် အကြောင်းအရာများကို ၎င်းတို့နားလည်မှုရှိကြောင်းသေချာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ သင်တန်းစဉ်များကို လူကိုယ်တိုင်ပို့ချနိုင်လျှင် ရွေးကောက်ပွဲတာဝန်ရှိသူများသည် သင်တန်း၏အရွယ်အစား (ပေးထားသောအချိန်အတွင်း လူဦးရေမည်မျှစုဝေးနိုင်သည့်အပေါ် ကန့်သတ်ချက်များကိုလေးစားသောအားဖြင့်) နှင့် သင်တန်းသားများအကြား ခြား ထားရမည့်အကွာအဝေး၊ လိုအပ်ပါက ပိုမိုနေရာကျယ်သောသင်တန်းခန်းမများကိုရွှေ့ပြောင်းခြင်း စသည်တို့ကို စဉ်းစားရမည်ဖြစ်ပါသည်။ လက်နှင့် မျက်နှာပြင်ပစ္စည်းများ သန့်ရှင်းစင်ကြယ်အောင် ဆေးကြောရန်အတွက် လိုအပ်သည့်ပစ္စည်းများအားလုံး (အသေးစိတ်ကို "မဲရုံလုပ်ငန်းလည်ပတ် ဆောင်ရွက်ချက်များ" အပိုင်းတွင်ကြည့်ရှုပါ) ကို ထောက်ပံ့ပေးထားရမည်ဖြစ်ပြီး လက်သန့်စင်အောင်ဆေးကြောခြင်းနှင့် အသက်ရှူလမ်းကြောင်းပိုးမွှားကင်းစင်ရေးလိုက်နာရန်ကျင့်ဝတ်များဆိုင်ရာ ပိုစတာများ၊ လမ်းညွှန်ချက်များ၊ သတိပေးချက်များကိုလည်း ခန်းမတစ်လျှောက်တွင် ခင်း ကျင်းပြသထားရမည်။

### အဝေးမှလုပ်သော (remote) နှင့် ရုပ်ပြအမြင်အသံဖြင့်(virtual) သင်တန်းပို့ချခြင်းများအား စဉ်းစားခြင်း

မဲရုံဝန်ထမ်းသင်တန်းများကို လူအင်အားမသုံးပဲ၊ အထူးသဖြင့် ရုပ်မြင်သင်တန်းများနှင့် အွန် လိုင်းပလက်ဖောင်းနေရာများမှတဆင့်၊ အဝေးမှကျင်းပနိုင်လျှင် လူစုဝေးသည့်ပြဿနာကိုဖြေရှင်းနိုင်သော်လည်း အခြားစိန်ခေါ်မှုအချို့ထွက်ပေါ်လာမည်။ EMB များအနေဖြင့် မဲရုံဝန်ထမ်းများ အားလုံးသည် သင်တန်းအားလွယ်ကူစွာ ရယူလက်လှမ်းမီနိုင်ကြောင်းသေချာအောင်လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းသို့လုပ်ဆောင်ရန် နိုင်ငံတစ်ဝှမ်း မတူညီသော လူမှုအသိုင်းအဝိုင်းများ အကြား ကောင်းမွန်မြန်ဆန်သောအင်တာနက်ချိတ်ဆက်မှု၊ နည်းပညာအားလက်လှမ်းမီမှုတို့ရှိရန်လိုအပ် သည်။ သင်တန်းပုံစံသည် မသန်စွမ်းသူများနှင့် နည်းပညာအကျွမ်းတဝင်မရှိသူများ အားလုံး အကျုံး ဝင်ပြီး လက်လှမ်းမီသောပုံစံဖြစ်ရမည်ဖြစ်သည်။ EMB များသည် မဲရုံဝန်ထမ်းများ၎င်းတို့၏ သင်တန်းပြီးမြောက်နိုင်ရန် ကွန်ပျူတာများအားအင်တာနက်ချိတ်ဆက်ပေးခြင်း၊ အထောက်အကူပေးသူများထားရှိပေးခြင်းတို့ကိုစဉ်းစားသင့်သည်။ ယင်းသင်တန်းများကိုပို့ချသည့် သင်တန်းခန်းမများသည်စံ သန့်စင်ဆေးကြောခြင်းနှင့် ခပ်ခွာခွာနေသည့်အလေ့အထများ (အသုံးပြုသူတစ်ဦးအသုံး ပြုပြီးတိုင်းဆေးကြောသန့်စင်ခြင်းနှင့် ကွန်ပျူတာခုံများကို တစ်ခုံနှင့်တစ်ခုံအကြား ၆ ပေခြားထားခြင်း) စသည်တို့ကိုလိုက်နာကျင့်သုံးရမည်ဖြစ်ပြီး ပေးထားသောအချိန်အတွင်း သင်ကြားပို့ချသည့် အဆောက်အဦ၌ လူဦးရေလျှော့ချရန် အချိန်အပိုင်းအခြားသတ်မှတ်ပေးခြင်းကိုလည်း စဉ်းစား သင့် သည်။

သင်တန်းတက်ရောက်သည့်မဲရုံဝန်ထမ်းများအား အကာအကွယ်ပေးရန် ယင်းလုပ်ဆောင်ချက်များ အပြင် EMB များအနေဖြင့် လူပုဂ္ဂိုလ်များသည် သင်တန်းသင်ယူမှုအမှန်တကယ်ပြီးမြောက်ရန် နှင့် လိုအပ်သည့်အသိပညာဗဟုသုတများအားလုံးရရှိကြောင်းသေချာစေမည့် နည်းလမ်းများကိုလည်း စဉ်းစားသင့်သည်။ သင်တန်းစဉ်များကို အဝေးမှ ပို့ချသည်ဖြစ်သဖြင့် သင်တန်းသားများသည် ဗွီဒီယိုများကိုကြည့်ရှုနေခြင်း၊ သင်ထောက်ကူပစ္စည်းများအားဖတ်ရှုပြီး အကြောင်းအရာကို လိုက်နားထောင်ခြင်း စသည်တို့ရှိမရှိကို သိရှိရန်ခက်ခဲသည်။ ရုပ်မြင်သင်ထောက်ကူများ

ဖော်ဆောင်ရာတွင် EMB များအနေဖြင့် သင်တန်းထိရောက်မှုကို စောင့်ကြည့်အကဲဖြတ်ရန် သင်တန်းသားများ လိုက်နားထောင်မှုရှိမရှိကိုစစ်ဆေးသည့် ဉာဏ်စမ်းမေးခွန်းများ၊ သင်တန်း အကြိုနှင့်အပြီး စစ်ဆေးချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ မဲရုံဝန်ထမ်းများသည် သင်တန်းပြီးမြောက်ကြောင်းလက်မှတ်ရရှိရန် အမှတ်တစ်ခုခု အထိရရှိရန်လိုအပ်သည်မျိုးဖြစ်သင့်သည်။

## ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာခြင်းနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ

### ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ စုဆောင်းခြင်းနှင့် နေရာလျာထားခြင်းကို စဉ်းစားခြင်း

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အဓိကကျသောအပိုင်းမှပါဝင်ပြီး မဲရုံနေရာတွင် မှုမမှန်မှုများ၊ မသမာမှုများကို ကြည့်ရှုစောင့်ကြပ်ရန် အထောက်အပံ့ပေးသည်။ ယင်းပုဂ္ဂိုလ်များအန္တရာယ်ကျရောက်ခံရနိုင်မှုကို လျှော့ချရန်အတွက် EMB များ၊ လေ့လာစောင့်ကြည့်သူအဖွဲ့အစည်းများနှင့် နိုင်ငံရေးအသင်းအဖွဲ့များအနေဖြင့် မဲရုံအဆောက်အဦနေရာတစ်ခုစီတွင် လေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ အရေအတွက်ကိုလျှော့ချရန် သို့မဟုတ် တစ်ချိန်တည်း တစ်နေရာတည်းတွင် ပိုမိုနည်းပါးသော လူဦးရေအရေအတွက်ကိုခွင့်ပြုရန်တို့ကို စဉ်းစားသင့်သည်။ လူဦးရေများလျှော့ချခြင်းအပြင် လေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဆိုင်ရာအထောက်အကူပြုပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာတိုက်ရိုက်ထိတွေ့မိခြင်းကို ရှောင်ကြဉ်ခြင်း၊ အကြံပြုထားသော ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်းတို့ကိုလိုက်နာခြင်း စသည်တို့အားဖြင့် ကျန်းမာရေး ထိခိုက်နိုင်ချေအန္တရာယ်ကိုလျှော့ချနိုင်သည်။ လေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များသည် လည်း ကူးစက်ပျံ့ပွားမှုအန္တရာယ်လျှော့ချရန် နှာခေါင်း စည်းမျက်နှာဖုံးများ ဝတ်ဆင်သင့်သည်။

တာဝန်မထမ်းဆောင်မီ မဲရုံဝန်ထမ်းများသင်တန်းပို့ချသကဲ့သို့ပင် လေ့လာစောင့်ကြည့်သူများ အဖွဲ့အစည်းများနှင့် နိုင်ငံရေးအသင်းအဖွဲ့များသည် လေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များအား ပညာပေးပစ္စည်းများ ပေးအပ်ခြင်း၊ ကိုရိုနာဗိုင်းရပ်စ်အကြောင်း၊ ၎င်း၏ကူး စက်ပုံနှင့် အကာအကွယ်ကိရိယာများ မည်သို့လုံလောက်စွာ ဝတ်ဆင်ရမည်၊ လက်သန့်စင်အောင်မည် သို့ဆေးကြောရမည်နှင့် အသက်ရှူလမ်းကြောင်းရောဂါပိုးကင်းစင်အောင် မည်သို့ဆောင်ရွက်ရမည် စသည့်သင်တန်းများ ပို့ချခြင်းတို့ကို ပြုလုပ်ပေးသင့်သည်။ EMB များ၊ နိုင်ငံရေးအသင်းအဖွဲ့များ နှင့် လေ့လာစောင့်ကြည့်သူအဖွဲ့အစည်းများသည် အန္တရာယ်ကျရောက်နိုင်သောလူပုဂ္ဂိုလ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်သားများအား လူကိုယ်တိုင် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းတာဝန်မှ အနားပေးသင့်ပြီး၊ မဟုတ်လျှင်လည်းပါဝင်လုပ်ဆောင်ခြင်းအားဖြင့် ကျရောက်နိုင်သောအန္တရာယ်များကိုအပြည့်အဝသိရှိနားလည်ကြောင်း သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။

### လေ့လာစောင့်ကြည့်သူနှင့် နိုင်ငံရေးအသင်းအဖွဲ့ကိုယ်စားလှယ် စိစစ်အသိအမှတ်ပြုခြင်းကို စဉ်းစား ခြင်း

၎င်းတို့သည် အမျိုးမျိုးသောအခန်းကဏ္ဍမှပါဝင်သော်လည်း ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များနှစ်မျိုးစလုံးတို့ကို ၎င်းတို့၏သက်ဆိုင်ရာတာဝန်များမထမ်း ဆောင်မီ EMB မှ အမြဲတမ်းလိုလို စိစစ်အသိအမှတ်ပြုပေးရသည်ဖြစ်သည်။ ဆိုလိုသည်မှာ ရွေးကောက်ပွဲတာဝန်ရှိသူများသည် ကန့်သတ်ထားသောအချိန် အတိုင်းအတာအတွင်း စိစစ်အတည်ပြုပေးရမည့် လျှောက်ထားမှုအများအပြားတို့ကိုလက်ခံပြီး လုပ်ဆောင်ပေးရသည် ဖြစ်သည်။ စိစစ်အတည်ပြုပေးသည့်လုပ်ငန်းစဉ်သည် ပိုမိုကျယ်ပြန့်များပြားလာခဲ့သည်။ ပြည်တွင်းအသင်းအဖွဲ့များမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများအဖြစ် အကျုံးဝင်ရမည်ဖြစ်ပြီး EMB သို့ဦးစွာလျှောက် ထားကြရသည်။ စိစစ်ပြီးပါက အဖွဲ့အစည်းသည် ၎င်း၏လေ့လာစောင့်ကြည့်သူတစ်ဦးစီအတွက် စာရွက်စာတမ်းများလျှောက်ထားရသည်။ အချို့သောကိစ္စများတွင် ၎င်းတို့ကို သတ်မှတ်ထားသော ဝက်ဘ်ဆိုက်မှတဆင့် အွန်လိုင်းမှပြုလုပ်နိုင်သည်။[၃၉] EMB မှ စစ်ဆေးအတည်ပြုပြီးလျှင် အသိအ မှတ်ပြုကဒ်ပြားများကိုထုတ်ပေးပြီး လေ့လာစောင့်ကြည့်မည့်အသင်းအဖွဲ့အား ၎င်း၏ တစ်ဦးစီစောင့် ကြည့်မည့်သူများထံဖြန့်ဝေနိုင်ရန် ပေးပို့သည်။ သို့သော်လည်း လူအင်အားဖြင့်ဆောင်ရွက်သည့် လုပ် ငန်း စဉ်များကို ပိုအသုံးပြုလေ့ရှိပြီး တစ်သီးပုဂ္ဂလလေ့လာစောင့်ကြည့်သူများမှ သတ်မှတ်ထားသော EMB မြေပြင်ရုံးများတွင်

လူကိုယ်တိုင်သွားရောက်လုပ်ဆောင်ရန်လိုအပ်စေသည်။ ယင်းရုံးများတွင် တာဝန်ရှိသူအဖွဲ့သည် လက်ခံစိစစ်ပြီး ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် ဓာတ်ပုံများပါဝင်သည့် အသိအမှတ်ပြုကဒ်များကိုထုတ်ပေးသည်။ အချို့နိုင်ငံများတွင် တာဝန်ရှိသူများသည် ဓါတ်ပုံကို တခါတည်းရိုက်ယူသည်။ တစ်ခါတစ်ရံ အခကြေးငွေများပေးရသဖြင့် ပိုက်ဆံ သို့မဟုတ် ကဒ်များအား တစ်ဦးမှတစ်ဦးထံသို့ လွှဲပြောင်းကိုင်ယူမှုများလိုအပ်သည်။ EMB များအနေဖြင့် အောင်မြင်စွာ မှတ်ပုံတင်ထားပြီးသော ပါတီအသင်းအဖွဲ့များနှင့် ရွေးကောက်ခံယှဉ်ပြိုင်သူများသည် အသင်းအဖွဲ့ ကိုယ်စားလှယ်ဖြင့်လျှောက်ထားရန် အလိုအလျောက်အကျုံးဝင်ကြောင်း သတ်မှတ်ထားသော်လည်း အသင်းအဖွဲ့ ကိုယ်စားလှယ် စိစစ်အသိအမှတ်ပြုခြင်းကို များသောအားဖြင့် အဆင့်နှစ်ဆင့် လုပ်ငန်းစဉ်ဖြင့်လုပ်ဆောင်သည်။ အသင်းအဖွဲ့ကိုယ်စားလှယ်များသည် အသိအမှတ်ပြုစိစစ်သည့် ဖောင်ပုံစံများကို လက်မှတ်ရေးထိုးရန်နှင့် ၎င်းတို့၏ အသိအမှတ်ပြုကဒ်များ တွင်ထည့်ရန် ဓာတ်ပုံအတွက် လူကိုယ်တိုင်လာရောက်ရသဖြင့် ယင်းလုပ်ငန်းစဉ်အတွင်း လူတစ်ဦးနှင့်တစ်ဦးထိတွေ့ဆက် ဆံရနိုင်သည့်အဆင့်သည် လေ့လာစောင့်ကြည့်သူများနှင့်အသွင်တူသည်။

ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များအား စိစစ်အသိအ မှတ်ပြုပေးရန်တာဝန်ရှိသော EMB ရုံးများတွင် ပိုင်းရပ်စ်ကူးစက်ခံရနိုင်ချေကိုလျှော့ချရန် မဲဆန္ဒရှင် အမည်စာရင်းမှတ်ပုံတင်ခြင်းနှင့် မဲရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များအတွက်ချဉ်းကပ်သည့် နည်းလမ်းများပေါင်းစပ်ခြင်းအားဖြင့် လုပ်ဆောင်ရန်လိုအပ်သည်။ ကိုယ်ရေးကိုယ်တာအချက်အ လက်များနှင့် ဓာတ်ပုံများအား ရယူရန်အတွက် ကွန်ပျူတာဖြင့်အသုံးပြုသော စိစစ်အတည်ပြုသည့် စနစ်ကို အသုံးပြုပါက နည်းပညာပိုင်းဆိုင်ရာစက်ပစ္စည်းများအားကိုင်တွယ်အသုံးပြုရန်အတွက် ရှေ့တွင်ဖော်ပြထားသည့် စံလုပ်ထုံးလုပ်နည်းများအတိုင်း စဉ်းစားသင့်သည်။ အသေးစိတ်အချက်အ လက်များအတွက် "မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်း" နှင့် "မဲရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း" တို့တွင် ကြည့်ပါ။ ထို့အပြင် စာရွက်စာတမ်းများဖလှယ်ခြင်း၊ ဖောင်ပုံစံများလက်မှတ်ရေးထိုးခြင်းနှင့် ဘုံအသုံးပြုသော ထိတွေ့ကိုင်တွယ်သော အဆောက်အဦအသုံးအဆောင် နေရာဧရိယာများနှင့် မျက်နှာပြင်များကို ပိုးသတ်ခြင်းတို့ကို စိစစ်အတည်ပြုသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်ဆောင်ရွက်သင့်သည်။ ဖြစ်နိုင်ပါက EMB သည် စိစစ်အတည်ပြုရန်လူကိုယ်တိုင် လာရောက်ရသည့် လိုအပ်ချက်အားလျှော့ချရန်အတွက် အွန်လိုင်းမှတဆင့်စိစစ်အတည်ပြုခြင်းကို မိတ်ဆက်သင့်၊ ချဲ့ထွင်လုပ်ဆောင်သင့်သည်။ EMB များသည် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်းအတွက် လမ်းညွှန်ချက်များတွင် ယင်းအများပြည်သူ ကျန်းမာရေးစဉ်းစားချက်များကို ပေါင်းစပ်ထည့်သွင်းသင့်သည်။

## အဆင့် ၂ – ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲနှောင်းပိုင်း လုပ်ငန်းစဉ်များ

### မဲရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များ

ရွေးကောက်ပွဲနေ့တွင် မဲထည့်သည့်ဖြစ်စဉ်သည် လူအများစုံစုဝေးပြီး တစ်ဦးနှင့်တစ်ဦး ထိတွေ့ပြောဆိုသည့်ဖြစ်စဉ်ဖြစ်ပြီး ရောဂါပိုးကူးစက်ပျံ့ပွားနိုင်ချေအမြင့်မားဆုံးအချိန်ဖြစ်သည်။ လူအများစုအနေဖြင့် လုပ်ငန်းစဉ်အား ပိုမိုနီးကပ်စွာနှင့် ယေဘုယျအားဖြင့် လုပ်ထုံးလုပ်နည်းသင့်တော်မှုများ၊ သမာသမတ်ရှိမှုနှင့် ရွေးကောက်ပွဲ၏ အကျုံးဝင်ယုံကြည်နိုင်မှု အပါအဝင် ၎င်းတို့၏ရှုထောင့်များမှ ပါဝင်ကြုံတွေ့နိုင်သည်မှာလည်း ရွေးကောက်ပွဲနေ့ပင်ဖြစ်သည်။ ကံကောင်းစွာဖြင့် EMB များအနေ ဖြင့် ထိန်းချုပ်မှုအများစုံလုပ်နိုင်သည့်နေရာမှာ မဲရုံဖြစ်ပြီး မဲရုံတစ်ခုချင်းစီကို လုံးဝသုညနီးပါး ကူး စက်နိုင်ချေမရှိသည့်အနေအထားမျိုးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်။ မည်သည့် မဲဆန္ဒရှင် သို့မဟုတ် မဲရုံအလုပ်သမားများမျှ COVID-19 ရောဂါလက္ခဏာများကိုမခံစားရသော်လည်း ကူးစက်ခံထားရပါက ရောဂါလက္ခဏာ မပြပဲ အခြားသူများကို ရောဂါကူးစက်နိုင်ဆဲဖြစ်သည်။ ထို့ကြောင့် မဲရုံ အတွင်းမည်သူမဆိုကူးစက်ခံရနိုင်သကဲ့သို့ ကြိုတင်ကာကွယ်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်သည်။

#### မဲရုံတည်နေရာကို စဉ်းစားခြင်း

စဉ်းစားချက်တွင် ရာသီဥတုဆိုင်ရာရှုထောင့်များကိုထည့်သွင်းသည့်တိုင်အောင် (“ရွေးကောက်ပွဲနှင့် အရင်းအမြစ် အစီအစဉ်ရေးဆွဲခြင်း” အပိုင်းတွင်ကြည့်ပါ) ဆိုးရွားသောရာသီဥတုကြောင့် ရွေးကောက်ပွဲများအပေါ်သက်ရောက်မှု ရှိနိုင်ပြီး အဆောက်အဦအတွင်း လူများသိပ်သည်းစွာစုစည်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ရွေးကောက်ပွဲတာဝန်ရှိသူ များသည် မိုးရွာခြင်း၊ လျှပ်စီးလက်ခြင်းစသည့် ကိစ္စများတွင် လူများအဆောက်အဦအတွင်းဘေးကင်းစွာစုဝေးနိုင်ရန် အကျယ်အဝန်းလုံလောက်သည့် နေရာများကိုရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။ စံအားဖြင့် လေဝင်ပေါက်များရှိသည့် သို့မဟုတ် တံခါး ပြတင်းများစွာရှိပြီး သဘာဝလေဝင်လေထွက်ကောင်းသည့် အဆောက်အဦများဖြစ်သည်။ ဖြစ်နိုင်ပါ က ထိုင်ရန်နှင့် တန်းစီရန်စီစဉ်ထားချက်များသည် လေကြောင့်အမှုန်အမွှားများကို တစ်ဦးမှအခြား တစ်ဦးဆီသို့သယ်ဆောင် သွားခြင်းမှပဟန့်တားသည့် အနေအထားမျိုးဖြစ်သင့်သည်။ ယင်းနေရာများကိုအများပြည်သူအဆောက်အဦးများနှင့် အခြားအများပြည်သူနေရာများဖြစ်သင့်ပြီး ကြိုတင်ရှာဖွေ ဖော်ထုတ်သင့်ပါသည်။ မဲဆန္ဒရှင်များအား အဆောက်အဦး အဝင်၊ ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်း၊ လက်ဆေးခြင်းနှင့် အဆောက်အဦးမှထွက်ခွာခြင်းအတွက် လုပ်ထုံးလုပ်နည်းများ လိုက်နာအောင် ဆောင်ရွက်စဉ် ၎င်းတို့အား ယင်းစီစဉ်ထားသောနေရာများသို့သွားအောင် လမ်းညွှန်ပြသနိုင်ရန်အ တွက် ရွေးကောက်ပွဲတာဝန်ရှိသူများအနေဖြင့် ရွေးချယ်ထားသောအဆောက်အဦးများသည် ဝင်ထွက်သွားလာလွယ်ပြီး အရန်အစီအစဉ်များကိုလည်းသတိပြုထားရမည်ဖြစ်သည်။

သင့်တော်သောအရွယ်အစားရှိသည့် အဆောက်အဦးများရှာဖွေခြင်းအပြင် EMB များသည် မဲရုံများအနေဖြင့် ဘေးကင်းပြီး၊ ရယူလက်လှမ်းမီလွယ်သော၊ အန္တရာယ်ကျရောက်ခံရနိုင်သည့်အုပ်စုများ အတွက် အန္တရာယ်မြင့်တက်မှု များမဖြစ်စေသည့် နေရာများတွင်ရှိကြောင်းသေချာအောင်ဆောင် ရွက်ရမည်ဖြစ်ပါသည်။ ကလေးသူငယ်များသည် ရောဂါပိုမိုကူးစက်ခံရလွယ်လျှင်၊ ဥပမာ - မဲရုံများ ကို ကျောင်းများနှင့်အဝေးတွင်ထားရှိရမည်။ COVID-19 တွင်မူ အသက်ပိုကြီးသူများနှင့် ရောဂါအ ခံတစ်ခုခုရှိသူများကို ကူးစက်ခံရပြီးပိုမိုပြင်းထန်စွာဖျားနာမှုအန္တရာယ်မြင့်မား သည်ဖြစ်သဖြင့် EMB များသည် မဲရုံများကို ယင်းအန္တရာယ်ကျရောက်ခံရနိုင်သည့်အုပ်စုများစုဝေးရှိနေသည့် သို့မဟုတ် နေထိုင်သည့်နေရာများ၊ ဥပမာ - လူကြီးဂေဟာအဆောက်အဦးများနှင့် ဆေးရုံများစသည်တို့နှင့် ဝေးသည့်နေရာတွင် ထားရှိရန်စဉ်းစားသင့်သည်။ သို့သော်လည်း ယင်းပြောင်းလဲမှုများသည် မည်သည့်အခြေအနေမျိုးတွင်မျှ ယင်းအန္တရာယ် ကျရောက်ခံရနိုင်သည့်အုပ်စုများအား ပါဝင်လုပ်ဆောင်နိုင်ခြင်း မရှိအောင်ပြုလုပ်ခြင်းမျိုးမဖြစ်အောင် မှတ်သားထားရန် အရေးကြီးသည်။ EMB များသည် ၎င်းတို့ နိုင်ငံ၏ ဥပဒေရေးရာမူဘောင်အပေါ်မူတည်၍ အလိုအလျောက်ပျက်ကွက်သူ သို့မဟုတ် ယင်းမဲဆန္ဒ ရှင်များအတွက် စာဖြင့်ပေးပို့သည့် မဲစသည့် အခြားရွေးချယ်စရာနည်းလမ်းများ၊ ကြိုတင်မဲပေးခြင်း သို့မဟုတ် ယင်းမဲဆန္ဒရှင်များအတွက် တန်းစီစောင့်ရန်အချိန်ပေးရခြင်းနှင့် အခြားသူများနှင့်ထိတွေ့မိခြင်းတို့မှ ရှောင်ကြဉ်နိုင်ရန် ၎င်းတို့၏မဲထည့်ဝင်ရန် သီးခြားအချိန်သတ်မှတ်ပေးခြင်း စသည်တို့ကို စဉ်းစားသင့်သည်။

## မဲရုံအပြင်အဆင်အနေအထားအား စဉ်းစားခြင်း

မဲရုံတစ်ခုစီ၏ အပြင်အဆင်အနေအထားကိုလည်း ဂရုတစိုက်စီစဉ်ရမည်။ မဲရုံအလုပ်သမားများအတွက် စာပွဲခုံများနှင့် ထိုင်ခုံများကို လိုအပ်သည့်ရုပ်ပိုင်းဆိုင်ရာခွာနေရမည့်အကွာအဝေးအတိုင်းနေ ရာချထားပြီး တာဝန်ရှိသူများသည် မဲထည့်သည့်လုပ်ငန်းစဉ်တစ်ဆင့်စီတို့တွင် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ခြင်းကို ရှောင်ကြဉ်ရန်နှင့် စက်ပစ္စည်းကိရိယာ များအား ပိုးသတ်သန့်စင်ချိန်ရှိစေရန် ကြိုးကြပ်ကွပ်ကဲရမည်ဖြစ်သည်။ EMB များသည် မလိုအပ်ပဲအရာဝတ္ထုများကို ကိုင်တွယ်ခြင်းကိုဖြစ်ပေါ်စေ နိုင်သည့်အဆင့်များကိုပယ်ဖျက်ရန်လည်း စဉ်းစားသင့်သည်။ ဥပမာ - EMB များသည် တံခါးပေါက် ပိုနည်းသော အဆောက်အဦများတွင်လုပ်ဆောင်ခြင်း သို့မဟုတ် တံခါးလက်ကိုင်များ ထိတွေ့မိခြင်း မှ ရှောင်ကြဉ်ရန် အလိုအလျောက်တံခါးဖွင့်ပိတ်ပေးသော အဆောက်အဦးများတွင် မဲရုံထားရှိခင်း ကျင်းခြင်း၊ မဲဆန္ဒရှင်များမှ အဝတ်စများကို ထိတွေ့မိခြင်းမှ ရှောင်ကြဉ်ရန် ခန်းစည်းများဖြင့်ကာ ထားသောအခန်းငယ်များအစား အသေပြုလုပ်ထား သောအခန်းငယ်များကိုအသုံးပြုခြင်း စသည်။ တစ်ဦးထက်ပိုသည့်အများထိုင် ထိုင်ခုံများ ၊ အထူးသဖြင့် ခုံတန်းရှည်များနှင့် ဘေးချင်းကပ်လျက် ယှဉ်ထိုင်ခုံများတို့ကို ဖယ်ရှားပြီး မဲရုံသည် မလိုအပ်သောအရာဝတ္ထုများနှင့် မျက်နှာပြင်များ အနည်း နိုင်ဆုံးနည်းရမည်။ ဖြစ်နိုင်ပါက မဲရုံအလုပ်သမားများနှင့် မဲဆန္ဒရှင်များအကြား အကာအကွယ်ဖြစ်ရန်နှင့် တစ်ယောက်မှ အခြားတစ်ယောက်သို့ရောဂါပိုးအမှုန်အမွှားများကူးစက်ခြင်းမှကာကွယ်ရန် မဲပေးသည့်ခုံများတွင် မှန်အပျော့ သို့မဟုတ်

အခြားဖောက်ထွင်း မြင်နိုင်သည့် အကာအကွယ်များကို တပ်ဆင်သင့်သည်။ ယင်းအကာများကိုလည်း မကြာခဏ ပိုးသတ်သန့်စင်သင့်သည်။



*ယူကရိန်းနိုင်ငံတွင် မဲပေးရာ၌ လျှို့ဝှက်သိုသိပ်မှုရှိစေရန် ခန်းစည်းများတပ်ထားသော်လည်း COVID-19 ကပ်ရောဂါကဲ့သို့သောအခြေအနေမျိုးတွင် ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ပျံ့ပွားနိုင်ချေကို လျှော့ချရန်အတွက် ယင်းသို့ခန်းစည်းတပ်ခြင်းကို ရှောင်ကြဉ်သင့်သည်။*

## တန်းစီစောင့်ခြင်းအတွက်လုပ်ထုံးများ၊ အဝင်နှင့်အထွက်လုပ်ထုံးလုပ်နည်းများအား စဉ်းစားခြင်း

ရွေးကောက်ပွဲနေ့သည် လူအများဆုံးစုဝေးသည့်လုပ်ငန်းစဉ်ဖြစ်သဖြင့် ရောဂါကူးစက်နိုင်ချေအန္တရာယ်လည်း အမြင့်ဆုံး အချိန်ဖြစ်သည်။ လူမှုရေးအစုအဝေးများအားလုံးတွင် ရုပ်ပိုင်းဆိုင်ရာ ခပ်ခွာခွာနေရန် အထွေထွေစည်းမျဉ်းများကို လိုက်နာသင့်ပြီး၊ တစ်ချိန်တည်းမှာပင် အကွာအဝေးလုံလုံ လောက်လောက်ခြားနေကြောင်း တာဝန်ရှိသူများမှ စောင့်ကြည့်ကြီးကြပ်နိုင်ရန်အတွက် ရစ်ကြိုး၊ ကြိုးထုံးငယ်များ သို့မဟုတ် ဖဲကြိုးများကို ၆ ပေအကွာတွင်ချထားခြင်းစသည့် ရှေ့တွင်ဖော်ပြ ထားပြီးသော ရိုးရှင်းသည့်စနစ်များကိုအသုံးပြုပြီး ခပ်ခွာခွာရပ်ကြောင်းသေချာစေရန် ရွေးကောက် ပွဲ နေ့အတွက် အထူးပြဋ္ဌာန်းချက်များကိုလည်းထားရှိသင့်သည်။ ရစ်ကြိုးများအားထိမိခြင်းမှကာ ကွယ်ရန် လူတစ်ဦးစီ ရပ်သင့်သည့်အကွာအဝေးကို ကြမ်းပြင်ပေါ်တွင် တိပ်ဖြင့်အမှတ်အသားပြုလုပ် ခြင်းသည် ပိုမိုကောင်းမွန်ကြောင်း အကြံပြုပါသည်။ တန်းစီစောင့်ရန်လိုအပ်သည့်အခြေအနေတိုင်းတွင် ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်း၊ ရောဂါပိုးကူးစက် နိုင်သည့်ပုံစံများစသည်ကိုအသားပေးသည့် ပညာပေးပိုစတာများဖော်ပြသင့်ပြီး မဲရုံဝန်ထမ်းများအနေဖြင့် တန်းစီ စောင့် သည့် လိုင်းများတွင်ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေရမည့် လမ်းညွှန်ချက်များအားလိုက်နာလုပ်ဆောင်အောင် ဆောင်ရွက်သင့် သည်။

မဲပေးသည့်ဖြစ်စဉ်တွင် တစ်ဦးနှင့်တစ်ဦးထိတွေ့မိနိုင်ချေကိုလျှော့ချရန်အတွက် EMB များသည် မဲဆ န္ဒရှင်များအတွက် လုပ်ငန်းစဉ်စလယ်ဆုံး လျှောက်လှမ်း၊လုပ်ဆောင်ရမည့် လမ်းများကိုတည့်မတ် အောင်ညွှန်ပြသည့် လုပ်ထုံးလုပ်နည်း များဖော်ဆောင်သင့်သည်။ COVID-19 ကာကွယ်ရန်အတွက်မူ ယင်းလုပ်ထုံးလုပ်နည်းများတွင် အဝင်ဝတွင် လက်ဆေးခြင်းနှင့် မဲမပေးမီလက်ဆေးခြင်းအပြင် တိုးမြင့်ကာကွယ်ရေးအတွက် အထွက်တွင်လည်းလက်ဆေးခြင်း စသည့် လုပ်ထုံးလုပ်နည်းများပါဝင်သင့်သည်။ မဲဆန္ဒရှင်များသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများ ပျံ့ပွား ခြင်းကို လျှော့ချရန်အတွက် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ၎င်းတို့၏ ပါးစပ်များနှင့်နှာခေါင်းများကို ဖုံး အုပ်ထားရန် အတွက် နှာခေါင်းစည်းမျက်နှာဖုံးများကိုဝတ်ဆင်ထားရန် တိုက်တွန်းသည်။ ပညာရှင် များအသုံးပြုသည့် နှာခေါင်းစည်း များပစ္စည်းပြတ်တောက်နေသော်လည်း မဲဆန္ဒရှင်များအနေဖြင့် အိမ်တွင် သိပ်သည်းထူထပ်သောဂွမ်းသားများဖြစ်သည့် ပိုးသား သို့မဟုတ် ပိုးလွှာများဖြင့် ချုပ်လုပ် ထားသော ရိုးရှင်းသည့် အဝတ်စနှာခေါင်းစည်းမျက်နှာဖုံးများကိုလည်း အသုံးပြုနိုင်သည်။

မဲပေးရန် အိမ်မှထွက်ခွာနိုင်သည့် COVID-19 ဓါတ်ခွဲအတည်ပြုတွေ့ရှိထားသူများကိုလည်း သတ် မှတ်ထားသောမဲရုံများ၊ တန်းစီသည့်လိုင်းများ၊ အခန်းငယ်များအားအသုံးပြုရန် သို့မဟုတ် အခြား ကျန်းမာသူများနှင့်ထိတွေ့မိခြင်းမှရှောင်ကြဉ်ရန်

အထူးသတ်မှတ်ပေးထားသောအချိန်တွင်မဲရုံသို့ လာရောက်ရန် ညွှန်ကြားထားသင့်သည်။ ယင်းမဲရုံများတွင်တာဝန်ကျသည့် မဲရုံဝန်ထမ်းများကိုလည်း ထပ်လောင်းဖြည့်စွက်သည့် စွန့်ပစ်နိုင်သောဝတ်စုံများ၊ ဆေးဘက်ဆိုင်ရာသုံး မျက်နှာကာများစသည့် PPE အပိုများဖြင့် ထောက်ပံ့ပေးသင့်သည်။ EMB များသည် မဲရုံဝန်ထမ်းများအနေဖြင့် ယင်းတာဝန်နေရာများကိုလက်ခံရန် အဆင်ပြေကြောင်းသေချာအောင်မေးမြန်းဆောင်ရွက်ရန်လိုအပ်ပြီး ၎င်းတို့ကို အကျိုးခံစားခွင့်ပိုပေးရန်လည်း စဉ်းစားသင့်သည်။

EMB များသည် အန္တရာယ်ကျရောက်ခံရနိုင်သောမဲဆန္ဒရှင်များအနေဖြင့် အများပြည်သူကြားထဲတွင် နေရသည့်အချိန် ပမာဏလျော့ကျစေရန်အတွက် ၎င်းတို့၏ဆန္ဒမဲထည့်ဝင်ရန် သီးသန့်အချိန်သတ်မှတ်ပေးခြင်း သို့မဟုတ် ယင်းပုဂ္ဂိုလ်များ အတွက် သီးသန့် တန်းစီစောင့်သည့် လိုင်းများထားရှိပေး ခြင်း စသည်တို့ကို စဉ်းစားသင့်သည်။

## မဲဆန္ဒရှင်စစ်ဆေးအတည်ပြုခြင်းနှင့် မဲထည့်ခြင်းအား စဉ်းစားခြင်း

မတူသောနိုင်ငံများတွင် မတူညီသော မဲဆန္ဒရှင်စစ်ဆေးအတည်ပြုသည့်နည်းလမ်းများနှင့် မတူညီ သော မဲထည့်နည်းများရှိကြသည်။ မဲဆန္ဒရှင်စစ်ဆေးအတည်ပြုသည့်နည်းလမ်းများတွင် ဥပမာအားဖြင့် လက်ဗွေရာဖတ်ခြင်း၊ မှတ်ပုံတင်အထောက်အထားပြရခြင်း သို့မဟုတ် မဲဆန္ဒရှင်စာရင်းလက်မှတ်ရေးထိုးရခြင်းစသည်တို့ပါဝင်သည်။ မဲထည့်ရာတွင် မဲပြားစာရွက်များအားအမှတ်အသားပြုခြင်း သို့မဟုတ် လျှပ်စစ်အခြေပြုပုံစံများ (electronic machine) စသည်တို့ဖြင့်ထည့်နိုင်သည်။ ယင်းလုပ်ဆောင်ချက်အားလုံးနီးပါးတို့တွင် အရာဝတ္ထုများထိတွေ့ရန်နှင့် ကိုင်တွယ်ရန် လိုအပ်သည်။ မျက်နှာပြင်များထိတွေ့ကိုင်တွယ်မှုကိုကာကွယ်သည့်အခြားဆောင်ရွက်ချက်နည်းလမ်းအားလုံး ကဲ့ သို့ပင် မဲဆန္ဒရှင်စစ်ဆေး အတည်ပြုခြင်းနှင့် မဲထည့်ခြင်းလုပ်ငန်းစဉ်များအတွက် အန္တရာယ် လျော့ချရေးအကြံပြုချက်များသည် ပိုရှိသူများမှ အခြားသူများကိုင်တွယ်ရန်လိုအပ်သည့် အရာဝတ္ထု ပစ္စည်းများအားပိုးမွှားမကပ်တွယ်စေကြောင်း သို့မဟုတ် ပိုးမွှားကပ်တွယ်နေသောအရာဝတ္ထုများအား အခြားသူများမကိုင်မီ သန့်စင်အောင်ပိုးသတ်ဆေးကြောထားကြောင်း သေချာစေပြီး ထိတွေ့ကိုင်တွယ်ရန်လိုအပ်မှုကို လျှော့ချသည့်ပုံဖြစ်အောင် သတ်မှတ်ဖော်ဆောင်ထားသည်။

ဥပမာအားဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်စစ်ဆေးရန်အတွက်မှု မဲဆန္ဒရှင်တစ်ဦးစီတို့မှ သူ သို့မဟုတ် သူမ၏ စာရွက်စာတမ်း အထောက်အထားများအား မဲရုံခုံပေါ် သန့်ရှင်းသောနေရာတစ်ခုတွင်ထားရှိပေး ပြီး လိုအပ်သောအကွာအဝေးတစ်ခုသို့ ပြန်သွားကာ မဲရုံဝန်ထမ်းများမှ အဆိုပါခုံအနီးချဉ်းကပ်၍ စာရွက်စာတမ်းများကို မထိတွေ့ပဲ မဲဆန္ဒရှင်၏အမည်၊ ဓာတ်ပုံနှင့် လက်မှတ်များကိုစစ်ဆေးနိုင်သည့် လုပ်ထုံးလုပ်နည်းများဖော်ဆောင်ခြင်းအားဖြင့် မလိုအပ်ပဲထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်စေနိုင်သည်။ မဲဆန္ဒရှင်အမည်စာရင်းမှတ်ပုံတင်ခြင်းလက်မှတ်ထိုးရန် သို့မဟုတ် မဲပြားများကိုအမှတ်အ သားပြုရန် လိုအပ်ပါက EMB များသည် တစ်ခါသုံးစွန့်ပစ်နိုင်သောဘောပင်များထောက်ပံ့ပေးခြင်း၊ မဲဆန္ဒရှင်များအား ၎င်းတို့၏ ကိုယ်ပိုင်ဘောပင်များကို အိမ်မှယူဆောင်လာရန်တိုက်တွန်းခြင်း သို့မဟုတ် အချိန်ပိုကုန်သော်လည်း တစ်ယောက်အသုံးပြုပြီးတိုင်း ဘောပင်များကို ပိုးသတ်သန့်ရှင်းခြင်း တို့ကိုပြုလုပ်နိုင်သည်။ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းကို ပိုးကပ်တွယ်အောင်၊ ညစ်ညမ်းအောင်မလုပ်မိစေရန်အတွက် လုပ်ထုံးလုပ်နည်းအတိုင်းမသွားမီ လက်ဆေးရန်ကိုလည်း အကြံပြုပါသည်။ မဲဆန္ဒရှင်များသည်လည်း မဲစာရွက်များပျက်စီးခြင်းမရှိစေရန်အတွက် လက်ကိုခြောက်အောင် စောင့်ဆိုင်းသင့်သည်။

ဇီဝအခြေပြုစကန်ဖတ်သည့်ပစ္စည်းအများစုနှင့် လျှပ်စစ်အခြေပြုမဲပေးသည့်စက်ပစ္စည်းများ (Biometric scanners and electronic voting machines) သည် မဲဆန္ဒရှင်များအနေဖြင့် စကရင်/ဖန်သားမျက်နှာပြင်ကို ထိတွေ့ရန် လိုအပ်စေသည်။ ဇီဝဖွဲ့စည်းမှုအခြေပြု မဲဆန္ဒရှင်အမည် စာရင်းမှတ်ပုံတင်ခြင်း (Biometric voter registration devices) အတွက်ပေးထား သောအကြံပြု ချက်အတိုင်းပင် EMB များသည် ထုတ်လုပ်သူများကို ချိတ်ဆက်ပြီး ၎င်းထုတ်ကုန်ပစ္စည်းများအား မည်သို့ အသုံးပြုရမည်နှင့် ပျက်စီးမှုတစ်စုံတစ်ရာ မရှိစေဘဲ မည်သို့ပိုးသတ်သန့်စင်ရမည် ဟူသည့် အသေးစိတ်လမ်းညွှန်ချက်များ ကိုရယူရမည်။ ထိတွေ့မှုကင်းမဲ့သော လက်ဗွေရာဖတ်သည့်နည်းပညာနှင့် မျက်နှာဖတ်သည့် စက်ပစ္စည်းများသည် မျက်နှာပြင်များမှကူးစက်ခြင်းကို တပါတည်းလျှော့ချပေးနိုင်သည်ဖြစ်သဖြင့် ရရှိနိုင်ပါက ပိုကောင်းသော ရွေးချယ်မှုဖြစ်သည်။ လျှပ်စစ်အခြေပြုမဲပေးသည့်စက်ပစ္စည်းများသည် (Electronic voting machines) လည်း မဲဆန္ဒရှင်များအနေဖြင့် ဖန်သားမျက်နှာပြင်/စကရင်များ သို့မဟုတ် ခလုတ်များကိုထိတွေ့ရန် လိုအပ်စေသဖြင့် EMB များအနေဖြင့် ယင်းစက်ပစ္စည်းများကို ပျက်စီးမှုမရှိစေပဲ မည်သို့ပိုးသတ်သန့်စင်ရမည်ကို လေ့လာခြင်း သို့မဟုတ် ယင်းမျက်နှာပြင်များနှင့် တိုက်ရိုက်ထိတွေ့မှုကိုရှောင်ကြဉ်နိုင်ရန် တစ်ခါသုံးစွန့်ပစ်နိုင်သည့် အကာအကွယ်အလွှာကိုအသုံးပြုရန် သို့မဟုတ် အခြားဖောက်ထွင်း မြင်နိုင်သောပစ္စည်းကိုအသုံးပြုခြင်းကို လုပ်ဆောင်ရမည်။




*ပျက်မလွယ်မှင်သည်ကို မဲရုံဝန်ထမ်းများ သို့မဟုတ် မဲဆန္ဒရှင်များမှ တိုက်ရိုက်တို့နိုင်သည်။လူတစ်ဦးနှင့်တစ်ဦးထိတွေ့ရန် လိုအပ်မှုကိုလျှော့ချသည့် မှင်ကိုယ်တိုင်တို့ခြင်းကိုပိုမိုနှစ်လိုဖွယ်ရှိသည်။*

နောက်ဆုံးအနေဖြင့် မဲထည့်သည့် မဲဆန္ဒရှင်များအားအမှတ်အသားပြုလုပ်ရန် ပျက်မလွယ်မှင်ကိုအသုံးပြုလျှင် EMB များအနေဖြင့် မဲဆန္ဒရှင်များအား ၎င်းတို့၏လက်များကို အကြံပြုထားသောနည်း လမ်းများအနက်မှတစ်နည်းနည်းဖြင့် လက်ကိုသန့်ရှင်းအောင်ဆေးကြောကာ ၎င်းတို့၏လက်ချောင်းများနှင့် လက်သည်းများပေါ်တွင် မှင်မတို့မီ အလျဉ်းခြောက်သွေ့သွားအောင်ပြုလုပ်ရန် တိုက်တွန်းသင့်သည်။ ပိုမိုကောင်းမွန်သောရလဒ်များ ရရှိရန်အတွက် မဲဆန္ဒရှင်များသည် ၎င်းတို့ကိုလက်ကိုထပ်မံမဆေးကြောမီ မှင်ကိုခြောက်သွေ့သွားအောင်စောင့်ဆိုင်းသင့်သည်။ ဖြစ်နိုင်ပါက မဲရုံဝန်ထမ်းများနှင့် မဲဆန္ဒရှင်များအကြားထိတွေ့ရန် လိုအပ်မှုကိုလျှော့ချရန် EMB များသည် မိမိကိုယ်ကိုအသုံးပြုရန် ယူလာခဲ့သော ပုလင်းများရှိ မှင်ပစ္စည်းများကို စဉ်းစားသင့် သည်။[၄၀]



*နီပေါနိုင်ငံတွင် အမျိုးသမီး တစ်ဦးသည် မဲထည့်ရန်အခြားသူ၏ အကူအညီကိုရရှိသည်။ အထောက်အကူဖြင့်မဲပေးခြင်း တွင် ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်းကို အမြဲလိုက်နာရန်မဖြစ်နိုင်ပဲ PPE များ ဝတ်ဆင်ရန်အကြံပြုပါသည်။*

## အထောက်အကူဖြင့်မဲပေးခြင်းအား စဉ်းစားချက်များ

အချို့မဲဆန္ဒရှင်များ၊ အထူးသဖြင့် မသန်စွမ်းသူများသည် မဲထည့်ရန်အတွက် အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ၎င်းတို့ကို ကူညီပေးမည့်အခြားသူ တစ်ဦးကိုလိုအပ်နိုင်သည်။ မသန်စွမ်းသူမဲဆ န္ဒရှင်များအား ကိုယ့်အားကိုယ်ကိုးပြီး လျှို့ဝှက်စွာမဲပေးနိုင်အောင်ကူညီနိုင်ရန် နားကြပ်များ၊ မျက်မမြင်သင်္ကေတ/ အထိအတွေ့ဖြင့်ဖတ်နိုင်သော မဲထည့်နည်း လမ်းညွှန်ချက်များ သို့မဟုတ် အခြားအထောက်အကူပြုပစ္စည်းများကိုအသုံးပြုသည်ဖြစ်ပါက ယင်းပစ္စည်း သို့မဟုတ် ကိရိယာများကို မဲဆန္ဒရှင်တစ်ဦးသုံးပြီးတိုင်း စနစ်တကျပိုးသတ်သန့်စင်သင့်သည်။ အခြားတစ်ဦးတစ်ယောက်၏အကူအညီကိုတောင်းခံလာပါကလိုအပ်သောအကွာ အဝေးအတိုင်းခပ်ခွာခွာနေခြင်းကို လိုက်နာရန်မဖြစ်နိုင်ဘဲ အထောက်အကူ

ပြုပေးသူနှင့် မဲဆန္ဒရှင်နှစ်ဦးလုံးသည် မျက်နှာဖုံးများ သို့မဟုတ် အကာအကွယ်များစသည့် PPE များကို ဝတ်ဆင်ခြင်းနှင့် မဲမထည့်မီနှင့် မဲထည့်ပြီးလက်များကို သန့်စင်အောင် ဆေးကြောခြင်းတို့ကို လုပ်ဆောင်သင့်သည်။

## အိမ်သာအဆောက်အဦးနေရာများအား စဉ်းစားခြင်း

တစ်ကိုယ်ရည်အသုံးပြုသည့်နေရာများတွင် အပြုအမူများအားကြီးကြပ်ကွပ်ကဲရန်ခက်ခဲပြီး ယင်း နေရာများသည် ခန္ဓာကိုယ်မှထွက်သောအရည်များ ကူးစက်ဖလှယ်နိုင်သည့်နေရာဖြစ်သဖြင့်၊ လူအများစုဝေးသည့်အခါတွင် ယင်းသို့သော ရေအိမ်သို့မဟုတ် အိမ်သာအဆောက်အဦးနေရာများနှင့် ပတ်သက်၍ အထူးစိန်ခေါ်မှုရှိသည်။ နေထိုင်မကောင်းသူများအနေဖြင့်လည်း ချောင်းဆိုးရန်အတွက် ယင်းနေရာများသို့သွားရောက်နိုင်ချေရှိသည်။ ပိုမိုလွယ်ကူစွာ ရယူလက်လှမ်းမှီနိုင်စွာ လက်ဆေးကြောနိုင်စေရန်နှင့် အိမ်သာများအတွင်းစုဝေးခြင်းများကို ဟန့်တားရန်၊ အိမ်သာနေရာများအားလုံး၏ အပြင်တွင် ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောပါဝင်သည့်အရည်များဖြင့် လက်ဆေးသည့်စင်များထားရှိပေးပြီး ရယူလက်လှမ်းမှီနိုင်ရေးလိုအပ်ချက်များကို လိုက်နာသင့်သည်။ ယဉ်ကျေးမှုအလိုက် အမျိုးသမီးမဲဆန္ဒရှင်များအား ခြိမ်းခြောက်မှုများမှရှောင်ကြဉ်နိုင်ရန် ယင်းလက်ဆေးသည့် စင်နေရာများကို ကျား/မ ဂျန်ဒါ အလိုက်သီးသန့်ထားရှိနိုင်သည်။ ဖြစ်နိုင်ပါက ကျား/မ ဂျန်ဒါကန့်သတ်မထားသော အိမ်သာများကိုလည်းထားရှိပေးသင့်သည်။ လက်ကို နှံ့စပ်စင်ကြယ်အောင်မည်သို့ဆေးကြောရမည့်အကြောင်း လမ်းညွှန်ချက်များနှင့် သတိပေးချက်များပါသည့် ပိုစတာများကိုလည်း ယင်းလက်ဆေးစင်များတွင် ခင်းကျင်းပြသထားသင့်သည်။

## မဲရုံများလုံခြုံရေးအား စဉ်းစားခြင်း

နိုင်ငံအမြောက်အများတို့သည် ရွေးကောက်ပွဲကာလများတွင် ငြိမ်းချမ်းရေးနှင့် နိုင်ငံသားပီသစွာစနစ် ကျမှုရှိစေရေးအတွက် လုံခြုံရေးအင်အားများကို အသုံးပြုနေပြီးဖြစ်သည်။ အများပြည်သူကျန်းမာ ရေးအကြပ်အတည်းကာလများတွင် မဲဆန္ဒရှင်များကြုံတွေ့ရသောတင်းမာမှုများနှင့် စိုးရိမ်ကြောက် ရွံ့မှုများသည် ယင်းလုံခြုံရေးအဖွဲ့များ၏ အလုပ်ကို ပိုမိုရှုပ်ထွေးစေပြီး ပဋိပက္ခများကိုဖြစ်ပေါ်စေနိုင် သည်။ မည်သည့်တစ်သီးပုဂ္ဂလမဆိုကျန်းမာရေး အန္တရာယ်ပြုနိုင်သည်ဟူသည့်အမြင်ကြောင့် တင်း မာမှုကိုဖြစ်ပေါ်စေနိုင်ပြီး EMB များအနေဖြင့် မဲဆန္ဒရှင်များနှင့် ရွေးကောက်ခံကိုယ်စားလှယ်လောင်းများမှ ၎င်းတင်းမာမှုများအား အမြတ်ထုတ်ခြင်းကိုဟန့်တားရန် ကြိုတင်ကာကွယ်ရမည်ဖြစ်သည်။ လုံခြုံရေးအဖွဲ့များသည် ပြဋ္ဌာန်းထားသော အန္တရာယ်လျှော့ချရေးဆောင်ရွက် ချက်များအားလုံးနှင့် ၎င်းဆောင်ရွက်ချက်များအား ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ချိုးဖောက်သူများအား ကျန်းမာရေးအန္တရာယ်မကျရောက်စေပဲ မည်သို့လိုက်နာအောင်လုပ်ဆောင်မည်စသည့်အကြောင်းအရာများဆိုင်ရာအထူးသင်တန်းများရရှိထားရမည်ဖြစ်သည်။ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်း သို့မဟုတ် အခြားစည်းမျဉ်းစည်းကမ်းများကိုလိုက်နာအောင်ပြုလုပ်ရာတွင် လုံခြုံရေးအဖွဲ့ များအနေဖြင့် လိုသည်ထက်အားပိုမသုံး သင့်ပါ။

## စွန့်ပစ်ပစ္စည်းများအား စဉ်းစားခြင်း

ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများ အပါအဝင် စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ခြင်းမှတဆင့် COVID-19 ရောဂါပိုးကူးစက်ခံရကြောင်းယနေ့တိုင်တွေ့ရှိချက်များမရှိသော်လည်းလူများ၊အရာဝတ္ထုမျက်နှာပြင်များ၊ဆေးကြောသန့်စင်ရန်အသုံးပြုသည့် ပစ္စည်းများနှင့် သန့်စင်မရသည့် တခါသုံး အရာဝတ္ထုများ (ဥပမာ - တစ်ခါသုံးဘောပင် များ၊ အကာအကွယ်အလွှာများ) စသည့် အထောက်အကူပြုပစ္စည်းများအားလုံးကို ရောဂါကူးစက်နိုင်သော မျက်နှာပြင်များအဖြစ်သတ်မှတ်သင့်ပြီး သင့် တော်သော ထည့်စရာများနှင့် အိတ်များဖြင့် စနစ်တကျစုဆောင်းသင့်သည်။[၄၁] ရောဂါပိုးရှိနိုင်သည့် မည်သည့်စွန့်ပစ်ပစ္စည်းမဆို စွန့်ပစ်ခြင်းကို နိုင်ငံ၏ ကျန်းမာရေးအာဏာပိုင်များ၏လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သင့်သည်။ ရွေးကောက်ပွဲများအတွင်းတွင် စက္ကူစ/တစ်ရှူးများ၊ ပိုးသတ်အဝတ်စများ၊ လက်အိတ်များ၊ နှာခေါင်းစည်းမျက်နှာဖုံးများ၊ တစ်ခါသုံးစွန့်ပစ်နိုင်သည့်ဘောပင်များ၊ အကာအကွယ်ပြုအလွှာများအစ များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ထည့်စရာ သို့မဟုတ် အိတ်များအ တွင်းသို့စနစ်တကျထည့်ပြီး စွန့်ပစ်သင့်သည်။ အနီးဆုံး ကျန်းမာရေးအဆောက်အဦ၊ ရောဂါပိုးရှိ စွန့်ပစ်ပစ္စည်းများဆိုင်ရာအဆောက်အဦး သို့မဟုတ် အခြားကိုင်တွယ်ရေးဌာနများသို့ လွှဲပို့ရန် စွန့်ပစ်ပစ္စည်းများကို စုဆောင်းသည့် မဲရုံအလုပ်သမားများနှင့် သန့်ရှင်းရေး

အလုပ်သမားများသည်လည်း ထူထပ်သောလက်အိတ်များနှင့် နှာခေါင်းစည်းမျက်နှာဖုံးများကို ဝတ်ဆင်သင့်သည်။ ယင်းလုပ်ငန်း စဉ်နှင့်ပတ်သက်ပြီး ဒေသတွင်းကျန်းမာရေးအာဏာပိုင်များမှ တိုက်ရိုက်လမ်းညွှန်ချက်ပေးသင့် သည်။

### မဲပေးသည့်ရက်တိုးချဲ့ခြင်းအား စဉ်းစားခြင်း

ဤစာတမ်း၏အစောပိုင်းတွင် ဖော်ပြထားသကဲ့သို့ မဲရုံများတွင် တန်းစီစောင့်ခြင်းနှင့် အခြားလုပ်ထုံး လုပ်နည်းများသည် လူပုဂ္ဂိုလ်များအားတစ်ဦးနှင့်တစ်ဦး သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများအား တိုက်ရိုက်ထိတွေ့နိုင်ချေအန္တရာယ်ကိုမြင့်မားစေသည်။ လူဦးအရေအတွက် လျော့နည်းပါက ယင်းလုပ်ထုံးလုပ်နည်းများဆောင်ရွက်စဉ် ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေအောင်စီမံခန့်ခွဲရန်ပိုမိုလွယ်ကူသော်လည်း မဲဆန္ဒရှင်များအားလုံး ပါဝင်ခွင့်ရှိရမည်ဖြစ်သည်။ ဥပဒေအရပြဋ္ဌာန်း ချက်များအရခွင့်ပြုထားပါက EMB များသည် မဲရုံတွင်တစ်ရက်တာမဲပေးသည့် မဲဆန္ဒရှင်အရေအတွက်ပေါင်းလျော့နည်းသွားအောင် မဲပေးသည့်ကာလကို တိုးချဲ့ရန်စဉ်းစားနိုင်သည်။ နေ့စဉ်လာထည့်နိုင်သော မဲဆန္ဒရှင်အရေအတွက်ညီမျှမှုရှိစေရန်အတွက် EMB အနေဖြင့် မဲပေးသူများအား ဥပမာအားဖြင့် အမည်အက္ခရာ သို့မဟုတ် နေရပ်လိပ်စာအလိုက် ရက်ခွဲခြားသတ်မှတ်ပေးနိုင်သည်။

> “လူဦးအရေအတွက် လျော့နည်းပါက ယင်းလုပ်ထုံးလုပ်နည်းများဆောင်ရွက်စဉ် ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေအောင်စီမံ ခန့်ခွဲရန်ပိုမိုလွယ်ကူသော်လည်း မဲဆန္ဒရှင်များအားလုံး ပါဝင်ခွင့်ရှိရမည်ဖြစ်သည်။”

### စာဖြင့်ပေးပို့မဲထည့်ခြင်း၊ စာချန်မဲထည့်ခြင်းနှင့် ပျက်ကွက်မဲထည့်ခြင်းကို စဉ်းစားခြင်း

ဥပဒေမူဘောင်များအရခွင့်ပြုထားသော နိုင်ငံများတွင် မဲပေးစဉ် တန်းစီစောင့်ခြင်းနှင့် ရောဂါကူးစက်ခြင်းကို ဟန့်တားရန် နည်းတစ်မျိုးမှာ မဲဆန္ဒရှင်များအား မဲပြားများကို စာဖြင့်ပေးပို့ခြင်း သို့မဟုတ် လမ်းဘေးမဲပုံးများတွင်ထည့်ချန်ထားခဲ့ခြင်းကို ခွင့်ပြုခြင်းဖြစ်သည်။ ဤနည်းလမ်းအသုံးပြုလျှင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ ရောဂါကူးစက်ခံရနိုင်ချေနည်းပါးသွားသော်လည်း EMB များအနေဖြင့် အချို့သောအပိုင်းများကို စဉ်းစားရန်လိုအပ်သေးသည်။ ဥပမာအားဖြင့် ဗိုင်းရပ်စ် များနှင့် အခြား pathogen များသည် မတူညီသောမျက်နှာပြင်များပေါ်တွင် အချိန်အတိုင်းအတာတစ် ခုအထိ ရှိနေနိုင်သဖြင့် မဲပြားများ သို့မဟုတ် စာအိတ်များတွင် ၎င်းပိုးမွှားများရှင်သန်နေနိုင်ပြီး မဲဆန္ဒရှင်များနှင့် လက်ခံပြီး လုပ်ဆောင်သော မဲရုံအလုပ်သမားများအား ရောဂါကူးစက်နိုင်သည်။ ကိုရိုနာဗိုင်းရပ်စ်နှင့်စပ်လျဉ်း၍မူ မကြာသေးခင်က လေ့လာတွေ့ရှိချက်အရ ဗိုင်းရပ်စ်ပိုးသည် စာရွက်စက္ကူပေါ်တွင် ၃ နာရီမှ ၅ ရက်အချိန်အထိရှင်သန်နိုင်သည် ဟုဆိုသော်လည်း ရက်ပိုင်းကြာပြီးဆက်လက် ကျန်ရှိနေသေးသည်ဆိုလျှင်လည်း နဂိုဗိုင်းရပ်စ်ပိုးမွှားဇီဝပစ္စည်း၏ ၀.၁ % သော pathogen ပမာဏ သာဆက်လက်အသက်ဝင်ကျန်ရှိနေမည်ဖြစ်သည်။[၄၂] ကြိုတင်ကာကွယ်ဆောင်ရွက်ချက် အနေဖြင့် မဲဆန္ဒရှင်များသည် မဲပြားများနှင့် စာအိတ်များအားကိုင်တွယ်ပြီး ၎င်းတို့၏လက်ကိုသန့်ရှင်းစင်ကြယ် အောင်ဆေးကြောသင့်ပြီး လျှာဖြင့်လျက်၍ ပိတ်သည့်စာအိတ်အစား အလိုအလျောက်ချိတ်ပိတ် သောစာအိတ် သို့မဟုတ် စာအိတ်ကပ်ခွါလုပ်နိုင်အောင် စိုစွတ်သောရေမြှုပ်ဖြင့်တို့ခြင်း စသည်တို့ ကို ပြုလုပ်သင့်သည်။ ထို့အပြင် ၎င်းတို့အနေဖြင့် ပစ္စည်းများအား မကိုင်တွယ်မီအချိန် ၅ ရက်ကြာ ထား ထားခြင်းကိုလည်းပြုလုပ်နိုင်သည်။

## မဲရေတွက်ခြင်းနှင့် ရလဒ်များစီမံခန့်ခွဲခြင်း

### မဲရုံများ၌ မဲရေတွက်ရာတွင် မဲပြားများနှင့် တာလီချိုးသည့်စာရွက်များအားကိုင်တွယ်ခြင်းကို စဉ်းစားခြင်း

နိုင်ငံအမြောက်အများတွင် ရွေးကောက်ပွဲရလဒ်လုပ်ငန်းစဉ်၏အဓိကအပိုင်းသည် မဲရုံများတွင် မဲရုံဝန်ထမ်းများမှ စက္ကူမဲပြားများအား လက်ဖြင့်ရေတွက်ခြင်းမှအစရှိသည်။ ထို့နောက်တွင် မဲရုံ တစ်ရုံချင်းစီမှ ရလဒ်အဖြေလွှာများကို များသောအားဖြင့် မဲဆန္ဒနယ်အဆင့်တွင်စုဆောင်းပြီး ရလဒ်များကိုပြန်ကြားရေးအရာရှိမှကြေညာသည်။ အခြားနိုင်ငံများမှာ မဲရုံများတွင် မဲအရေအတွက်များ ကို အလိုအလျောက်တွက်ချက်ကာ ရလဒ်များကို စိစစ်ရန်နှင့်စုဆောင်းရန် ဗဟိုဌာနသို့ ထုတ်လွှင့်ပေးသည့် တိုက်ရိုက်မှတ်တမ်းသွင်းသော လျှပ်စစ်အခြေပြုမဲရေတွက်သည့် စက်ပစ္စည်းများကို အသုံးပြုသည်။ အချို့ဖြစ်စဉ်များတွင်မူ မဲဆန္ဒရှင်များသည် ၎င်းတို့ရွေးချယ်မှုကို မဲပြားပေါ်တွင် အ မှတ်အသားပြုလုပ်ထားသည်ကို စကန်ဖတ်ပြီး ရေတွက်သည်။

မဲရုံဝန်ထမ်းများသည် မဲပြားများကို မဲရုံများတွင်ရေတွက်ပါက ၎င်းတို့ဘေးကင်းစေရန်အတွက် ဘုံလုပ်ငန်းစဉ်အတွင်း အချို့လုပ်ထုံးများချိန်ညှိဖြည့်စွက်ပြင်ဆင်ချက်များပြုလုပ်သင့်သည်။ စဉ်း စားနိုင်သည့်တစ်ချက်မှာ စိစစ်သူများအကြား မဲများကို ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေပြီး ရေတွက်ရန်အတွက်လိုအပ်သော ခုံနေရာအကွာအဝေးဖြစ်သည်။ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာစောင့်ကြည့်သူများသည်လည်း ရလဒ်လုပ်ငန်းစဉ်၏ ပဓါနကျသော၌အပိုင်းတွင် ၎င်းတို့၏အခန်း ကဏ္ဍကို ထဲထဲဝင်ဝင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် မဲပြားတစ်ခုချင်းစီကို သက်ဆိုင်ရာရေတွက်ပြီးအ ပုံထဲသို့မထည့်မီ ၎င်းတို့အား ထိတွေ့ခွင့်မပေးပဲပြသသင့်သည်။ ၎င်းသည်ပွင့်လင်းမြင်သာမှုတိုးပွား စေသော်လည်း မဲရေတွက်ခြင်းကို နှောင့်နှေးစေမည်။ မဲပြားများအားလုံးကိုရေတွက်ပြီး၊ မဲရုံအတွက် ရလဒ်ကိုသတ်မှတ်ပြီးပါက တာလီချိုးထားသည့်အဖြေလွှာကို တာဝန်ရှိသူများ၊ အသင်းအဖွဲ့ကိုယ် စားလှယ်များနှင့် စောင့်ကြည့်လေ့လာသူများမှ လက်မှတ်ရေးထိုးရန်လိုအပ်သည်။ လက်မှတ်ရေးထိုး သူတစ်ဦးချင်းစီတို့သည် ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေပြီး တစ်ကြိမ်လျှင်တစ်ယောက်နှုန်းဖြင့် သူ သို့မဟုတ် သူမ၏ ကိုယ်ပိုင်ဘောပင်များကိုအသုံးပြု၍ လက်မှတ်ရေးထိုးသင့်သည်။

## မဲပြားများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာပစ္စည်းများအားသယ်ယူပို့ဆောင်ခြင်းကို စဉ်းစားခြင်း

ရလဒ်အဖြေလွှာများ၊ မဲဆန္ဒရှင်စာရင်းများနှင့် မဲပြားများသည့် ထိရှလွယ်သော ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းများကို မဲရုံမှ ဗဟိုဌာနသို့ စုပေါင်းရန်နှင့် ရလဒ်ကြေညာရန်အတွက် သယ်ယူပို့ဆောင်သည်။ ယင်းပစ္စည်းများကို ပလပ်စတစ် သက်သေခံပစ္စည်းထည့်အိတ်များနှင့် ချိတ်ပိတ်ထားသော မဲပုံးများ ထဲတွင်ထည့်ပြီး သယ်ယူရွှေ့ပြောင်းလေ့ရှိသည်။ သယ်ယူပို့ဆောင်စဉ် ယင်းပစ္စည်းများကို မဲရုံဝန် ထမ်း၊ လေ့လာစောင့်ကြည့်သူများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ရဲများမှလိုက်ပါလေ့ရှိသည်။ ထိရှလွယ်သောယင်းရွေးကောက်ပွဲဆိုင်ရာပစ္စည်းများအားယာဉ်များတွင်သယ်ယူရွှေ့ပြောင်း စဉ် ရောဂါကူးစက်ပျံ့ပွားမှုကိုလျှော့ချရန် လူပုဂ္ဂိုလ်များအားလုံး နှာခေါင်းစည်းမျက်နှာဖုံးများကို ဝတ် ဆင်ထားသင့်သည်။ ဖြစ်နိုင်ပါက EMB သည် ပစ္စည်းများအားသယ်ယူပို့ဆောင်ခြင်းကို လေ့လာ စောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များက အဝေးမှလေ့လာစောင့်ကြည့်နိုင်ရန်အတွက် ကင်မရာများနှင့် GPS ထောက်လှမ်းရေးကိရိယာများ စသည့် စောင့်ကြည့်ရေးကိရိယာများကို တပ်ဆင်ရန် စဉ်းစားသင့်သည်။

## ရလဒ်များစုပေါင်းခြင်းလုပ်ငန်းစဉ်နှင့် အဆောက်အဦးနေရာများကို စဉ်းစားခြင်း

ရလဒ်များစုပေါင်းရန်အတွက်သတ်မှတ်ထားသော ဗဟိုဌာနတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း များအတွက် မဲရုံအမြောက်အများတို့မှ ရွေးကောက်ပွဲပစ္စည်းများအား၊ လက်ခံ၊ စိစစ်၊ စုပေါင်း ပြီး သိမ်းဆည်းရန်အတွက် ဝန်ထမ်းအင်အားအမြောက်အများလိုအပ်လေ့ရှိသည်။ လုံခြုံရေးတာဝန်ရှိသူ အမြောက်အများလည်းတစ်ခါတစ်ရံ ရှိနိုင်သည်။ ယေဘုယျအားဖြင့် ရလဒ်များစီမံခန့်ခွဲသည့် လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေရန် အရေးကြီးသည်။ မဲရုံအဖွဲ့သားများအနေဖြင့် ၎င်းတို့၏ပစ္စည်းများကို ကောက်ယူလက်ခံသူစာရေးထံသို့ လွှဲပြောင်းရာတွင် မပြီးမြောက်သည့်ဝန် များကိုကိုင်တွယ်ရခြင်းနှင့် ကြုံတွေ့ရသဖြင့် တန်းစီစောင့်ရခြင်းကိုဖြစ်ပေါ်စေသည်။ ပစ္စည်းများကို စစ်ဆေးပြီးသည်နှင့်ဝန်ထမ်းသည်၎င်းတို့ကိုစိစစ်သူများထံသို့လွှဲပြောင်းပြီး၊ပစ္စည်းအားလုံးအားရေတွက်စစ်ဆေးပြီးလျှင် ပစ္စည်းများကို အမှန်တကယ်စုပေါင်းရေတွက်ခြင်းမစတင်မီ ယာယီသို လှောင်သိမ်းဆည်းထားသည်။ ရလဒ်များကို နောက်ဆုံးတွင် ပေါင်းစုပြီး အတည်ပြုပြီးလျှင် ရလဒ် ဖောင်များကို လက်မှတ်ရေးထိုး၊ စကန်ဖတ်ပြီး EMB ရုံးချုပ်များသို့ ပေးပို့သည်။ အချို့ဖြစ်စဉ်များတွင် ရလဒ်များပေါင်းစည်းခြင်းအတွက် အွန်လိုင်းစနစ်ကိုအသုံးပြုသည်။ ယင်းလုပ်ငန်းစဉ်များတစ်ခုစီတို့တွင် စက္ကူဖောင်စာရွက်အများအပြားတို့ကို ကြည့်ရှုသုံးသပ်ရန်နှင့် လက်မျတ်ရေးထိုးရန် လွှဲပြောင်းပေးရခြင်းများပါဝင်ပြီး ဒေတာအချက်အလက်ဖြည့်သွင်းခြင်းအတွက် ကွန်ပျူတာများအသုံးပြုခြင်း၊ ရလဒ်များထုတ်လွှင့်ပေးပို့ရန် စကန်ဖတ်စက်များအသုံးပြုရခြင်း၊ တိုးတက်ပြောင်းလဲမှုရ လဒ်များအား လေ့လာစောင့်ကြည့်သူများနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များအတွက် ပြသရန် ပရိုဂျက်တာများစသည်တို့ကိုအသုံးပြုရခြင်းများပါဝင်သည်။ ရုပ်ပိုင်းဆိုင်ရာခပ်ခွာခွာနေခြင်း၊ လက်နှင့် စက်ပစ္စည်းများ သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်းနှင့် PPE ဝတ်ဆင်ခြင်းအတွက် ရှေ့အပိုင်း တွင်ဖော်ပြခဲ့သော စံအကြံပြုချက်များကိုလိုက်နာသင့်သည်။

## လေ့လာစောင့်ကြည့်ခြင်းနှင့် အရည်အသွေးစိစစ်ကွပ်ကဲခြင်း

EMB ၏ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်သည့် လုပ်ငန်းစဉ်များသည် ယင်းအန္တရာယ်လျှော့ချ ရေး နည်းလမ်းများအားမည်မျှအတိုင်းအတာအထိ အကောင်အထည်ဖော်သည်ဟူသည့်အပေါ် အသားပေးသင့်သည်။ ဖြစ်စဉ်ရပ်အလိုက် လေ့လာစောင့်ကြည့်သည့် တိုက်ဆိုင်စစ်ဆေးစာရင်းကိုဖော် ဆောင်ပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲတာဝန်ရှိသူများမှ အထူးသဖြင့် ရွေးကောက်ပွဲနေ့တွင် စစ်ဆေးဖြည့်စွက်သင့်သည်။ ဖြစ်နိုင်ပါက တိုက်ဆိုင်စစ်ဆေးသည့်စာရင်းတွင်မှတ်တမ်းတင်ထားသော ဒေတာအချက်အလက်များကို ပိုမိုအကြီးတန်းကျသည့် ကြီးကြပ်ရေးမှူးများမှ ရုတ်တရက်စစ်ဆေး ခြင်းအားဖြင့် အတည်ပြုသင့်သည်။ ထိုနည်းအားဖြင့် လိုက်နာခြင်းကို စနစ်တကျစောင့်ကြည့်လေ့ လာနိုင်ပြီး စနစ်အတွင်း ယိုင်နဲ့မှုများကို ရှာဖွေဖော်ထုတ်ရန် ဒေတာအချက်အလက်များကို ဗဟိုအ ဆင့်တွင်စုဆောင်းနိုင်ပြီး အနာဂတ်တွင်ပြုလုပ်မည့် အခမ်းအနားအကြီးများအတွက် သင်ခန်းစာများ ရယူနိုင်မည်။ အန္တရာယ်လျှော့ချရေးနည်းလမ်းများအကောင်အထည်ဖော်ခြင်းကြောင့် ရလဒ်အဖြစ် COVID-19 ရောဂါပိုးတွေ့ရှိမှု အသစ်ပေါင်းမည်မျှတို့ကို ရှောင်ကြဉ်လိုက်နိုင်သည်ကို တိတိကျကျသက်သေပြ ရန်မဖြစ်နိုင်သော်လည်း ရွေးကောက်ပွဲအခမ်းအနားများ၏ ၁၄ ရက်အတွင်း ပိုးတွေ့ရှိသည့်အတည် ပြုအမှုပေါင်း သာမန် သို့မဟုတ် နိမ့်ကျသွားသည့် ဇယားပုံက ၎င်းလုပ်ဆောင်ချက်များသည် ကူး စက်ပျံ့ပွားမှုနှုန်းတဟုန်ထိုးမြင့်တက်မှုကိုမဖြစ်ပေါ်စေခဲ့ကြောင်း ပြသနိုင်မည်။

# မှီငြမ်းမှတ်စုတိုများ


၁။ ရွေးကောက်ပွဲများအပေါ် COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာ့နှစ်တစ်ဝှမ်းသက်ရောက်မှုများ (၂၀၂၀ ခုနှစ်၊ မတ်လ ၂၀)။ https://www.ifes.org/publications/global-impact-covid-19-elections မှ ကောက်နုတ်ထားသည်။

၂။ Buril, F. Darnolf, S. မဲလာထည့်သူနည်းပါးခြင်း၊ စိုးရိမ်ကြောက်ရွံ့မှု၊ မှားယွင်းသောသတင်းအ ချက်အလက်နှင့် ပစ္စည်းထောက်ပံ့မှုကွင်းဆက်ပြတ်တောက်ပျက်စီးခြင်း – ရွေးကောက်ပွဲကော်မရှင် များသည် COVID-19 အတွက် အဆင်သင့် မည်သို့ပြင်ဆင်ထားမှုမရှိခြင်း (၂၀၂၀ ခုနှစ်၊ မတ်လ ၂၇)။ https://www.ifes.org/news/low-voter-turnouts-feara-disinformation-aand-disrupted-supply-chains မှ ကောက်နှုတ်ထားသည်။

၃။ Keilman, J. (၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၃)၊ "ချီကာဂိုရှိ မဲရုံအလုပ်သမားများ COVID-19 ကြောင့်သေ ဆုံးခဲ့ကာ အချို့မှာ ကူးစက်ခံရကြောင်းဓါတ်ခွဲအတည်ပြုတွေ့ရှိခဲ့ပြီးနောက်၊ မဲရုံများတွင် မဲဆန္ဒရှင် များသည်လည်း ရောဂါကူးစက်ခံရနိုင်ချေ ရှိကြောင်း မြို့တော်မှသတိပေးကြေညာခဲ့သည် https://www.chicagotribune.com/coronavirus/ct-chicago-poll-worker-dies-covid-cornavirus-20200413-rz-55vqpo6jfbxn7e4i6vkj6n2y-story.html မှထုတ်နှုတ်ထားသည်။

၄။ COVID-19 ရောဂါဖြစ်ပွားစေသောရောဂါပိုးမွှား၏ကူးစက်သည့်ပုံစံ - IPC ကြိုတင်ကာကွယ်ရေး အကြံပြုချက်များ လုပ်ဆောင်ခြင်း။ (n.d) ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ https://www.who.int/news-room/commentaries/detail/modes-of-transmission-of-virus-causing-covid-19-implications-for-ipc-precaution-recommendations မှထုတ်နှုတ်ထားသည်။

၅။ ကိုရိုနာဗိုင်းရပ်စ်ပိုးမည်သို့ကူးစက်ပျံ့ပွားသည် (၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၃)။ အမေရိကန် - ရောဂါဘယထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ။ https://www.cdc.gov/coronavirus/2019-ncov/prevent-getting-sick/how-covid-spreads.html မှကောက်နှုတ်ထားသည်။

၆။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ - အရေးပေါ်အခြေအနေ (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၇)၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့။ https://www.who.int/hac/about/definitions/en/ ကောက်နှုတ်ထားသည်။

၇။ Rosenthal U, Charles MT, & 't Hart, p. (Eds). (1989) အကြပ်အတည်းများအားဖြေရှင်းခြင်း - ဘေးအန္တရာယ်များ၊ ဆူပူအုံကြွမှုများနှင့် အကြမ်းဖက်မှုများ။ Springfield – Charles C. Thomas.

၈။ Marisam, J (2010)၊ ၁၉၁၈ ရွေးကောက်ပွဲအား အကဲဖြတ်ခြင်း။ ရွေးကောက်ပွဲဥပဒေဂျာနယ် အမှတ် ၉(၂)၊ စာမျက်နှာ ၁၄၁ - ၁၅၂။

၉။ Banbury, Aaa. (၂၀၂၀ ခုနှစ်၊ ဧပြီ ၈)၊ သဘောထားများ - ရွေးကောက်ပွဲများနှင့် COVID-19 - အီဘိုလာမှရခဲ့သောသင်ခန်းစာများ။ https://www.devex.com/news/opinion-elections-and-covid-19-what-we-learned-from-ebo- la-96903 မှကောက်နှုတ်ထားသည်။

၁၀။ Delury, J (၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၆)။ ကမ္ဘာ့ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်အကြား ရွေးကောက်ပွဲ ကျင်းပမှုဖြင့် ဒီမိုကရေစီအနိုင်ရခဲ့ပုံ။ https://www.nytimes.com/2020/04/16 /opinion/south-korea-election-coronavirus.html မှကောက်နုတ်ထားသည်။

၁၁။ Talor, D.B. (၂၀၂၀ ခုနှစ်၊ ဧပြီ ၂၈)။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မည်သို့ဖြစ်လာခဲ့သည် : Timeline. The New York Times / https://www.nytimes.com/article/coronavirus-timeline.html မှကောက်နုတ်ထား သည်။

၁၂။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှ ၂၀၂၀ ခုနှစ် မတ်လ ၁၁ တွင်ပြုလုပ်သော COVID-19 သတင်းစာရှင်းလင်းပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားခြင်း (n.d). https://www.who.int/dg/speeches/ detail/who-director-general-s-opening-remarks-at-the-media-briefing-on-covid-19---11-march-2020 မှကောက်နုတ်ထားသည်။

၁၃။ ကိုရိုနာဗိုင်းရပ်စ်ဟူသည်အဘယ်နည်း။ သီရိလင်္ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ https://www.who.int/ docs/default-source/inaugural-who-partners-forum/coronavirus-poster-english-srilanka.pdf?sfvrsn=289d- edc3_0 မှကောက်နုတ်ထားသည်။

၁၄ ကိုရိုဗိုင်းရပ်စ်၏ရောဂါလက္ခဏာများ (၂၀၂၀ ခုနှစ်၊ မတ်လ ၂၀)။ US. CDC https://www.cdc.gov/corona-virus/2019-ncov/symptoms-testing/symptoms.html မှကောက်နုတ်ထား သည်။

၁၅။ Huang, P. (၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၃)။ COVID-19 ၏ တိတ်တဆိတ်ရောဂါဖြန့်သူများအ ကြောင်း ကျွန်ုပ်တို့ဘာသိထားလဲ။ NPR ။ https://www.npr.org/sections/goatsandsoda/2020/04/13/831883560/can-a-coronavirus-patient-who-isnt-showing-symptoms-infect-others မှကောက်နုတ် ထား သည်။

၁၆။ Mandavilly, A. (၂၀၂၀ ခုနှစ်၊ ဧပြီ ၂၀)၊ ကူးစက်ခံရပေမယ့် နေထိုင်ကောင်းဆဲ - မသိပဲကိုရိုနာ ဗိုင်းရပ်စ် ရောဂါဖြန့်သူများ။ The New York Times ။ https://www.nytimes.com/2020/03/31/health /coronavirus-asymptomat- ic-transmission.html မှကောက်နုတ်ထားသည်။

၁၇။ Columbia Health, & Columbia Health (၂၀၂၀ ခုနှစ်၊ မတ်လ ၂၆)၊ COVID-19 (ကိုရိုနာဗိုင်း ရပ်စ်အသစ်) - အမေးအများဆုံးမေးခွန်းများ။ https://preparedness.columbia.edu/news/2019-novel-coronavirus-frequent-ly-asked-questions မှကောက်နုတ်ထားသည်။

၁၈။ ကိုရိုနာဗိုင်းရပ်စ်၏ ရောဂါလက္ခဏာများ (၂၀၂၀ ခုနှစ်၊ မတ်လ ၂၀)။ https://www.cdc.gov/ coronavirus/2019-ncov/symptoms-testing/symptoms.html မှကောက်နုတ်ထားသည်။

၁၉။ COVID-19 ရောဂါကိုဖြစ်ပေါ်စေသည့် ဗိုင်းရပ်စ်၏ ကူးစက်ပျံ့နှံ့ပုံများ ၊ IPC ကြိုတင်ကာကွယ်မှု အကြံပြုချက်များအားဖော်ပြခြင်း (n.d)။ WHO ။ https://www.who.int/news-room/commentaries/detail/modes-of-transmis-sion-of-virus-causing-covid-19-implications-for-ipc-precaution-recommendations မှကောက်နုတ်ထားသည်။

၂၀။ ကိုရိုနာဗိုင်းရပ်စ်မည်သို့ကူးစက်ပျံ့ပွားသည် (၂၀၂၀ ခုနှစ်၊ ဧပြီ ၂၃)။ US. CDC ။ https:// www.cdc.gov/coronavi-rus/2019-ncov/prevent-getting-sick/how-covid-spreads.html မှ ကောက်နုတ်ထားသည်။

၂၁။ Kaampf G, Todt D, Pfaender S, Steinmann E. တို့ထံမှသတင်းအချက်အလက်များအရ သက်မဲ့အရာဝတ္ထုပစ္စည်းမျက်နှာပြင်များပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်များ၏တာရှည်ခံနိုင်မှုနှင့် ဇီဝဓါတ်များ သေဆုံးခြင်း။ J Hosp Infect. ၂၀၂၀-၁၀၄(၃)-စာမျက်နှာ ၂၄၆-၂၅၁။ doi:10.1016 /j.jhin.2020.01.022။ ဗိုင်းရပ်စ်၏ရှင်သန်နိုင်စွမ်းကိုအခန်းအပူချိန် (၂၀-၂၂ဒီဂရီဆဲလ်စီးယပ်စ် သို့မဟုတ် ၆၈-၇၂ဒီဂရီဖာရင်ဟိုက်) တို့တွင်တိုင်းတာထားခြင်းဖြစ်သည်။

၂၂။ အများပြည်သူအတွက်အကြံပြုချက် (n.d)၊ WHO။ https://www.who.int/emergencies/ diseases/novel-coro-navirus-2019/advice-for-public မှကောက်နုတ်ထားသည်။

၂၃။ နေ့စဉ်လူမှုဘဝတွင်ခပ်ခွာခွာနေခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းနှင့် သီးသန့်စောင့်ကြည့်ခြင်း (၂၀၂၀ ခုနှစ်၊ ဧပြီလ ၄)။ US. CDC။ https://www.cdc.gov/coronavirus/2019-ncov/prevent-getting-sick/social-distancing.html မှကောက်နုတ်ထားသည်။

၂၄။ Bourouiba, L. (2020)။ တုန်ခါသော အငွေ့အစိုင်များနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ pathogen ထုတ်လွှတ်မှုများ - COVID-19 ကူးစက်ပျံ့ပွားမှုကိုလျှော့ချရန်အတွက် ဖြစ်နိုင်သည့် လုပ်ဆောင်ချက်များ။ Jama.

၂၅။ အသက်ရှူလမ်းကြောင်းဆိုင်ရာပိုးမွှားကင်းစင်မှု/ချောင်းဆိုစဉ်လိုက်နာရမည့်ကျင့်ဝတ်များအကြောင်း အမေးများသည့်မေးခွန်းများ။ ဗာဂျီးနီးယား ကျန်းမာရေးဌာန။ https://www.vdh.virginia.gov/content/uploads/sites/3/2016/01/RespiratoryHygiene- CoughEtiquette_FAQ.pdf မှ ကောက်နုတ်ထား သည်။

၂၆။ COVID-19 ကူးစက်ပျံ့ပွားမှုကိုဆန့်ကျင်ရန် လိုက်နာရမည့် လက်သန့်စင်အောင်ထားရှိရေး ကြားဖြတ်အကြံပြုချက်များ (n.d)။ WHO။ https://www.who.int/who-documents-detail/interim-recommendations-on-obligato- ry-hand-hygiene-against-transmission-of-covid-19 မှကောက်နုတ်သည်။

၂၇။ Filovirus ရောဂါလျင်မြန်စွာကူးစက်ပျံ့ပွားမှုကို တုံ့ပြန်ဆောင်ရွက်ချက်တွင် ကျန်းမာရေးစောင့် ရှောက်မှုအပိုင်း၊ လက်သန့်ရှင်းစင်ကြယ်အောင်ထားခြင်း (၂၀၂၀ ခုနှစ်၊ မတ်လ ၁၂)။ WHO ။ https://www.who.int/csr/resources/publications/ebola/hand-hygiene/en/ မှ ကောက်နုတ်ထားသည်။

၂၈။ စာရင်း N : SARS-CoV-2 အားဆန့်ကျင်ရန်အသုံးပြုနိုင်သည့်ပိုးသတ်ဆေးများ (၂၀၂၀ ခုနှစ်၊ ဧပြီ လ ၂၄)။ https://www.epa.gov/pesticide-registration/list-n-disinfectants-use-against-sars-cov-2 မှကောက်နုတ်ထားသည်။

၂၉ Chan, K.H., Peiris, J.S., Lam, S. Y., Poon, L. L. M., Yuen, K. Y., & Seto, W. H. (၂၀၁၁ ခုနှစ်)၊ SARS ကိုရိုနာဗိုင်းရပ်စ်ရှင်သန်နိုင်မှုအပေါ်အပူချိန်နှင့် စိုထိုင်းဆတို့၏ သက်ရောက်မှုများ၊ Advances in virology, 2011။

၃၀။ ရွေးကောက်ပွဲဆိုင်းငံ့ခြင်း၏ ဥပဒေပိုင်းဆိုင်ရာရှုထောင့်ကို ဤ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဆိုင်းငံ့ခြင်း သို့မဟုတ် ပြုပြင်ခြင်းအတွက် ဥပဒေပိုင်းဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းပုံဆိုင်ရာ စဉ်းစားချက်များ၊ ထုတ်ဝေစဉ်၏ လာမည့်စာတမ်း တွင်ဆွေးနွေးတင်ပြထားသည်။

၃၁။ Ellena, K. ရွေးကောက်ပွဲများအားဆိုင်းငံ့ခြင်း သို့မဟုတ် ပြုပြင်ခြင်းအတွက် တရားဥပဒေပိုင်း ဆိုင်ရာ ရှုပ်ထွေးမှု (၂၀၂၀ ခုနှစ်၊ ဧပြီ ၁၄)၊ IFES ။ https://www.ifes.org/news/legal-quagmire-postponing-or-modifying-elections မှကောက်နှုတ်ထားသည်။

၃၂။ Lipsitch, M. (၂၀၂၀ ခုနှစ်)၊ SARS-CoV-2 ၏ ရာသီပေါ်ဖြစ်ပွားမှု - COVID-19 သည် ပိုမိုပူနွေး သော ရာသီဥတုတွင်ပျောက်ကွယ်သွားမည်လား။ ကူးစက်မြန်ကပ်အသွင်ရောဂါအခြေအနေရပ်များ ဆိုင်ရင်တာ Center for Communicable Disease Dynamics။ https://ccdd.hsph.harvard.edu/will-covid-19- go-away-on-its-own-in-warmer-weather/ မှကောက်နှုတ်ထားသည်။

၃၃။ COVID-19 ပိုင်းရပ်စ်ဖြင့် လူများကိုကူးစက်စေသည့် COVID-19 ရောဂါအတွက် တစ်ကမ္ဘာလုံး ဆိုင်ရာ စောင့်ကြည့်လေ့လာခြင်း - ကြားဖြတ်လမ်းညွှန်ချက် (၂၀၂၀ ခုနှစ်၊ မတ်လ ၂၀)။ WHO ။ မှ https://apps.who.int/iris/bitstream/handle/10665/331506/WHO-2019- nCoV-SurveillanceGuidance-2020.6-eng.pdf မှကောက်နှုတ်ထားသည်။

၃၄။ Palca, J. (၂၀၂၀ ခုနှစ်၊ မတ်လ ၆)။ ကိုရိုနာပိုင်းရပ်ဆန့်ကျင်တိုက်ဖျက်ရန်အတွက် အသက်ရှူ ပစ္စည်းများသည် အဓိကကျသော်လည်း ၎င်းတို့ကို နည်းလမ်းမှန်ကန်စွာဝတ်ဆင်ရမည်။ NPR ။ https://www.npr.org/2020/03/06/812789168/respirators-key-to-coronavirus-battle-but-they-must-be-worn-correctly မှကောက်နှုတ်ထားသည်။

၃၅။ ကူးစက်ပျံ့ပွားမှုနှေးကွေးစေရန်အတွက် မျက်နှာကိုဖုံးအုပ်သည့်အဝတ်များကိုအသုံးပြုပါ။ (၂၀၂၀ ခုနှစ်၊ ဧပြီ ၁၃)။ U.S CDC ။ https:// www.cdc.gov/coronavirus/2019-ncov/prevent-getting-sick/diy-cloth-face-coverings.html မှကောက်နှုတ်ထားသည်။

၃၆။ Groth, L., & Groth, L. (၂၀၂၀ ခုနှစ်၊ ဧပြီ ၈)၊ သင့်လက်အိတ်များသည် သင့်အား ဈေးဝယ်သည့် ဆိုင်များတွင် ကိုရိုနာပိုင်းရပ်စ်များမှ ကာကွယ်ပေးရန်အထောက်အကူအမှန်တကယ်ပြုနိုင်ချေမရှိ။ https://www.health.com/condition/infectious-diseases/coronavirus/should-you-wear-gloves-to-the-grocery-store မှကောက်နှုတ်ထားသည်။

၃၇။ Steussy, L., & Weiss, S. (၂၀၂၀ ခုနှစ်၊ ဧပြီ ၂၂)။ ဈေးဝယ်သည့်ဆိုင်များတွင် လက်အိတ်ဝတ်ဆင်ခြင်းဖြင့် ကိုရိုနာပိုင်းရပ်စ်ကိုအဘယ်ကြောင့်မဟန့်တားနိုင်သနည်း။ https://nypost.com/2020/04/22/why-wearing-gloves-to-the-grocery-store-isnt-fighting- coronavirus/ မှကောက်နှုတ်ထား သည်။

၃၈။ Rauhala, E. (၂၀၂၀ ခုနှစ်၊ မတ်လ ၁၄)။ အချို့နိုင်ငံများသည် ကိုရိုနာပိုင်းရပ်စ်ရှိမရှိစစ်ဆေးရန် အပူချိန်တိုင်းခြင်းကိုအသုံးပြုသည်။ အချို့မှမသုံးပါ။ အဘယ်ကြောင့်ဆိုသည်မှာ ဤသည်ကြောင့် ဖြစ်သည်။ The Washington Post ။ https://www.washingtonpost.com/world/coronavi- rus-temperature-screening/2020/03/14/24185be0-6563-11ea-912d-d98032ec8e25_story.html မှကောက်နှုတ်ထားသည်။

၃၉။ Saey, T.H. (၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၆)။ COVID-19 သည် ရောဂါလက္ခဏာမပြခင် တစ်ရက် မှ နှစ်ရက်အချိန်တို့တွင် အကူးစက်အပျံ့နှံ့လွယ်ဆုံးဖြစ်နိုင်သည်။ https://www.sciencenews.org/article/ coronavirus-covid-19-infection-conta-gious-days-before-symptoms-appear မှကောက်နှုတ်ထားသည်။

၄၀။ ဓာတ်ပုံအပြင်၊ ရွေးကောက်ခံယှဉ်ပြိုင်သူမှတ်ပုံတင်လျှောက်ထားရာတွင် ပါတီအသင်းအဖွဲ့များ နှင့် ဆက်ဆံရေး၊ လက္ခဏာများနှင့် သက်သေခံလက်မှတ်အထောက်အထားများနှင့်၊ ရွေးကောက်ခံ ယှဉ်ပြိုင်ခြင်း အစကြေးငွေ တို့ကိုပေးရန်လည်းလိုအပ်သည်။

၄၁။ COVID-19 နှင့် မှားယွင်းသောသတင်းအချက်အလက် မဲဆွယ်စည်းရုံးခြင်းအကြားဆက်နွယ်မှု အား ဘက်စုံခြုံငုံအောင် သုံးသပ်ဆန်းစစ်ချက်ကို လာမည့် စာစဉ်တွဲတွင်ဖော်ပြမည်။

၄၂။ Neibaum, K., Cunningham-Sabo, L., & Bellows, L. (၂၀၁၅ ခုနှစ်)၊ ကျန်းမာရေးအသိသညာ တွင် အကောင်းဆုံးအလေ့အထများကိုအသုံးပြုပြီး ထိရောက်သော အသိပညာပေးသင်ထောက်ကူ များဖော်ဆောင်ခြင်း။ Journal of Extension 53(4)၊ n4.

၄၃။ အမျိုးသား ရွေးကောက်ပွဲဆိုင်ရာ အမည်စာရင်းကို မည်သို့ဖန်တီးသည်။ (n.d). International IDEA။ https://ww.idea.int/data-tools/question-view/735 မှ ကောက်နုတ်ထားသည်။

၄၄။ မှတ်ပုံတင်အထောက်အထားများသည်ရိုးရှင်းသောစက္ကူအခြေပြုစာအုပ်ငယ်၊ထိတွေ့မှုအေးသောကဒ်လောင်းထားသည့် ယာယီမှတ်ပုံတင်ကဒ်များနှင့် polyvinyl chloride ပေါင်းစပ်ထားသည့် ပလပ်စတစ်အမျိုးအစားဖြင့် ပြုလုပ်ထားသော သမာရိုးကျပျော့ပြောင်းသည့်ပစ္စည်း စသည်တို့အပါ အဝင် အမျိုးမျိုးသောဒီဇိုင်းပုံစံနှင့် ပစ္စည်း အမျိုးအစားတို့ဖြင့်လာသည်။ အချို့သောနေရာများ၊ ဥပမာ – ဇင်ဘာဘွေနိုင်ငံတွင် မှတ်ပုံတင်များကို သတ္တုမှတစ်ဆင့် ပြုလုပ်သည်။

၄၅။ မဲပေးသည့်ပစ္စည်းများနှင့် အခြားရွေးကောက်ပွဲနည်းပညာများ သန့်ရှင်းခြင်းအပေါ် ရောင်းချသူနှင့် ထုတ်လုပ်သူများ ထံမှ လမ်းညွှန်ချက်များ – အမေရိကန် ရွေးကောက်ပွဲအထောက်အကူပြုကော်မရှင် (n.d.)။ https://ww.eac.gov/election-officials/ven-dor-and-manufacturer-guidance-cleaning-voting-machines-and-other-election မှ ကောက်နုတ်ထားသည်။

၄၆။ Behrens, C.; Rouan, R. (၂၀၂၀ ခုနှစ်၊ မတ်လ ၁၂)။ အိုဟိုင်းယိုးရွေးကောက်ပွဲဘုတ်အဖွဲ့များ သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေသဖြင့် မဲရုံအလုပ်သမားများ အသည်းအသန်လိုက်ရှာနေ။ The Columbus Dispatch။ https://www.dispatch.com/news/20200312/ohio-elections-boards-frantically-seeking-poll-workers-due-to-coronavirus-outbreak မှ ကောက်နုတ်ထားသည်။

၄၇။ ဝက်ဘ်ဆိုက်အခြေပြု စိစစ်အသိအမှတ်ပြုသည့်လုပ်ငန်းစဉ်အတွက် ၂၀၁၉ ခုနှစ် အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ရွေးကောက်တင်မြှောက်ခြင်း (၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၉ တွင် ရယူထား)

၄၈။ ပျက်မလွယ်မှင်ကိုအသုံးပြုရာတွင် အန္တရာယ်လျှော့ချခြင်းဆိုင်ရာအသေးစိတ်အချက်အလက် များကို IFES ၏ "ရွေးကောက်ပွဲများတွင် ပျက်မလွယ်မှင် – ထိရောက်မှုရှိစေရန်ဆက်လက်ထိန်းသိမ်းပြီး COVID-19 ကူးစက်ပျံ့ပွားမှု အန္တရာယ်လျှော့ချခြင်း" တွင်ဖော်ပြထားပြီး https:// www.ifes.org/ news/indelible-ink-elections-mitigating-risks-covid-19-transmission-while-maintaining-effectiveness တွင်ရယူနိုင်သည်။

၄၉။ COVID-19 ဗိုင်းရပ်စ်အတွက် ရေ၊ ပိုးမွှားသန့်စင်ခြင်း၊ သန့်ရှင်းမှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု – ကြားဖြတ် လမ်းညွှန်ချက်၊ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၉။ (၁၉၇၀ ခုနှစ်၊ ဇန်နဝါရီ ၁)။ WHO ။ https://apps. who.int/iris/handle/10665/331499 မှ ကောက်နုတ်ထားသည်။

၅၀။ ကိုရိုနာဗိုင်းရပ်စ်သည် ကဒ်ထူစက္ကူနှင့် စက္ကူများပေါ်တွင် မည်မျှကြာကြာအသက်ရှင်နိုင်သ နည်း။ (၂၀၂၀ ခုနှစ်၊ ဧပြီ ၁၀)။ https://www.uprinting.com/blog/how-long-does-coronavirus-last-on-cardboard-and-paper/ မှ ကောက်နုတ်ထားသည်။

International Foundation
for Electoral Systems

IFES | 2011 Crystal Drive | 10th Floor | Arlington, VA 22202 | www.IFES.org